www.burmeseclassic.com

မောင်မျိုး
စီစဉ်သည်

# တာရာမင်းဝေ

လုံးချင်းဝတ္ထုရှည်



# စကားခုနစ်ကြိမ်ကြာခဲ့ပြီးသည့်နောက်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၈၈/ ၂၀၀၁ (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၇၇၆ / ၂၀၀၃ (၇)

ထုတ်ဝေသူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၃ ခုနှစ် စက်တင်ဘာလ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



စာရွက်တစ်ရွက်ကို ဆုတ်ဖြဲလိုက်တော့
ဒီဇင်ဘာကိုပဲတွေ့တယ်။

နှင်းတွေ ...
နှင်းတွေ ...
မြေပြင်ပေါ်ကိုလှလှလေးယက်ခွန်ဆင်းနေလိုက်ကြတာ...
ကြောက်မက်ဖွယ်တစ်ရိုတစ်ခုတနေ
ထွက်ပြေးလွတ်မြောက်ဖို့ကြိုးစားနေကြသလိုမျိုး။

ပျံလွှားငှက်တွေလည်း
အုပ်ဖွဲ့ပျံသန်းလာကြလေရဲ့။

ညည်းတွားသံသဲ့သဲ့
လေနဲ့အတူမျှောလွင့်လာတယ်
ကံကောင်းခွင့်မရရှာတဲ့
အဆိပ်သင့်မက်မွန်ပွင့်များအတွက်တော့
ဒီဆောင်းဟာ အေးသက်နေရော့မယ်။

ဖြိုးဖြိုးဖျက်ဖျက်
သွေးစက်ရောင်ရဲခြယ်သ
ပျော်စရာပွဲတော်သဘင်များ
ဝတ်ရုံလွှာပါးပါး
သံချိုခြေဖဝါးလျှား
အနမ်းတို့လန်းဆွင့်ဝင့်ကြွား
အားလုံးလည်း ဆုံးခန်းရှိပေ
ငွေတောက်တွေ ပျံသန်းနေလိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က
အောင်မြင်ကျော်ကြားခဲ့တဲ့ ကောင်းကင်ကြီးတောင်မှ
မှုန်လို့ မှိုင်းလို့
ဒီဇင်ဘာဟန်ဆောင်လို့။

ချစ်သူများရဲ့
ချိန်းဆိုထားတဲ့ နာရီ
မေ့ရောက်ခဲ့ပြန်ပြီ။

ဆွတ်ပျံ့ဖွယ်ဂီတနဲ့
အေးစက်စက်ခရစ္စမတ်သို့
လရောင်တစ်စွန်းတစ်စကျနေတဲ့
ဝက်သစ်ချပင်အိုကြီးရဲ့အောက်
ချစ်တဲ့သူရေ
ဒီနှစ်လည်း
တစ်ယောက်တည်း စောင့်မျှော်လွမ်းရစ်ပေဦးတော့။

စာရွက်တစ်ရွက်ကိုဆုတ်ဖြဲပြီး
ဒီဇင်ဘာကိုငါမေ့မယ်။

ဒဏ္ဍရဲ့ 'နောင်တကျသူ'



www.burmeseclassic.com

www.burmeseclassic.com



## 'နိဒါန်း'

ထူးဆန်းသည်ဟုဆိုရမည်။ ထိုညက လက်ဖက်ရည်ဆိုင်ကလေးမှာ လူရှင်းနေသည်။

ခါတိုင်းက လူများသည်ဟုတော့လည်း မဆိုနိုင်ပါ။

လက်ဖက်ရည်ဆိုင်လေးက ထယ်ဝါမှု နည်းပါးလှသော ရွက်ကြမ်းရေကြို့ဆိုင်ကလေးမျှသာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သေချာတာတစ်ခုတော့ ရှိသည်။

ထိုညက ထူးထူးခြားခြား လူရှင်းနေသည်။

''ဝါး''

ဆိုင်ရှင်အဘိုးအိုက ပျင်းရိလေးတွဲ့စွာ သမ်းဝေလိုက်သည်။ ဆိုင်ထောင့်တစ်နေရာမှာ ငြိမ်သက်နေသော စားပွဲထိုးကလေးက...



www.burmeseclassic.com

www.burmeseclassic.com



"အဘ"

"ဘာလဲ"

အဘိုးအိုက အေးတိအေးစက် ပြန်မေးသည်။

"ဒီည လပြည့်ည မဟုတ်လား"

"အဲ..."

အဘိုးအိုက တစ်ချက်တွေဝေသွားပြီး...

"အေး...ဟုတ်တယ်"

စားပွဲထိုးကလေးက အဝေးကောင်းကင်တစ်နေရာဆီ လက်ညှိုးညွှန်ပြသည်။

"ဟိုးမှာ လထွက်နေပြီ"

ညဉ့်ဦးက လရောင်ရန့်မှုန်မှုန်လေးဖြင့် လှပနေသည်။ ကြယ်ပြိုးကြယ်ပြောက်များကတော့ စုံညီအောင် မလင်းတောက်ကြသေး၊ လက်ဖက်ရည်ဆိုင်ရှေ့လမ်းက အဖြူလက်လက် ဝင်းပနေသည်။ လေကလည်း ငြိမ်နေသည်။

"လထွက်တာများ ဘာဆန်းလို့လဲ၊ ငါနဲ့ ဘာဆိုင်လဲ၊ မင်းနဲ့ရော ဘာဆိုင်လို့လဲ"

အဘိုးအိုက ခပ်ဆတ်ဆတ်ပြန်ပြောသည်။ စားပွဲထိုးကလေးက နားရွက်တစ်ဖက်ကို ကုတ်ရင်း...

"မဟုတ်ဘူးလေ အဘရဲ့၊ တော်ကြာဆိုရင် ဟိုဒင်း...သူ သူ လာတော့မယ်"

"ဟေ..."

ထိုစကားကြောင့် အဘိုးအိုက တစ်စုံတစ်ရာကို သတိရသလို ဖြစ်သွားသည်။

"ဪ...အေး၊ ဟုတ်သားပဲ"

နှစ်ယောက်သား စကားမဆက်ဖြစ်တော့ဘဲ ကိုယ့်အတွေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ငြိမ်သက်သွားသည်။ ခုအချိန်မှာ သူတို့အာရုံထဲရောက်ရှိနေသည်က ထူးခြားသည့် အမျိုးသမီးတစ်ဦး။

သူတို့ဆိုင်ကလေးတွင် လက်ဖက်ရည်လာသောက်လေ့ရှိသည့် အမျိုးသမီးတစ်ဦးပင်ဖြစ်သည်။ အဖော်မပါဘဲ တစ်ယောက်တည်း လာတတ်သည့်အပြင် မည်သည့်စကားကိုမှလည်း ဆိုလေ့မရှိ။ ဤဆိုင်ကလေးမှာ လာထိုင်ပြီး တစ်စုံတစ်ယောက်ကို မျှော်နေသည့်အသွင်သာ ရှိသည်။

သူမ မျှော်လင့်သူကတော့ ရောက်မလာခဲ့။ နောက်ဆုံးမှာ သက်ပြင်းတစ်ချက်နှင့်အတူ တိတ်ဆိတ်စွာ ပြန်ထွက်သွားမြဲ။

ညတိုင်းလာလေ့ရှိသည်တော့လည်း မဟုတ်ချေ။ လပြည့်ညတွေမှသာ ရွေးပြီး ရောက်ရောက်လာသည်။ လထွက်ပြီး မကြာခင် ဤဆိုင်ကလေးအတွင်းသို့ လရောင်နှင့်အတူ သူမ ဝင်လာလေ့ရှိ၏။

ဆိုင်ရှင်အဘိုးအိုနှင့် စားပွဲထိုးကလေးအတွက်မူ သူမသည် ပဟေဠိပုစ္ဆာဖြစ်၍ နေတော့သည်။

"ဥစ္စာစောင့်များလား မသိဘူးနော် အဘ"

"ပေါက်တီးပေါက်ရှာကွာ"

"ဒါဖြင့် သူက ဘာတုန်း"

"ဘယ်သိမှာတုန်းဟ"

ထိုသို့ပင် အဘိုးအိုနှင့် စားပွဲထိုးကလေးတို့ အတွေးအခေါ် ဗလုံးဗထွေးဖြစ်ခဲ့ကြသည်။

လပြည့်ညတွေ...လပြည့်ညတွေ၊ အို...အတော်တောင် များခဲ့ချေပြီပဲ။ ဤဆိုင်ကလေးမှာ လပြည့်ညများစွာတိုင်အောင် စောင့်မျှော်သော်လည်း ထိုအမျိုးသမီးတွင် သက်ပြင်းတစ်စရယ်၊ မြေဝါလမ်းကလေးရယ်၊ နောက်ဆုံးမှာ တိတ်ဆိတ်စွာ လှည့်ပြန်သွားရမြဲ။

"အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော…"

"သူ လာပြီ"

လရောင်ဝါးဝါးအောက်တွင် အမျိုးသမီးတစ်ယောက် လာနေသည်။ သွယ်ပါးကျစ်လျစ်သော သူမ၏ခန္ဓာကိုယ်က နူးညံ့သော စွမ်းအင်များနှင့် ထုဆစ်ထားသလို ရှိသည်။ ဆိုင်ကလေးထဲသို့ သူမ ဝင်ရောက်လာပြီဖြစ်သည်။

ဆိုင်ထောင့်မှာ သူမ ထိုင်နေကျ စားပွဲကလေးရှိသည်။ ထိုစားပွဲမှနေ၍ အပြင်လမ်းမဆီသို့ သူမ မျှော်ကြည့်နေကျ။

ထုံးစံအတိုင်း စားပွဲထိုးကလေးက သူမ သောက်နေကျ လက်ဖက်ရည်ခါးခါးကို သွားချပေးသည်။ လက်ဖက်ရည်ခွက်ကို စိတ်မဝင်စားသလို တစ်ချက်ငုံ့ကြည့်ပြီး၊ အဝေးသို့ သူမ ငေးနေတော့သည်။

တစ်ဆိုင်လုံးတွင် လက်ဖက်ရည်လာသောက်သူဟူ၍ သူမ တစ်ယောက်တည်း ရှိနေသည်။ အဘိုးအိုက ကောင်တာမှာ ငူငူကြီး ထိုင်လျက်၊ စားပွဲထိုးကလေးက ဆိုင်တွင်းတစ်နေရာမှာ နံရံကို ကပ်ထိုင်လျက်၊ ပြီး…သူမက လမ်းဆီငေးမျှော်လျက်၊ လက်ဖက်ရည်ဆိုင်လေးက လရောင်အောက်မှာ တီးခတ်သူမဲ့ စန္ဒရားတစ်လုံးလို တိတ်ဆိတ်လျက်။

လဝန်းက ကောင်းကင်အမြင့်မှာ တက်ပွင့်ရန် အားယူနေသည်။ ဒီနေ့ ဆိုင်ကို လက်ဖက်ရည်လာသောက်သူ ကျဲပါးလွန်းလှသည်။ ပျင်းရိထိုင်းမှိုင်းဖွယ်ရာလိုလို၊ လွမ်းဆွတ်ဆွေးမြေ့ဖွယ်ရာလိုလို၊ လပြည့်ညက မစူးမရှ ဖြစ်တည်နေသည်။

လေပြည်တစ်ချက်အဆွတ်မှာ ပန်းရနံ့တချို့ ညွတ်ခနဲ ပါလာ၏။ ထို့အပြင် လေပြည်ထဲမှာ ကဗျာရွတ်သံတစ်ခု စီးမျောလိုက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝေးကြီးဝေးခဲ့ရမယ်
ပင်လယ်က
သူ့တစ်ကိုယ်လုံးကိုဖွင့်ပြီးပြေးတယ်။

မိုးပြတိုက်က
ကဆုန်ပေါက်ပြီးပြေးမလိုက်ပါဘူး။

သူ့ရဲ့ ဘလင်းလဲဖွန့်
ပင်လယ်သားပေါက်ကလေးရဲ့ ဖွင့်ပွဲကို
... ... ... ပြည့်ရှုံ့ခဲ့လိုက်တယ်။

ကဗျာရွတ်သံက လက်ဖက်ရည်ဆိုင်လေးဆီ ဦးတည်မျောရွေ့လာခြင်းဖြစ်သည်။ ကဗျာအဆုံးမှာ ဆိုင်ရှေ့သို့ လူတစ်ယောက် ရောက်လာမှုဖြစ်သည်။ အမျိုးသမီးသည်လည်းကောင်း၊ အဘိုးအိုနှင့် စားပွဲထိုးကလေးသည်လည်းကောင်း ထိုလူ့ကို စိမ်းစိုသောအကြည့်ဖြင့် ပြိုင်တူကြည့်လိုက်ကြ၏။

၎င်းအရပ်ဒေသမှ မဟုတ်သော လူစိမ်းတစ်ဦးပင် ဖြစ်လိမ့်မည်။ ညိုကိုင်းသောအရပ်အမောင်း၊ နီညိုသောအသားအရေတို့ဖြင့် သူတို့၏ မျက်စိထဲတွင် ထိုလူက အမြင်ဆန်းနေသည်။

"လက်ဖက်ရည်ဖန်ဖန်လေး တစ်ခွက်လောက်ဗျာ"

အဘိုးအိုနှင့် စားပွဲထိုးကလေးတို့ အသက်ဝင်လာကြသည်။ စားပွဲထိုးကလေးက လူစိမ်းကို လက်ဖက်ရည်ခွက် သွားချပေးရင်း အမျိုးသမီးကိုလည်း မသိမသာ အကဲခတ်လိုက်၏။

အမျိုးသမီးကိုယ်စား သူကပင် ပင့်သက်တစ်ချက်ကို စပ်ရှားရှား ချွတ်သွင်းလိုက်သေး၏။ ထိုလူသည်လည်း အမျိုးသမီးမျှော်လင့်နေသည့်သူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြောင်း သူ ရိပ်မိလိုက်သည်။

"သီချင်းဖွင့်ပေးရမလား ဆရာ"

"နေနေ...ဘာသီချင်းမှ မဖွင့်နဲ့၊ ဒီလို တိတ်တိတ်ဆိတ်ဆိတ် နေရတာကိုပဲ သဘောကျတယ်"

"ဟုတ်"

ဆိုင်ကလေးက ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ လက်ဖက်ရည်ကို တစ်ငုံငုံသောက်ပြီး လူစိမ်းက ကျေနပ်သလို ခေါင်းကိုညိတ်သည်။ ဆိုင်ရှင်အဘိုးအိုကို တစ်ချက်ပြုံးပြကာ...

"လက်ဖက်ရည်ကို အဘပဲ ဖျော်တာလား"

"ဟုတ်ပါတယ်"

"ကောင်းတယ်ဗျာ"

အဘိုးအိုက တုန့်ပြန်ပြုံးပြ၏။ သို့သော် ပါးရေနားရေတွန့်နေသော အပြုံးက အသံကြောင်နေသော တေးသွားလို ဖြစ်နေသည်။

လက်ဖက်ရည်သောက်အပြီးမှာ လူစိမ်းက ကဗျာတစ်ပုဒ်ကို တိုးတိုးရွတ်ပြန်သည်။

𝄞 လမင်းကသာ

တလင်းရာသီဖြာလွင့်ဖွေးဖွေးနဲ့

သူ့ကိုတစ်ချက်လောက် နမ်းမွှေးမယ်ဆိုရင်။

𝄞 ကောင်းကင်တော်ရဲ့ ဘယ်ဘက်ရင်ခွင်မှာ

သူ့ကိုယ်သူ သံမှိုနှိပ်ရိုက်ပြီး

ဒိုးရိုက်ငိုက်တွဲနေပါ့မယ်လို့

တိမ်တိုက်ကလေးက ဆိုရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးကလေးက သူ့ကို စူးစမ်းသလို ကြည့်နေ၍ လူစိမ်း၏ မျက်နှာမှာ ပြုံးဖွေပြုံးရိပ် ယှက်သန်းလာသည်။ ကဗျာကို ဆုံးသည်အထိ မရွတ်ဘဲ...

"ဘာလဲ မင်း ငါ့ကို ဘာတွေစိတ်ဝင်စားနေလဲ"

"ဟို...အဲ...ကျွန်တော်..."

လူစိမ်းက ခပ်သဲ့သဲ့ရယ်သည်။

"မင်းမျက်လုံးထဲမှာ ထူးဆန်းနေလား"

"အဟီး...ဟုတ်ကဲ့"

"ငါက ကဗျာရွတ်နေတာပါ"

"ဒါဆို ကဗျာဆရာလား ဟင်"

လူစိမ်းက ရယ်ပြန်သည်။ ဒီတစ်ခါ ရယ်သံက စောစောကလို မတိုးသဲ့ဘဲ ကျယ်လောင်သည်။ နွေးထွေးမှုတို့လည်း စိမ့်ဝင်ပါရှိနေ၏။

စားပွဲထိုးလေး၏စကားကို ပြန်မဖြေသေးဘဲ ကဗျာကို ဆုံးအောင် ရွတ်သည်။

❋ ကျီးကန်းတို့ကြီးက
မချိုမချဉ်သီးဝေလိုက်ပြလေရဲ့
'ငါ့ချစ်ဆိုတာဒါလား
ဇီးသီးမျက်နှာလောက်မခံနိုင်ပါဘူးကွာ'...တဲ့။

သူတို့ကို စိတ်မဝင်စားသလို အပြင်လမ်းဆီ မျှော်ငေးနေသော အမျိုးသမီးက ဆတ်ခနဲ လှည့်ကြည့်သည်။ သူမ၏ မျက်လုံးတွေက တစ်စုံတစ်ရာဖြင့် လင်းဖြာသွားသလိုရှိ၏။ လူစိမ်း၏မျက်နှာကို စစ်ဆေး ကြည့်နေသည်။

လူစိမ်းက စားပွဲထိုးကလေးကို...



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကဗျာဆရာမဟုတ်ပါဘူးကွာ၊ ပုံပြောဆရာပါ"

"ပုံပြောဆရာ…ဟုတ်လား"

"ဟုတ်တယ်၊ နားထောင်ချင်တဲ့သူကို ပုံပြောပြလေ့ရှိတဲ့ ပုံပြောဆရာ"

စားပွဲထိုးကလေးက ပျော်ရွှင်စွာ ရယ်မောလိုက်၏။

"ဟာ…အတော်ပဲ၊ ဒါဆိုရင် ကျွန်တော့်ကို ပုံပြောပြပါလား"

"ငါက ပြောပြချင်ပါတယ်၊ ဒါပေမဲ့ မင်းက နားထောင်လို့မရဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"မင်းက မအားဘူးလေကွာ"

ထိုအချိန်မှာ လက်ဖက်ရည်ဆိုင်တွင်းသို့ လူတစ်ယောက် လက်ဖက်ရည် လာဝယ်နေပြီဖြစ်သည်။ ပါဆယ်ထုပ်ပေးရန် စားပွဲထိုးကလေး ပြေးပြေးလွှားလွှား အလုပ်ရှုပ်ရတော့၏။ လူစိမ်းက ဆိုင်နံရံမှာ ကပ်ထားသော ပိုစတာများကို စိတ်မပါတပါနှင့် ငေးပတ်ကြည့်ရှုနေသည်။

"ဒီမှာ"

အမျိုးသမီးထံမှ ထွက်ပေါ်လာသော အသံဖြစ်သည်။ လူစိမ်းကို လှမ်းခေါ်ခြင်းဖြစ်၏။ လူစိမ်းက အေးအေးလူလူပင် လှည့်ကြည့်သည်။ အပြုံးမပွင့်တပွင့်နှင့် မေးသည်။

"ကျွန်တော့်ကို ခေါ်တာလား"

"ဟုတ်တယ်"

"ခင်ဗျားက ပုံပြင်နားထောင်ချင်လို့လား"

အမျိုးသမီးက လေသံမှန်မှန်ဖြင့် တုန့်ပြန်သည်။

"ဟုတ်တယ်၊ ဒါပေမဲ့ တခြားလူတွေပြောတဲ့ ပုံပြင်ကို နား မထောင်ချင်ပါဘူး၊ ရှင်ပြောတဲ့ ပုံပြင်ကိုသာ နားထောင်ချင်တာ"

လူစိမ်းက ပြုံးလိုက်သည်။ သူ့အပြုံးကြောင့် ကောင်းကင်ထ



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တွေပင် ရှန်းထွက်စုံညီသွားကြသည်ဟု ထင်ရသည်။

"ကဲ...ဒါဖြင့်လည်း ပြောပြရတာပေါ့ဗျာ"

လူစိမ်းက အမျိုးသမီး၏ဝိုင်းဆီ ကူးသွားလိုက်သည်။ လက်ဖက်ရည်ဆိုင်တွင်းသို့ တခြားလူများလည်း ဝင်ရောက်နေကြပြီဖြစ်၏။ ဟိုထောင့်သည်ထောင့်စားပွဲတွေမှာ လက်ဖက်ရည်သောက်သူတွေ ရှိလာပြီ။ စားပွဲထိုးလေးသည်လည်းကောင်း၊ ဆိုင်ရှင်အဘိုးအိုသည်လည်းကောင်း လူစိမ်းနှင့် ထိုအမျိုးသမီးကို ဂရုမစိုက်နိုင်ကြတော့။

"ကဲ...ခင်ဗျားကို ကျွန်တော် ပုံပြင်တစ်ပုဒ် စပြောပြမယ်"

"ပြောပါ၊ ကျွန်မ နားထောင်နေတယ်"

သို့သော် လူစိမ်းက ပြောမည်ဆိုသောပုံပြင်ကို ချက်ချင်းမပြောသေး။ စားပွဲကို လက်ညှိုးနှင့် တံတောက်တောက်ခေါက်ရင်း နံရံဆီ ငေးသည်။ စကားလုံးတွေ စီစဉ်ရွေးချယ်နေသည်ဟု ထင်ရ၏။

အမျိုးသမီးက သူ့ဆံပင်ကိုလှန်သပ်တင်ရင်း လူစိမ်း၏မျက်နှာကို တစိမ့်စိမ့် အကဲခတ်နေသည်။

အတန်ကြာမှ...

"ဒီလိုဗျာ တစ်ခါတုန်းက..."

လူစိမ်းက သူ၏ ပုံပြင်ကို အသံတိုးတိုးနှင့် စလိုက်သည်။ ပန်းရနံ့၊ ကြယ်များနှင့် လဝန်းတို့ကို ဤပုံပြင်များ ကြားစေချင်ဟန်မတူ။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

ကြီးကျယ်ခမ်းနားတဲ့ မြို့ကြီးလည်းမဟုတ်၊ သေးငယ်တဲ့ မြို့ကလေးလည်း မဟုတ်တဲ့ မြို့တစ်မြို့မှာ လူငယ်တစ်ယောက်ရှိတယ်။ အပြစ်ကင်းစင်ရိုးသားတဲ့ လူငယ်လေးမို့ သူ့ကို 'ယုန်ဖြူ'လို့ပဲ ခေါ်လိုက်ကြရအောင်။

ယုန်ဖြူလေးက အသက် (၂၀)လောက်ရှိနေပြီ။ အဲဒီမြို့လေးမှာ သူ့ဦးလေးရဲ့ ကုန်ဆိုင်တစ်ဆိုင်ရှိတယ်။ အဲဒီဆိုင်မှာ သူက ငွေသိမ်းသမားပေါ့။ သူ့မိဘတွေက ချောင်လည်အဆင်ပြေတဲ့သူတွေပါ။ ယုန်ဖြူကို ငယ်ငယ်တုန်းက ကျောင်းကောင်းကောင်းမှာ ထားခဲ့တာပေါ့။ ဒါပေမဲ့ ပညာရေးကို စိတ်မဝင်စားတဲ့ ယုန်ဖြူက ကျောင်းမှာ တစ်နှစ်ပဲ နေခဲ့တာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အဲဒီဒေသမှာ မွေးဖွားကြီးပြင်လာတဲ့ဒေသခံတစ်ယောက် ဆိုတော့ အဲဒီမြို့ရဲ့ လမ်းမကြီးတစ်ခုနဲ့ လမ်းငယ်တွေဟာ သူ ကျင်လည် ကျက်စားနေကျ နေရာတွေပေါ့။ ကျောင်းကထွက်ပြီးကတည်းက ယုန်ဖြူ ကို ဖွင့်လင်းရာသီဥတုတွေရဲ့ နံနက်ခင်းတိုင်းမှာ နေတော်တော်မြင့်တဲ့အထိ လျှောက်သွားနေတတ်တာကို မြို့သူမြို့သားအားလုံး မြင်ကြရတယ်။

အဲ...ရှာရိုးကိုးပေါက် လျှောက်ရလွန်းလို့ ပင်ပန်းညောင်းညာ လာတဲ့အခါမှာဆိုရင် သူ အရိပ်ကောင်းတဲ့နေရာတစ်ခုကို ရှာတော့တာပဲ။ လျှောက်ခဲ့ရတာများပြီဆိုတော့ အပြန်ခရီးကြုံလိုက်မယ့် လှည်းတို့ ကားတို့ စောင့်ရင်း အဲဒီအရိပ်မှာ သူ အိပ်နေတတ်တယ်။

သူ အများဆုံး အိပ်တတ်တဲ့နေရာဟာ မြို့လမ်းမကြီးရဲ့ဘေးမှာ ရှိတဲ့ အရိပ်အာဝါသ ကောင်းလှတဲ့ ပညောင်ပင်ကြီးတစ်ပင်အောက်မှာပေါ့။ နေပျောက်ကလေးမှတောင် မထိုးနိုင်တဲ့ အရိပ်ထူထူနေရာကို ရွေးပြီး အိပ်တော့တာပဲ။

အဲဒီအပင်အောက်မှာ ရေချမ်းစင်ကလေးတစ်ခုလည်း ရှိတယ်။ နွေရာသီလို ရာသီဥတုမျိုးမှာတော့ ဒီပညောင်ပင်အရိပ်နဲ့ ရေချမ်းစင်ကလေး ဟာ ယုန်ဖြူလေးအတွက်သာ မဟုတ်ပါဘူး။ ခရီးသွားအားလုံးအတွက် ခဏနားခိုစရာ အကောင်းဆုံးနေရာလေးပေါ့။

ယုန်ဖြူကတော့ ခင်မင်သူတွေနဲ့တွေ့ရင် နှုတ်ဆက်စကား ဆိုနေ တတ်ပြီး၊ မတွေ့ရင်လည်း အရိပ်ထူထူမှာ သူ့မှာပါလာတဲ့ ဘောင်းဘီ နှစ်ထည်နဲ့ အကျီတချို့ကို စုထုပ်ထားတဲ့အထုပ်နဲ့ ခေါင်းအုံးပြီး အိပ်တော့ တာပဲ။ ခေါင်းချလိုက်တာနဲ့ အိပ်ပျော်နိုင်တဲ့ အပူအပင်ကင်းတဲ့လူစားမျိုး ကလေး။ လူငယ်လည်း လူငယ်ကိုး။

ကောင်လေးက လူချောကလေးပါ။ ဒါပေမဲ့ ဆံပင်စုတ်ဖွားကြီး နဲ့မို့ သူ့ဆံပင်တွေက သူ့ရုပ်ရည်ကို ဖျက်ဆီးနေတယ်။ သူ့ဆံပင်တွေက တော့ သူခေါင်းချအိပ်ဖို့လောက် အသုံးဝင်တဲ့ ဆံပင်တွေပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူအိပ်တဲ့ ပညောင်ပင်ကြီးအောက် ပတ်ဝန်းကျင်မှာ ဖုံသိပ်မထဘူး။ မနေ့က မိုးရွာထားလို့ ဖုံတွေလည်း သိပ်နေတယ်။ နွေရဲ့ မင်းလွင်တွေက ရီဝေဝေ၊ ပညောင်ရွက်ခတ်သံတွေက ဂီတသံလိုလိုနဲ့။ မကြာပါဘူး ယုန်ဖြူလေး တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့တာပဲ။

ယုန်ဖြူလေးကသာ အိပ်ပျော်သွားတာ၊ တကယ့်တကယ်က သူအိပ်သွားတဲ့အချိန်က တကယ့်အချိန်ကောင်း။ နေ့အချိန်မို့ လူတွေဟာ ကိုယ့်အလုပ်ကိစ္စတွေနဲ့ကိုယ် သွားလာပြေးလွှား လုပ်ကိုင်နေကြရပြီ။

ယုန်ဖြူအိပ်နေတဲ့ ပညောင်ပင်ကြီးဘေးကနေ လူတွေ ဖြတ်သန်းသွားလာနေလိုက်ကြတာ ခြေလျင်ရော၊ လှည်းတွေနဲ့ရော၊ ကားဟောင်းအိုကြီးတွေနဲ့ရော။ ဒါပေမဲ့ ဖြတ်သန်းသွားတဲ့လူတွေတချို့က သူ့ကို မြင်တောင် မမြင်ကြဘူး။ တချို့မြင်တဲ့လူကျပြန်တော့လည်း ကြည့်ရုံကြည့်သွားကြတာပဲ။ ကိုယ့်အလုပ်နဲ့ကိုယ်ကိုး...။ တချို့ကျပြန်တော့ အလုပ်မရှိ အပူအပင်ကင်းကင်းနဲ့ အိပ်နေနိုင်တာကို မနာလိုသလို ကြည့်သွားကြလေရဲ့။

ယုန်ဖြူကတော့ ဒီအကြည့်တွေကို ဘယ်လိုမှ မသိနိုင်၊ မခံစားနိုင်ပါဘူး။ သူက အိပ်ပျော်တာကိုး...။

လူသွားလူလာ တဖြည်းဖြည်းပါးစပြုလာတဲ့အချိန်မှာ မုဆိုးမခပ်ငယ်ငယ်တစ်ယောက် အဲဒီ ပညောင်ပင်အောက်ကို ရောက်လာတယ်။ အပင်အောက်မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတဲ့ ယုန်ဖြူလေးကို ကြည့်ပြီး...

"ချစ်စရာကောင်းတဲ့ လူငယ်လေးပဲ"လို့ တွေးနေတယ်။ သူမနောက်က ရောက်လာတဲ့ စိတ်မြန်ကိုယ်မြန်ရှိတတ်ပုံရတဲ့ ကျောင်းဆရာတစ်ယောက်ကတော့ အဲဒီမုဆိုးမလေးရှေ့မှာပဲ ခပ်တိုးတိုး မှတ်ချက်ချသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းဘေးမှာ မှုးလဲနေတဲ့ လူတလေးတစ်ယောက်ပဲ"တဲ့။

သူ့ကို ချစ်စရာကောင်းတယ်ပြောတာရော၊ လူတလေးလို့ပြောတာရော သူ့ကို အိုးမွမ်းတာ၊ ကဲ့ရဲ့တာတွေအားလုံးကို သူ ဥပက္ခာပြုထားတယ်။

ကြောပါတူး အဲဒီ ပညောင်ပင်ကြီးအောက်ကို လှပတဲ့ မြင်းညိုကြီး နှစ်ကောင်ကတဲ့ ရထားလုံးလေးတစ်စီး ဝင်လာတယ်။ ရထားလုံးကလေး က အပင်အောက်မှာ ရပ်လိုက်တယ်ဆိုရင်ပဲ လှည်းမောင်းတဲ့လူက ခုန်ဆင်းလာပြီး ဘီးကို ချွတ်နေတယ်။ ဘီးမှာ နည်းနည်းပါးပါး ထိခိုက်လာတာကို ပြင်ဖို့ ထင်ပါရဲ့။

ရထားလုံးပေါ်မှာတော့ အဲဒီမြို့က လူချမ်းသာ ကုန်သည်ကြီး လင်မယား ပါလာတယ်။ သူတို့လည်း ရထားဘီး ဘာများဖြစ်သွားလဲ ဆိုတဲ့ စိုးရိမ်စိတ်နဲ့ ဆင်းကြည့်ကြတယ်။ ပြီး...ဘီးပြင်နေတဲ့အချိန်မှာ အညောင်းပြေ အညာပြေ ဆင်းပြီး ခြေဆန့်လက်ဆန့်လုပ်ကြတယ်။

အသွားကြီးက ရေချမ်းစင်ကလေး သပ်သပ်ရပ်ရပ်၊ စိမ်းစိမ်းစိုစို လေးကို တွေ့ရလို့ အဲဒီဘက်ကို လျှောက်သွားလိုက်တယ်။ ရေချမ်းစင်နား က အရိပ်ထူထူအောက်မှာ အိပ်ပျော်နေတဲ့ ယုန်ဖြူကိုမြင်တော့ အသွားကြီး တစ်ချက်လန့်သွားတယ်။

ပြန်လှည့်လာပြီး အဘိုးကြီးကို သွားပြောတယ်။ အဘိုးကြီးက တော့ အေးအေးဆေးဆေးပါပဲ။ အသွားကြီးခေါ်ရာကို လိုက်လျှောက်သွား ပြီး ယုန်ဖြူကို လိုက်ကြည့်တယ်။

အဘိုးကြီးက ယုန်ဖြူကို ကြည့်ရင်း မှတ်ချက်ချသတဲ့။

"ဒီလောက်တောင် အိပ်နိုင်တဲ့အကောင် အသက်မှန်မှန်ရှူပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်တဲ့လူဟာ ဘိန်းစားရင်လည်း ဘိန်းစား မဟုတ်ရင်တော့ အပူအပင်အတော်ကင်းပြီး သောကအတော်မဲ့တဲ့ သူပဲ။ ငါ့စည်းစိမ်းရဲ့ တစ်ဝက်မကတန်တဲ့ စိတ်ပဲ။ ကျန်းမာရေးကောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ကြောင့်ကြမှုတွေမရှိလို့သာ ဒီလိုအိပ်နိုင်တာ''တဲ့။

အဘိုးကြီးရဲ့ စကားဆုံးတော့ သူ့အဘွားကြီးက ပြောတယ်။

''အိုး...သူ့အရွယ်ကလည်း အရွယ်ကောင်းကိုး''တဲ့။ ပြီးတော့ ဆက်ပြောသေးတယ်။

''အင်း...ကျန်းကျန်းမာမာရှိတယ်ဆိုဦးတော့ အသက်ကြီးလာရင် ဒီလို နှစ်နှစ်ခြိုက်ခြိုက် အိပ်နိုင်ဖို့ဆိုတာ သိပ်မလွယ်တော့ဘူး။ ခုတော့ သူ အိပ်နေပုံက နေ့နဲ့ည မှားနေသလား ထင်ရတယ်''တဲ့။

အဘိုးကြီးနဲ့ အဘွားကြီးဟာ ယုန်ဖြူလေးကိုကြည့်ရင်း ပိုပို စိတ်ဝင်စားလာတယ်။ တကယ်တော့ အဘိုးကြီးလင်မယားဟာ သားသမီး လိုနေတယ်လေ။

အဘွားကြီးက ခပ်နိမ့်နိမ့်ကိုင်းကျနေတဲ့ ပဒေါင်ပင်ကိုင်းတစ်ခုကို လမ်းဆွဲဖယ်လိုက်တဲ့အခါ နေရောင်ခြည်ဟာ ယုန်ဖြူမျက်နှာပေါ်ကို ထိုးကျ လာတယ်။ အင်း...ဒီကောင်ကတော့ သိတောင် မသိပါဘူး။ နေရောင် ခြည် ထိုးကျတာတောင် မသိတဲ့နောက် အဘွားကြီးက သူ့ကို မိခင်မေတ္တာ အပြည့်နဲ့ ကြည့်နေတာကိုလည်း သိမှာမဟုတ်ပါဘူး။ တကယ့်ကိုပဲ အဘွားကြီး ယုန်ဖြူကို ကြည့်နေပုံက အမေတစ်ယောက်က အိပ်ပျော်နေ တဲ့ သူ့သားငယ်ကို ကြည့်နေပုံမျိုး။

''ဘုရားသခင်က သူ့ကို ဒီမှာ အိပ်ဖို့အခွင့် ပေးထားတယ်ထင်ပါ ရဲ့''လို့လည်း အဘွားကြီးက တွေးတယ်။ ပြီးမှ အဘိုးကြီးကို လှည့်ပြီး ခပ်တိုးတိုး ပြောတယ်။

''ဒီကောင်လေးကို နှိုးကြည့်လိုက်ရင် ကောင်းမလား မသိဘူး''တဲ့။

အဘိုးကြီးက ပြန်ပြောတယ်။

''ဘာလို့နှိုးရမှာလဲ၊ သူ ဘာလို့ ဒီနေရာမှာ လာအိပ်နေတာလဲ၊ သူ့အကျင့်စာရိတ္တက ဘယ်လိုရှိလဲမှ မသိဘဲ''တဲ့။

အဘွားက သိပ်မကျေနပ်ချင်ဘူး။ စောဒကတက်တယ်။

www.burmeseclassic.com



"ဒီကလေးမျက်နှာကြည့်ရတာ ရိုးသားပွင့်လင်းမယ့်ပုံ ရပါတယ်" တဲ့။

ဒီတော့မှ အဘိုးကြီးလည်း ထောက်ခံတယ်။

"အေး...အိပ်ပျော်နေပုံကတော့ တကယ့်အပြစ်ကင်းတဲ့ကလေး တစ်ယောက်လိုပဲ။ ဘယ်သူ့မှ အနှောင့်အယှက်မဖြစ်တဲ့နေရာမှာကို အိပ်နေတာ" တဲ့။

ဒီတော့မှ အဘွားကြီး ကျေနပ်သွားတယ်။ သူတို့ ဘာတွေ ပြောနေနေ ယုန်ဖြူကတော့ ဘာဆိုဘာမှ မသိပါဘူး။ တကယ်က ဒုအချိန်ဟာ သူ့ဘဝကို အကြီးအကျယ်ပြောင်းလဲပစ်လိုက်နိုင်တဲ့ အချိန်ပဲ။ ကြီးကြီးကျယ်ကျယ်ပြောရရင် သူ့ရှေ့ကို ရတနာပုံဆိုက်နေတာ။

သူ့ကို ကရုဏာနဲ့ ကြည့်နေတဲ့ အဘိုးကြီးဟာ ပြောခဲ့ပြီးသလို အဲဒီမြို့လေးက သိပ်ချမ်းသာတဲ့ ကုန်သည်ကြီး။ သူတို့လင်မယားမှာ သားသမီးဆိုလို့ တစ်ယောက်တည်းရှိတာ။ အဲဒီသားကလည်း ပျောက်ဆုံးသွားတာကြာပြီမို့ အမွေဆက်ခံမယ့်လူတောင် မရှိဘူး။ အဲဒီလို ဖြစ်နေတာလေ။

ပြီးတော့ သူတို့ဘဝမှာက လိုနေတာဆိုလို့ အဲဒီသားသမီးဆိုတဲ့ ကွက်လပ်နေရာလေးပဲ ရှိတယ်မဟုတ်လား။ အဲဒီကွက်လပ်ကိုလည်း သူတို့ ဖြည့်ချင်နေကြတယ်။

အချိန်လေးတွေ တရွေ့ရွေ့ကုန်သွားတယ်။ အဘွားကြီးက အဘိုးကြီးကိုကြည့်ပြီး စိတ်မရှည်သလို ပြောလေရဲ့။

"ကျွန်မတို့ ဒီကလေးကို မနှိုးကြတော့ဘူးလား" တဲ့။

အဲဒီအချိန်မှာပဲ ရထားမောင်းတဲ့လူက...

"ဘီးပြင်လို့ ပြီးပါပြီခင်ဗျာ" တဲ့။

ရထားမောင်းသမားရဲ့အသံကို ကြားလိုက်ရတော့ အဘိုးကြီးနဲ့ အဘွားကြီးလည်း ယုန်ဖြူလေးအနားကနေ မခွာချင့်ခွာချင်နဲ့ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတယ်။ ရထားလုံးထဲရောက်တဲ့အထိ အဘိုးကြီးစိတ်ထဲမှာ ယုန်ဖြူကို မြင်နေတုန်း။ အင်း...ယုန်ဖြူကလည်း အိပ်လို့ကောင်းတုန်းပေါ့။

ရထားလုံးကလေးက အဘိုးကြီးလင်မယားကို တင်ပြီး ထွက်သွားတာ အလွန်ဆုံးရောက်မှ နှစ်မိုင်လောက်ရှိဦးမယ့်အချိန်မှာ ပညောင်ပင်ကြီးအောက်ကို တော်တော်ချောမောလှပတဲ့ ကောင်မလေးတစ်ယောက် ရောက်လာတယ်။

ကောင်မလေးက သူ့ကြိုးသိုင်းဖိနပ်ကလေး ကြိုးပြတ်သွားလို့ ပညောင်ပင်ကြီးအရိပ်မှာ လာတပ်တာပါ။ ကောင်မလေးက ပညောင်ပင်ရိပ်ကြီးကို ဖေ့ကြည့်လိုက်လို့ ယုန်ဖြူကို မြင်လိုက်တယ်ဆိုရင်ပဲ ဘာရယ်မဟုတ် ရှက်သွေးလေးတွေ ဖြာသွားရဲ့။ အချစ်နဲ့ပတ်သက်လို့ ရင်ခုန်တတ်တဲ့ အရွယ်ကိုး...။

ရုပ်ရည်ချောမောလှပတဲ့ လူငယ်လေးတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာကိုကြည့်ပြီး ကောင်မလေးက ရင်တွေခုန်နေလေရဲ့။ လူသူကျဲပါးတဲ့အချိန်မို့ရော၊ ယုန်ဖြူက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာမို့ရော ကောင်မလေး ယုန်ဖြူကို သေသေချာချာ ကြည့်နိုင်တယ်လေ။

ညင်သာတဲ့ သူ့လှုပ်ရှားမှုတွေကြောင့်တောင် ကောင်လေးနိုးလာမှာ စိုးနေလေရဲ့။ နိုးလာရင် ဘာပြောရမလဲလို့ စဉ်းစားရင်း၊ စကားလုံးစီခင်း ရှက်သွေးလေတွေတောင် ထပ်ဖြာလာတယ်။ ဒါပေမဲ့ အိပ်နေတဲ့ ယုန်ဖြူလေးကတော့ တုတ်တုတ်မျှမလှုပ်ပါဘူး။ နိုးလာဖို့ဆိုတာ ဝေးရော။

အတန်ကြာလို့ ကောင်မလေး လှည့်ထွက်တော့မယ်အလုပ်မှာ ယုန်ဖြူလေးရဲ့ အနားမှာ ပျားကြီးတစ်ကောင် တဝီဝီမြည်ပြီး ပျံနေတာကို တွေ့လိုက်ရတယ်။

ဒီလိုပျားကြီးမျိုး တုတ်လိုက်လို့ကတော့ သက်သာမှာ မဟုတ်ဘူး။ အဆိပ်ပြင်းတာမို့ သေတောင်သေနိုင်တယ်လို့ ကောင်မလေး ကြားဖူးထားတယ်လေ။

www.burmeseclassic.com



ပျားကြီးကတော့ တဝီဝီနဲ့ ပျံနေဆဲပဲ။ အကိုင်းအရွက်တွေ အောက် တိုးဝင်သွားလိုက်၊ နေရောင်ခြည်ထဲပျံသွားလိုက်နဲ့။ 'မတော်လို့များ အိပ်ပျော်နေတဲ့လူရဲ့ မျက်လုံးကို တုတ်မိရင်' ဆိုတဲ့အတွေး ကောင်မလေးရဲ့ ရင်ထဲ ဝင်လာတယ်။ စိုးရိမ်ပူပန်စိတ်ကလေးတွေလည်း ဖြစ်လာတယ်။ ဒါကြောင့်...

ကောင်မလေးဟာ သူ့လက်ထဲက ပဝါလေးနဲ့ ပျားကြီးကို ခြောက်ပြီး ဝေးရာကို ပျံသန်းသွားစေလိုက်တယ်။ ဒီလို ကူညီပေးလိုက်ရတာကိုပဲ ကောင်မလေးက ကြည်နူးနေတာပါ။

ပြီးတော့...ခုလို ယုန်ဖြူနဲ့ ပတ်သက်ပြီး ရန်ခုန်နေတာကို နဂါးတစ်ကောင်နဲ့ သတ်ခဲ့ရသလိုပဲ။ ရင်ထဲ ဟိုက်ကျန်ခဲ့တယ်လို့လည်း ကောင်မလေးက တွေးနေသေးတယ်။

"လူမုန့်ကတော့ အချောသားပဲ"

အဲဒီလိုလည်း မှတ်ချက်ချတယ်။ ပြီးတော့ ယုန်ဖြူနဲ့တွေ့ရတာ သူ့စိတ်ထဲမှာ အိပ်မက်လိုလို ဘာလိုလို ဖြစ်နေတယ်။

'သူနဲ့တွေ့ရတာ အိပ်မက်များ ဖြစ်နေသလား။ သူ့အပြုံးကို ငါ ဘာလို့ မတွေ့လိုက်ရတာလဲ' လို့ တွေးနေပြီး သူ ဘာလို့ အဲဒီလို တွေးနေမိတာပါလိမ့် ဆိုပြီးတော့လည်း သူ့ဘာသာသူ ရှက်နေပြန်တယ်။ ဒါကတော့ ရင်ခုန်လွယ်တဲ့ အရွယ်ကိုး...။

နောက်ဆုံးကျတော့မှ...

'သူကဖြင့် အိပ်ပျော်နေလိုက်တာ လှုပ်တောင်မလှုပ်ဘူး' လို့ တွေးမိပြီး ယုန်ဖြူလေးအိပ်နေတဲ့ ပညောင်ပင်ရိပ်ကနေ ခွာလာခဲ့တော့ သတဲ့။

ယုန်ဖြူကတော့ ဘာမှ မသိရှာပါဘူး။ အိပ်လို့ကောင်းတုန်းပေါ့။

တကယ်ဆိုရင် ဒီကောင်မလေးဟာ ဒီနယ်တစ်ဝိုက်မှာ သိပ်ကို အောင်မြင်နေတဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ရဲ့ သမီးပဲ။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



လို့သာ အဲဒီကောင်မလေးနဲ့ ယုန်ဖြူ တွေ့ဆုံခင်မင်သွားခဲ့ရင် ယုန်ဖြူလေး ဟာ လုပ်ငန်းရှင်ကြီးရဲ့ စာရေးဘဝနေရာတော့ ရမှာ သေချာလောက်တယ်။ အဲဒီကမှ တစ်ဆင့်ပြီးတစ်ဆင့် ကံကြမ္မာကောင်းတွေကို ကောင်မလေးက တစ်ဆင့် ဖန်တီးသွားဖို့ဆိုတာ ဘာမှမခက်ပါဘူး။

ဒါပေမဲ့ လောလောဆယ်မှာတော့ ယုန်ဖြူက ပညောင်ပင် ခိုမှာ အိပ်ပျော်ပြီး ကျန်ခဲ့ပြန်ပြီလေ။

အင်း...ကောင်မလေးထွက်သွားပြီး သိပ်မကြာပါဘူး၊ နေတောင်း တော့တာပါပဲ။ ညနေ နေဝင်ရီတရော အချိန်လောက်လည်းရောက်ရော အရုပ်ဆိုးဆိုး အသားမဲမဲနဲ့ ဦးထုပ်တွေ ဆောင်းပြီး လူမမှတ်မိအောင် လုပ်ထားတဲ့ လူနှစ်ယောက် ပညောင်ပင်အောက်ကို ရောက်လာတယ်။

သူတို့ပုံတွေက ကြည့်ရုံနဲ့ လူဆိုး၊ လူမိုက်တွေမှန်း သိသာတဲ့ ချုပ်ပါ။ ပညောင်ပင်အောက်က ရေချမ်းစင်မှာ ရေဝင်သောက်ကြရင်းက သူတို့ ယုန်ဖြူလေး အိပ်နေတာကို မြင်သွားတယ်။ တစ်ယောက်ကို တစ်ယောက် မျက်စပစ်ပြကြတယ်။ ပြီး...ယုန်ဖြူခေါင်းခုအိပ်ထားတဲ့ အထုပ်ကို ကြည့်ပြီး...

"ဟေ့ ခေါင်းခုအိပ်ထားတဲ့အထုပ်ကို မြင်လားကွ"လို့ တိုးတိုး မေးတယ်။

ဒီတော့ ကျန်တဲ့တစ်ယောက်က သူ့အကျီရှည်ထဲကနေ ဓားတစ် သက် ဆွဲထုတ်လိုက်တာကို တွေ့ရတယ်။ ဓားမြှောင်လေး တစ်လက်ပါ။ ပြီး...ယုန်ဖြူအိပ်တဲ့အနား တိုးသွားတယ်။

အဲဒီအချိန်မှာ ကျန်တဲ့အဖော်တစ်ယောက်က...

"ကဲ ရှာကြရအောင်၊ မင်းနဲ့ငါ အရက်တစ်ခွက်ကြေးလောင်းမယ်၊ သူ့ခေါင်းအောက်က အထုပ်ထဲမှာ ငွေ ဒါမှမဟုတ် အဖိုးတန်ပစ္စည်း တစ်ခုခု ပါရမယ်။ အကျီထဲမှာ မဟုတ်ရင် ဘောင်းဘီထဲမှာ ပါရမယ်ကွာ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အနားတိုးလာက်စလှူက…

"သူနိုးသွားရင် ဘယ်လိုလုပ်မလဲ"လို့ စိုးရိမ်စွာ မေးတယ်။

မျက်နှာတွေကသာ ကြမ်းတမ်းခက်ထန်တာ၊ စိုးရိမ်ရတဲ့အလုပ်တွေကို လုပ်နေကြတာမို့ စိုးရိမ်ပူပန်တဲ့ အမူအယာကတော့ ဖျောက်မရဘူး။

သူတို့ကသာ စိုးရိမ်နေတာပါ၊ ယုန်ဖြူဆိုတဲ့ကောင်ကတော့ အိပ်နေလိုက်တာ စည်းစိမ်ကို ပြည့်လို့။ သူ့အမေရင်ခွင်ထဲ အိပ်နေရတဲ့ စိတ်ချလက်ချ ကလေးငယ်လိုပဲ။

သူတို့နှစ်ယောက် ယုန်ဖြူခေါင်းအောက်က အထုပ်ကို အသာ မယူလိုက်ကြတယ်။ ယုန်ဖြူကတော့ မနိုးပါဘူး။ အိပ်ကောင်းတုန်းပဲ။

လူဆိုးတစ်ယောက်ကတော့ ခပ်သဲ့သဲ့ပြောတယ်။

"ခုနေ ဒီကောင် နိုးလာရင် ငါ ဆော်ထည့်လိုက်မှာပဲ"တဲ့။

သူတို့ အဲဒီလိုရှာဖွေပြောဆိုနေချိန်မှာ အနားကို ခွေးတစ်ကောင် ရောက်လာတယ်။ ဒါပေမဲ့ ခွေးက အိပ်နေတဲ့ ယုန်ဖြူရယ်၊ အလုပ်ရှုပ်နေတဲ့ လူနှစ်ယောက်ရယ်ကို သေချာကြည့်ပြီး ရေချမ်းစင်တစ်ဘက်ကို ပြေးထွက်သွားတယ်။

သူတို့လည်း ရှာသာရှာတာ ဘာမှ မတွေ့ပါဘူး။ အကျီအိတ်တွေ ထဲရော ဘောင်းဘီအိတ်တွေရော စုံနေတာပဲ။ ဘာမှကိုမရှိဘူး။ ဘာရှိမှာလဲ ယုန်ဖြူက ခေါင်းအုံးအိပ်ဖို့ သက်သက်ယူလာတာ ဖြစ်နေတာကိုး။

အဲဒီမှာပဲ တစ်ယောက်က ပြောတယ်။

"ဟေ့ ကြာကြာနေလို့ မကောင်းဘူး။ ခွေးပိုင်ရှင်ရှိရင် မကြာခင် ရောက်လာတော့မှာ။ ဘာမှမရှိတဲ့အတူတူ သွားကြစို့"တဲ့။

နောက်တစ်ယောက်ကလည်း ထောက်ခံတယ်။

"အေးလေ…အရက်သွားသောက်တာကမှ ကောင်းဦးမယ်" ဆိုပြီး သူတို့ရဲ့ အသုံးမပြုလိုက်ရတဲ့ ဓားမြှောင်ကို ခါးကြား ပြန်ထိုးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက် ကျွန်တစ်ယောက်ရဲ့ အိတ်ထဲက အရက်ပုလင်းသေး သေးလေးကို ထုတ်မော့ရင်း ဘာမှမရှိတဲ့ ယုန်ဖြူရဲ့ အထုပ်အကြောင်းကို ရယ်စရာတစ်ခုလို လုပ်ပြောရင်း ထွက်သွားကြတော့တယ်။

ယုန်ဖြူကတော့ အိပ်ပျော်နေတုန်းပေါ့။

ကြည့်စမ်းပါဦး၊ ခုလို သူအိပ်နေတဲ့ နာရီအနည်းငယ်အတွင်းမှာ သူ့လက်ရှိဘဝကို အကောင်းဆုံးဖြစ်အောင်ရော၊ အဆိုးဆုံးဖြစ်အောင်ရော ပြောင်းလဲပစ်လိုက်နိုင်တဲ့ အခြေအနေတွေ ဖြစ်သွားခဲ့တာ သူ ဘာဆိုဘာမှ မသိလိုက်ဘူး။

ဘာမှ မသိလိုက်တဲ့အတွက် သည်ဖြစ်ရပ်တွေဟာလည်း တစ်ခုမှ အကောင်အထည်မပေါ်လာခဲ့ဘူး။ အင်း...ယုန်ဖြူအတွက်ကတော့ သူ့မျက်တောင်ဖျားပေါ် ဖြတ်သန်းသွားတဲ့ ကံကြမ္မာရဲ့ အရိပ်တွေအဖြစ်ထက် ဘာမှ မပိုဘူးလို့ ဆိုရမလိုပဲ။

အိပ်ရတာကြာလာတော့လည်း အကြောတွေ ညောင်းညာ တောင့်တင်းလာတော့တာပေါ့။ ဒါကြောင့် မကြာခင်မှာ သူ လူးလွန့်လာ တယ်။ လှုပ်ရှားလာတယ်။ နှုတ်ခမ်းတွေကလည်း တရွရွ ဘာသံမှတော့ မကြားရဘူး။

အိပ်မက်ထဲမှာ မင်းသမီးလေးတစ်ပါးပါးနဲ့ စကားပြောနေတာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ ခဏကြာတော့ သူနိုးသွားတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပဲ ပဒေါင်ပင်ရိပ်ကို ခရီးသည်တင်ကားအို တစ်စီး ဝင်ချလာတယ်။ ကားသံကြောင့် ယုန်ဖြူ အိပ်ရာကထပြီး...

"ဗျို့ ကားဆရာ၊ တစ်ယောက်လောက် လိုက်လို့ရဦးမလား" လို့ မေးတယ်။

"ဆော် တက်လေ" ဆိုတဲ့ ကားသမားရဲ့ စကားသံအဆုံးမှာ သူ ကားပေါ်ကို ရောက်သွားပြီး မကြာခင် သူ့ မြို့ထဲကို ပြန်ရောက်တော့ တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဘာရယ်မဟုတ်ဘူး၊ ကားပေါ်ကနေ ပညောင်ပင်မြို့လေးနဲ့ ရေချမ်းစင်လေးကို တစ်ချက်လှမ်းကြည့်လိုက်သေးတယ်။ ယုန်ဖြူအတွက်ကတော့ အိပ်ပျော်နေချိန်မှာ သူ့ဆီ အလည်ရောက်လာတဲ့ ချမ်းသာကြွယ်ဝမှုနဲ့ ကရုဏာတရားတွေ၊ ချစ်ခြင်းမေတ္တာတွေ၊ ဒိုးပွမ်းကဲ့ရဲ့သံတွေ၊ သေခြင်းတရားတွေ ဘာတစ်ခုမှ သူ့အာရုံထဲမှာ ရှိမနေခဲ့ဘူး။

မျက်စိတစ်မှိတ်အတွင်းမှာ သူ့ကံတရားတွေ အမျိုးမျိုးပြောင်းလဲသွားနိုင်တာလည်း သူ မသိဘူး။

အဲဒီ ကံတရားအားလုံးကို သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းနဲ့ ဥပေက္ခာပြုထားနိုင်ခဲ့လေရဲ့။

"ပုံပြင်က ဆုံးသွားပြီလား"

လူစိမ်းက ပြုံးမြမြနှင့် ခေါင်းညိတ်သည်။

"အင်း...ဆုံးသွားပြီ"

"ကောင်းသားပဲ၊ ချစ်စရာကောင်းတဲ့ ပုံပြင်လေးပါ"

"ဟား...ဟား...သင်ခန်းစာယူစရာတွေလည်း ပါတာပေါ့ဗျာ"

အမျိုးသမီး မျက်မှောင်ကြုတ်သွားသည်။

"သင်ခန်းစာယူစရာ...ဟုတ်လား၊ ကျွန်မကတော့ ရှာမတွေ့သလိုပဲ"

"ပါတာပေါ့ဗျာ"

"ဘာများပါလိမ့်"

"လူဆိုတာ အကုန်လုံးကို လိုက်မသိတာ ကောင်းတယ်၊ သိရင် ခံစားရမယ်၊ ဝမ်းသာတာတွေ၊ ထိတ်လန့်တာတွေ၊ နှမြောတသတာတွေ အခုဆို ပုံပြင်ထဲက ယုန်ဖြူကလေးဟာ ဘယ်လောက်ကောင်းသလဲ ဘာကိုမှ မသိလိုက်ဘူး။ သူ့ဟာသူ အေးချမ်းနေတာပဲ"

အမျိုးသမီးက မျက်တောင်တဖျတ်ဖျတ်ခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ရှင်ပြောချင်တာက ကျွန်မကို အဲ့ဒီသင်ခန်းစာ ယူဖို့လား၊ ကျွန်မကလည်း ဘဝမှာ တချို့အရာတွေကို အဖြေမရှာဖို့၊ မသိချင်ဖို့ အဲဒါမျိုးကို ဆိုလိုတာလား"

လူစိမ်းက ခပ်ဖွဖွလေးရယ်သည်။ ဘာမှ ပြန်မပြော။ အမျိုးသမီးက လူစိမ်း၏မျက်နှာကို တည်ကြည်စွာ စိုက်ကြည့်ရင်း…

"ရှင်က ဘယ်သူလဲ"

လူစိမ်းက ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်နေသည်။ ဘာမှ ပြန်မဖြေ။ အမျိုးသမီးက ဆက်မေးလိုက်သည်။

"ရှင်က ဘာအလုပ်လုပ်သလဲ၊ ဘယ်နယ်က လူလဲ"

လူစိမ်းက လှို့ဝှက်စွာပြုံး၏။ သူ့အပြုံးက အတော်ကြာမြင့်သည်။ အမျိုးသမီးက သူ့အဖြေစကားကို စိတ်ရှည်လက်ရှည် စောင့်နားထောင်နေသည်။

အတန်ကြာမှပင် လူစိမ်းက တုန့်ပြန်စကားကို ဆိုသည်။ သို့သော် အဖြေစကားမဟုတ်။

"ခင်ဗျားက သိချင်နေပြန်ပြီလား။ သိချင်တာတွေ များရင် မကောင်းပါဘူးဗျာ။ တချို့ဟာတွေကို မသိချင်ပါနဲ့လို့ အခုပုံပြင်ထဲမှာ ပြောပြီးပြီ"

အမျိုးသမီးက ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းသည်။

"ရှင်ဟာ ထူးဆော့ ထူးဆန်းတဲ့လူပဲ"

"ဟုတ်လား"

"ပြီးတော့ ကျွန်မကိုလည်း သိနေသလိုပဲ"

ဘာမှ ပြန်မပြောချေ။

"ကျွန်မ ရှင့်ကို သိပ်တော့ မသင်္ကာချင်ဘူး"

"ဟား…ဟား…"

လူစိမ်းက မျက်နှာကို မော့လှန်ပြီး ရယ်သည်။ ပြီး…


www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကလည်းဗျာ...သံသယတွေ များနေလိုက်တာ။ နေပါဦး ခင်ဗျား ပုံပြင်နားထောင်ဦးမှာလား။ ခင်ဗျားကို ကျွန်တော် ဆက်ပြောပြ ရဦးမှာလား"

အမျိုးသမီးက လူစိမ်း၏ မျက်လုံးထဲကို စိုက်ကြည့်ရင်း ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။

လူစိမ်းက ကျေနပ်စွာ ပြုံးလိုက်သည်။

"ဟုတ်ပြီ...ဒါဖြင့်လည်း ဆက်လိုက်ကြဦးစို့"

နောက်ထပ်ပုံပြင်တစ်ပုဒ်ကို 'ဆက်ပြောပြလေသည်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

မြို့တော်တစ်ခုမှာ လက်ထပ်ပြီးတာ ဘာမှမကြာသေးတဲ့ ဇနီးမောင်နှံနှစ်ယောက်ရှိတယ်။ သူတို့ဟာ မြို့တော်ရဲ့ လူစည်ကားတဲ့ ရပ်ကွက်လေးတစ်ခုမှာ နေထိုင်ကြတယ်။

ဒါကတော့ မထူးဆန်းပါဘူး။ မိန်းမနဲ့ယောက်ျား လက်ထပ်တယ်၊ အတူနေကြတယ်၊ မဆန်းပါဘူး။အဲ…ဆန်းတာက တစ်နေ့မှာ ယောက်ျားဖြစ်သူက သူ့မိန်းမကို 'ခရီးထွက်စရာရှိလို့ ရက်တိုခရီးတစ်ခုသွားမယ်' ဆိုပြီး အိမ်က ထွက်သွားလိုက်တာ အနှစ် (၂၀)လောက် ကြာသွားတဲ့ ကိစ္စပဲ။

အမှန်က အဲဒီလူ ခရီးထွက်သွားတာမဟုတ်ဘူး။ သူတို့နေတဲ့အိမ်နဲ့ လမ်းတစ်လမ်းသာခြားတဲ့ နေရာမှာ တိတ်တဆိတ် အိမ်ခန်းလေးငှားပြီး

www.burmeseclassic.com



ပြောင်းရွှေ့နေထိုင်ခဲ့တာပဲ။ သူဟာ သူ့မိန်းမကို ပုန်းရှောင်နေခဲ့တယ်လို့ ပြောရမှာပဲ။ ဒါပေမဲ့ သူ့မိန်းမနေတဲ့ အိမ်ကိုတော့ ရုပ်ဖျက်ပြီး နေ့တိုင်းလိုလို သွားကြည့်ခဲ့တယ်တဲ့လေ။

သွားသာကြည့်တာပါ၊ သူ့အိမ်ကို ပြန်မဝင်ပါဘူး။ သူငှားထားတဲ့ သူ့ရဲ့ လျှို့ဝှက်အိမ်ခန်းလေးဆီကိုပဲ ပြန်လာပြီး အထီးကျန်ဘဝနဲ့ နေခဲ့တာ နှစ်ပေါင်း (၂၀) ကြာသွားသတဲ့။

စဉ်းစားကြည့်စမ်း...တကယ်တမ်းကျတော့ သူ့မိန်းမမှာလည်း အပြစ်ဆိုလို့ ဘာမှ မရှိဘူး။ အချင်းချင်းလည်း အဆင်ပြေနေကြလျက်နဲ့၊ စားဝတ်နေရေးကလည်း ချောင်လည်လျက်နဲ့။ ဘာဖြစ်လို့ သူ ဒီလို တိမ်းရှောင်နေရတာလဲ၊ စိတ်ရဲ့ ဖောက်ပြန်ပြောင်းလဲမှုကို ဆင်ခြင်တုံတရားက နိုင်အောင် မထိန်းချုပ်နိုင်လို့ ဖြစ်ခဲ့ရတဲ့ သူတို့အဖြစ်ဟာ တကယ်တော့ ပုံပြင်တစ်ပုဒ်လို ပြန်ပြောပြချင်စရာ မကောင်းပါဘူး။

တခြားနည်းနဲ့ မှတ်ချက်ချရရင်တော့ စိတ္တဇတစ်မျိုးပဲလို့ ပြောရမလား မသိဘူး။

အဲဒီလူဟာ ဘယ်လိုလူစားမျိုးလဲ?

အားလုံးက တွေးကြည့်ကြတာပါပဲ။

သူ့အရွယ်ဟာ မငယ်တော့ဘူး။ ဒုတိယအရွယ်ရဲ့ အရင့်ကျက်ဆုံး အချိန်အပိုင်းအခြားကိုတောင် ရောက်နေပြီ။ တွေးခေါ်ဆုံးဖြတ်ချင့်ချိန် တတ်နေပြီ။

သူ့အိမ်ထောင်ရေးဘဝက သူများတကာတွေလို ရှုန်းရကန်ရ အဆင်မပြေရမှုတွေနဲ့ ကြမ်းတမ်းခက်ထန်နေတာလည်း မဟုတ်၊ ရိုင်းစိုင်း ကြမ်းတမ်းတဲ့ အမူအရာဆိုလို့လည်း သူ့မှာ တစ်ခါမှ မတွေ့ရဘူးတော့ သူ့ကို ဒီလိုလုပ်သွားလိမ့်မယ်လို့ ဘယ်သူကမှ မထင်ဘူး။

တကယ်တော့ သူဟာ လူပုံကိုက လေးတိလေးကန် နိုင်တာပါ၊ အိမ်ထောင်ရဲ့ အနာဂတ်ကို မစဉ်းစားချင်ဘူး။ ဖြစ်သလို နေထိုင်စား



www.burmeseclassic.com

www.burmeseclassic.com



သောက်ချင်တဲ့ အကျင့်ရှိတယ်။ ပုပန်မှုတွေကိုလည်း လက်ခံမထားချင်သလို ဘာကိုမှလည်း လေးလေးနက်နက် မထားချင်တဲ့သူမျိုးပါ။

ဒါပေမဲ့ သူ့အကြောင်းကို သူများမပြောနဲ့၊ သူ့ကိုယူထားခဲ့တဲ့ သူ့မိန်းမတောင် ရေရေရာရာ သိပုံမပေါ်ပါဘူး။ တကယ်လည်း သူ့မိန်းမဟာ ဘာမှသေသေချာချာမသိခဲ့ပါ။ သူ့ယောက်ျားကို ခပ်ပေ့ါပေါ့၊ ခပ်အေးအေးနေတတ်တဲ့ လူတစ်ယောက်လို့သာ ယေဘူယျသိထားခဲ့တာလေ။ ခုလို သူ့ယောက်ျား စိတ်ဖောက်ပြီးထွက်သွားတော့မှပဲ 'လူထူးလူဆန်း' ရယ်လို့ သိလာရတာ။

သူ အိမ်ကထွက်သွားတာ နှစ်တွေကြာလာတော့ သူ့ဆွေမျိုးတွေ၊ သူ့မိတ်ဆွေတွေကတောင် သူ့အကြောင်းမေးကြ၊ ပြောကြ ရှိပါဦးတော့မလား။ သူ့ကို သတိရကြပါတော့မလား။ ဒါ သူ့ဘက်ကအတွေးတွေလေ။

သူ့အမျိုးသမီးကတော့ အောက်တိုဘာလတစ်လရဲ့ ညနေခင်းတစ်ခုအကြောင်း တွေးနေတယ်။ အဲဒီညနေခင်းဟာ အဲဒီအမျိုးသမီးအတွက် နောက်ဆုံးလှပတဲ့ ညနေခင်းလည်း ဖြစ်နိုင်တယ်လေ။

အဲဒီညနေခင်းမှာ သူ့ယောက်ျားက သူ့ကို နောက်ဆုံးနှုတ်ဆက်ထွက်ခွာသွားတာကို အမျိုးသမီးက ပြန်သတိရတယ်။

ခရီးဆောင်သေတ္တာလေးတစ်လုံးကို ကိုင်လို့၊ ခရီးထွက်ရင် ပေါ့ပေါ့ပါးပါးရှိစေမယ့် ဝတ်စုံကို ဝတ်ဆင်လို့ သူ့ကို သူ့ယောက်ျားက ပြောခဲ့တယ်လေ။

"ဒီနေ့ညရထားနဲ့ ကိုယ် ခရီးတိုတစ်ခု သွားစရာရှိတယ်" တဲ့။

သူ ဘာမှ မပြောခဲ့ပါဘူး။ ခရီးအကွာအဝေးနဲ့ ကြာမယ့်ရက်ကိုပဲ ထုံးတမ်းစဉ်လာတစ်ခုလို ပျော်ပျော်ရွှင်ရွှင်ပဲ မေးခဲ့မိတယ်။ အင်းလေ... ဒီလိုအချိန်မှာ ဘယ်သူကများ သူတို့ ခုလို နှစ်ရှည်လများ ရင်ကွဲကွဲကွာရလိမ့်မယ်လို့ တွေးမိမှာတဲ့တုန်း။ မကြာခင်ပြန်လာမှာပဲဆိုတဲ့ အတွေးပဲ ရင်ထဲမှာ ရှိလိမ့်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ယောကျာ်းက သူ့ကို ထပ်တောင် မှာခဲ့သေးတယ်။

"ခရီးက နီးလို့ နောက်တစ်နေ့ရထားနဲ့ ပြန်လာမယ်ထင်ပြီး မျှော်မနေနဲ့ဦး။ အနည်းဆုံး သုံးရက်၊ လေးရက်လောက် ကြာရင် ကြာမှာ" ဆိုပြီး သူ့ကို နောက်ဆုံးနှုတ်ဆက်အနမ်း နမ်းသွားခဲ့သေးတယ်လေ။

သေချာပြန်စဉ်းစားကြည့်တော့လည်း ခရီးမထွက်ခင် ညနေခင်း ညစာစားပြီးတဲ့အထိ သူ့ယောကျာ်းဆီက ဘာထူးခြားတဲ့ အမူအယာမှ သူ မတွေ့ခဲ့ရဘူး။

ခရီးစဉ်ကိုတောင် စိတ်ရှည်လက်ရှည် ရှင်းပြသွားခဲ့သေးတယ်။ ဘာလို့သွားရတယ်၊ ဘာလို့ ဒီလောက်ပဲကြာရတယ် စသဖြင့်ပေါ့။

နှုတ်ဆက်အနမ်း နမ်းပြီး ထွက်ခွာသွားတဲ့ သူ့ယောကျာ်းကို အဲဒီညနေခင်းက သူနောက်ဆုံးမြင်လိုက်ရတာပါပဲ။ ဒါပေမဲ့ အဲဒီတုန်းက တော့ နောက်ဆုံးမှန်း ဘယ်သိလိမ့်မလဲ၊ ပြန်ရောက်လာမယ့် သူ့ယောကျာ်း ရဲ့ မျက်နှာကို မြင်ယောင်ပြီးတော့တောင် ပြုံးနေသေးတယ်။

ဒါပေမဲ့လည်း တဖြည်းဖြည်း အချိန်တွေကြာလာတာနဲ့အမျှ သူ့ဘဝဟာ အလိုအလျောက် မုဆိုးမဘဝဖြစ်သွားခဲ့ရတယ်။ ပတ်ဝန်းကျင် ကလည်း ဒီလိုပဲ သတ်မှတ်တာပဲလေ။ သူ့ယောကျာ်းကမှ နှစ်နဲ့ချီရှိပြီး ပြန်ရောက်မလာနိုင်ဘဲကိုး။

သူ့စိတ်ထဲမှာတော့ မတင်မကျနဲ့။ ယုံလည်း မယုံချင်သလိုပဲ။ သူတို့လင်မယား သောကမဲ့စွာ ပျော်ခဲ့တဲ့ အချိန်နာရီတွေ၊ နေ့ရက်တွေကို ပြန်သတိရနေမိတယ်။ ကြာလာတော့လည်း ပြန်ရောက်လာမယ့် ယောကျာ်း ထက် သေဆုံးပြီးနေပြီဖြစ်တဲ့ လူသေအလောင်းတစ်လောင်းလို သူ့ ယောကျာ်းကို မြင်ယောင်လာတော့တယ်။ ကောင်းကင်ဘုံရောက်ဖို့ ဆုတောင်းပေးနေရပြီပေါ့။

သူ့ယောကျာ်းကို စုံစမ်းပေးတဲ့လူတွေက...

"ခင်ဗျားယောကျာ်းကို ဘယ်မှာမှ မတွေ့တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားယောက်ျားတော့ သေပြီ"လို့ လာပြောကြတယ်။

ဒါပေမဲ့ သူ အဲဒါတွေကို ဟုတ်မှဟုတ်ရဲ့လားလို့ သံသယ ဝင်နေတယ်။ သူ့ကိုယ်သူ မုဆိုးမဆိုတာကိုလည်း ဟုတ်ရဲ့လားလို့ စဉ်းစား နေမိတတ်တယ်။

နိုင်ငံတစ်နိုင်ငံရဲ့ မြို့တော်လို ကြီးမားလှတဲ့၊ ကျယ်ပြန့်လှတဲ့ မြို့ကြီးမှာ လမ်းတွေ၊ ရပ်ကွက်တွေက အများကြီး။ လူတွေက မရေမတွက် နိုင်နဲ့ သူ့ယောက်ျားကို ရှာတွေ့ဖို့ဆိုတာ လွယ်တာမဟုတ်ဘူးလေ။

အဲဒီလို အမျိုးသမီးက သံသယတွေနဲ့ မျှော်လိုက်၊ ဆုတောင်း လိုက်၊ စုံစမ်းလိုက် လုပ်နေတဲ့အချိန်မှာ အဲဒီလူ ဘာလုပ်နေမယ် ထင် သလဲ။

အဲဒီအချိန်မှာ…

သူ သူ့အခန်းကျဉ်းလေးထဲက မီးလင်းဖိုရှေ့မှာ နွေးထွေးအောင် ထိုင်နေတယ်။ အဲလိုထိုင်နေပေမယ့် အေးစက်တဲ့ သူ့ဗိဇတွေကတော့ နွေးထွေးမလာပါဘူး။

အမှန်ဆို သူ့မိန်းမနဲ့သူ လမ်းတစ်ခုပဲခြားတာ။ အဲဒီနားမှာ သူရုပ်ဖျက်ပြီး စတင်နေထိုင်လိုက်ကတည်းက သူ့ကို သူစိမ်းတစ်ယောက် ဆိုပြီး စောင့်ကြည့်နေကြတဲ့ သူတချို့လည်း ရှိတယ်။

သူကတော့ သူ့အနားကို ဘယ်သူ့ကိုမှ အကပ်မခံဘူး။ အနားကို လူတစ်ယောက်ရောက်လာတယ်ဆိုရင်ပဲ မသိချင်ယောင်ဆောင် တစ်ဘက် လှည့်နေလိုက်တယ်။ အထူးသဖြင့် သူသိခဲ့ဖူးတဲ့ လူတွေကိုပေါ့။

အဲဒီလိုသာ နေတာပါ။ ခပ်လှမ်းလှမ်းက အော်ခေါ်သံတွေ၊ ဘာတွေ ကြားရင်တော့ သူ့ကိုများ ခေါ်တာလေလားဆိုပြီး ရင်ထိတ်သွား တတ်သေးတယ်။

သူ့အကြောင်းသိသွားကြတဲ့ တချို့ ပါးနပ်သူတွေကတော့ သူ့မိန်းမကိုလည်း သွားမပြောရဲဘူး။ သူ့ကိုတော့ အရူးတစ်ယောက်လို့



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ကြမှာ သေချာပါတယ်။

တစ်ယောက်ကတော့ သူ့ကို မှတ်ချက်ချတယ်။

"သနားစရာကောင်းတဲ့လူပဲ။ ဒီလောက်ကျယ်တဲ့ ကမ္ဘာလောက ကြီးထဲမှာ သူက ကိုယ့်ဘာသာကိုယ် အကျဉ်းချထားတယ်။ သူ့ကို ဘယ်သူမှ မကယ်နိုင်ကြတော့ဘူးလား။ သူ့ရဲ့ အဲဒီအရူးလုပ်ရပ်အတွက် သူ့မိန်းမမှာ စိတ်သောကတွေ မဖြစ်သင့်ဘူး။ ချစ်ခြင်းကို သက်သက်မယ့် အဆိပ်ခတ်တဲ့ လူရူးတစ်ယောက်ပဲ။ ဘုရားသခင် သူ့လုပ်ရပ်ကို သူ့မိန်းမ အမှန်အတိုင်း သိသင့်ပါပြီ" တဲ့။

အချိန်တွေက ကြာလာပြီ။ ဘာအစိုးပွါယ်မှုလည်း မရှိဘူး။ ဘယ်သူ့ ဘယ်သူမှလည်း အကျိုးမရှိတဲ့ ဒီဖြစ်ရပ်ကြီးကို သူ အမှန်အတိုင်း ဝန်ခံပြီး သူ့မိန်းမဆီကို ပြန်သင့်နေပြီ။

ဒါပေမဲ့ ဒီလူ နောင်တမရသေးဘူး။ အချိန်စောနေသေးတယ်လို့ ထင်ပုံရတယ်။ အိပ်ရာဝင်ချိန်မှာ သက်တောင့်သက်သာမရှိတဲ့ အိပ်ရာပေါ် လဲလျောင်းရင်း အိပ်ပစ်လိုက်တယ်။ တစ်ရေးနိုးလာလို့ အထီးကျန်တဲ့ အတွေးတွေ ဝင်လာပြီဆိုရင်တော့...

"မဟုတ်သေးပါဘူး။ နောက်ညဆို ငါတစ်ယောက်တည်း မအိပ်တော့ဘူး"လို့ တွေးတတ်တယ်။

ဒါပေမဲ့ ဒါက ခဏပါ။ မိုးလင်းလာလို့ အိပ်ရာကထပြီး ဒီနေ့ တစ်နေ့တာ ဘာလုပ်ရမလဲလို့တွေးရင်တော့ သူ့အစီအစဉ်ထဲမှာ ညက အတွေးတွေ ပါမလာတော့ဘူး။ မသေချာ မရေရာတဲ့အရာတွေပဲ ပေါ်ပေါ် လာတယ်။

"ကိုယ့်ကိုယ်ကို သတ်သေရင် ကောင်းမလား"

"ဒါ မဟုတ်သေးပါဘူး။ ဒါဟာ ဆောက်တည်ရာမရတဲ့ လူ တစ်ယောက်ရဲ့ နောက်ဆုံးအတွေးပဲ"

"ငါ့မိန်းမ မုဆိုးမဘဝနဲ့ ကြာကြာမှနေပါ့မလား။ နောက်တစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com


တောင် ခံပါ့ဦးမလား"

"ငါ့လုပ်ဇာတ်တွေကိုရော ဘယ်လောက်ကြာကြာ ထိန်းသိမ်းသို့ဝှက်ထားနိုင်မှာလဲ"

စသဖြင့်...စသဖြင့်...တောင်စဉ်မရေမရာအတွေးတွေနဲ့ပဲ အချိန်ကုန်သွားတတ်တယ်။

သူ တကယ်သက်တောင့်သက်သာနေနိုင်တဲ့ သူ့အိမ်ဟာ လမ်းရဲ့တစ်ဘက်မှာတင် ရှိတာပါ။ ဝေးဝေးလံလံလည်း မဟုတ်။ သွားချင်ရင်အချိန်မရွေး ထသွားနိုင်အောင် အနားမှာ ကားတွေ ရထားတွေလည်းအဆင်သင့်။

"အခုနေ ငါ ထပြန်သွားရင်... ... ..."

အဲဒီလို အတွေးတွေနဲ့ သူ ခေါင်းခဲနေကျပါ။ သူ့ရဲ့ ကြောင်စိစိအတွေးတွေက သူ့ကို နှိပ်စက်လာပြီမို့ သူ အရဲစွန့်ပြီး အပြင်ထွက်လိုက်တယ်။

တစ်လမ်းကျော်က သူ့အိမ်ကို သွားချောင်းကြည့်ဖို့လေ။ စိတ်လိုက်ကိုယ်ပါလုပ်တတ်တဲ့ သူ့အကျင့်ကြောင့်သာ သူထွက်လာတာ။ တကယ်တော့ သူ့ဘာသာသူ "ဘယ်သွားမှာလဲ"လို့ ပြန်မေးနေမိတုန်း။

အပြင်ရောက်ပြီဆိုတာနဲ့ သူ့စိတ် မလုံမလဲဖြစ်မှုတွေက စတင်တော့တာပါပဲ။

သူ့ကို လူတွေမမြင်အောင် ခပ်သွက်သွက်လျှောက်လာရတဲ့အတွက် စိတ်မောလူမော ဖြစ်နေတယ်။ မျက်နှာကိုလည်း လူမြင်အောင်မပြရဲတဲ့အတွက် တဖြည်းဖြည်း အသက်ရှုကျပ်လာတယ်။

"တစ်ယောက်ယောက်ကများ တွေ့ပြီး ငါ့ကို မှတ်မိသွားမလား"

"အရင်အိမ်က အိမ်စေတစ်ယောက်ယောက်များ တွေ့ပြီး သူ့ကိုပြန်လိုက်ခဲ့ဖို့ အော်ဟစ်ခေါ်လေမလား"

စသဖြင့် မဖြစ်နိုင်တဲ့ စိတ်ကူးတွေနဲ့ သူ ဗျာများနေလေရဲ့။


www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ရောက်သွားပြန်တော့လည်း ခပ်လှမ်းလှမ်းကနေ အိမ်ကို လှမ်းကြည့်ပြီး စိတ်ရှုပ်ထွေးနေပြန်ရော။

သူ့မိန်းမနဲ့ ကွဲကွာခဲ့တာ နှစ်တွေ ကြာခဲ့ပေမယ့် ငယ်ပေါင်းတွေမို့ အနှံ့အတာ မေ့ဆေးပါဘူး။ ဒါပေမဲ့ သူကိုယ်၌က ရှုပ်အောင် လုပ်ခဲ့တာလေ။ ခုတော့ ဘယ်လိုမှ မဆုံးဖြတ်နိုင်တဲ့ ပြဿနာနဲ့ သူ လုံးထွေးသတ်ပုတ်နေရပြီ။

အိမ်ပေါ်ကို လှမ်းကြည့်လိုက်တော့ သူ့မိန်းမကို တွေ့လိုက်ရတယ်။ သူ့မိန်းမကလည်း အပေါ်ထပ်ကနေ အပြင်လမ်းဘက်ကို လှမ်းကြည့်နေတာကိုး။

စိတ်ထဲမှာလည်း သူ့ကို မှတ်မိသွားမလားလို့ ထိတ်ခနဲ ဖြစ်သွားသေးတယ်။ ရင်ထဲမှာ ဝမ်းသာသလိုလို၊ တကယ်ကျ ဖြစ်မှမဖြစ်နိုင်တာ။ အနီရောင်ဆံပင်အတု၊ သူ ဘယ်တုန်းကမှ မကြိုက်ခဲ့၊ မဝတ်ခဲ့တဲ့ အညိုရောင်ဘောင်းဘီ အကျႌ၊ ပြီးတော့ လွယ်အိတ်ကြီးတစ်လုံးနဲ့ သူ့ကို တော်ရုံလူမှတ်မိဖို့ မလွယ်တာ သူသိနေတာပဲ။

အိမ်လည်လာတဲ့ ဧည့်သည်ကို စုံစမ်းတဲ့အကြည့်မျိုးနဲ့ ကြည့်တာပဲ ဖြစ်မှာပါလို့ သူပြန်တွေးတယ်။

သူ့စိတ် သူတင်းပြီး ကိုယ့်ကိုယ်ကို ရုပ်ဖျက်၊ သူ့မိန်းမကို သွားသွားကြည့်ရတဲ့အကြောင်းအရင်းတွေထဲမှာ 'သူ့မိန်းမဟာ တစ်ယောက်တည်း ကျန်နေခဲ့လို့ ဒေါသမလောက် ကြောက်နေမလား' ဆိုတဲ့ အတွေးလည်း ပါတယ်။

သူဖြတ်သန်းသွားတိုင်း သူ့မိန်းမကို တွေ့ရတယ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့မိန်းမကို သူ ခွဲခွာလာပြီးကတည်းက တွေ့တာ နှစ်ခါ သုံးခါ ရှိနေပြီ။

သူ့မိန်းမပုံစံက ပုံမှန်တော့မဟုတ်ဘူး။ အသက်မဲ့သလို မျှော်နေ လေးကန်နေတဲ့ ခြေလှမ်းတွေ၊ ဖြူဖတ်ဖြူရော်နဲ့ သွေးဆုတ်နေသလို



www.burmeseclassic.com

www.burmeseclassic.com



ချက်နှာ၊ ပူပန်သောကရောက်နေတဲ့ မျက်ဝန်းညှိုးညှိုးတွေကို သူတွေ့နေရတာပဲ။

တတိယပတ်လောက်မှာ သူ မသွားဘဲ နေလိုက်သေးတယ်။ နောက် သူ့ကိုယ်သူ ဆေးဆရာတစ်ယောက်လို ရုပ်ဖျက်ပြီး သူ့အိမ်သူ ပြန်တက်သွားတယ်။

အဲဒီတုန်းက သူက ဆေးဆရာ၊ သူ့မိန်းမက လူမမာအဖြစ်နဲ့ သူ့အိမ်ပေါ်မှာ သူတို့ ပြန်ဆုံကြသေးတယ်ပေါ့။

သူ မှတ်မိနေသေးတယ်။

ညနေခင်းလောက်မှာ သူစီးသွားတဲ့ကားက သူ့မိန်းမအိမ်ရှေ့မှာ ရပ်တယ် (အဝေးကြီးကလာခဲ့ရသလိုမျိုး)။ တံခါးကိုခေါက်ပြီး အိမ်ထဲ အဝင်မှာ တခြားဖိစီးမှုတွေထက် သူ့ခေါင်းထက်က ဆံပင်အတုကြီးရဲ့ လေးလံဖိစီးမှုက ပိုတယ်လို့ ခံစားလိုက်ရတယ်။

ဒါပေမဲ့ အိမ်ထဲဝင်လိုက်လို့ အိပ်ရာပေါ်လဲနေတဲ့ သူ့မိန်းမကို မြင်လိုက်ရတယ်ဆိုရင်ပဲ သူ့ရင်ထဲမှာ တုန်လှုပ်ခြောက်ခြားသွားတယ်။

"အို...သေများ သေပြီလား။ သနားစရာပဲ"လို့ စိတ်ထဲက ရေရွတ်ရင်း သူ့မိန်းမရဲ့ဝိညာဉ်က သူ့ကို မနှောင့်ယှက်နိုင်ဖို့လည်း ကြိတ်ပြီး ဆုတောင်းလိုက်သေးတယ်။ အာဂလူပဲ။

ဒါပေမဲ့ သူ့မိန်းမက မသေပါဘူး။ နောက်ထပ် တစ်ပတ် ကျော်ကျော်လောက်မှာပဲ ပြန်နေကောင်းလာခဲ့တယ်။ ရင်ထဲက သောက တွေကို ငြိမ်အောင် ထိန်းသိမ်းထားလိုက်နိုင်ပုံပဲ။

ဆေးဆရာယောင်ဆောင်ထားတဲ့ သူ့ကိုလည်း အချိန်မရွေး ပြန်ခွင့်ပေးထားတဲ့အတွက် သူ့ဘာသာသူတော့ နောက်ထပ်မကျန်းမမာ မဖြစ်နိုင်တော့ဘူးလို့ ယုံကြည်ထားပုံပဲ။

သူ့အခန်းလေးဆီ သူပြန်လာခဲ့ရပြီ။ သူ့အလုပ်က ဒီအိမ်မှာ မရှိတော့ဘူးလေ။ ပြီးပြီကိုး...။ သူ့အခန်း ပြန်ရောက်တယ်ဆိုရင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေ ကယောက်ကယက်နဲ့ လှုပ်ရှားလာတော့တာပဲ။

"တကယ်တော့ လမ်းတစ်လမ်းပဲ ခြားနေတာကို ကိုယ့်ဖုဏ္ဍကိုယ်သက်သက်ရှာတာပဲ။ အရူးထတာပဲ"

တစ်ခါတစ်လေတော့လည်း သူ့ဘာသာသူ အဲလို အပြစ်တင်တတ်တယ်။ ဒါပေမဲ့ ကံကြမ္မာက သူ့ကို ဒဏ်မခတ်ပါဘူး။ သူ့အိမ်သူ အချိန်မရွေးပြန်နိုင်ဖို့ အခွင့်ပေးထားခဲ့တယ်။ သူကသာ မပြန်ခဲ့တာ။

အဲဒီလိုနဲ့ အချိန်တွေဟာ ကုန်သွားခဲ့တယ်။ သူလည်း မျက်နှာပေါ်မှာ အရေးအကြောင်းတွေနဲ့ နဖူးပေါ်မှာ လိုင်းတွန့်တွေနဲ့ ဖြစ်လာတယ်။ မျက်ဝန်းတွေကလည်း အရောင်မတောက်တော့ဘူး။ ခြေလက်တွေကလည်း လေးလံလာခဲ့ပြီ။

ခေါင်းငိုက်စိုက်ချလို့ လောကကြီးကို အမေ့မေ့အလျော့လျော့ဖြစ်နေခဲ့ပြီလေ။ အင်း...သူ့မိန်းမကို ကြည့်မယ်ဆိုရင်လည်း သမ္မာကျမ်းစာအုပ်တစ်အုပ်ကို လက်မှာကိုင်လို့ ဘုရားရှိခိုးကျောင်းကို မှန်မှန်သွားသွားနေတာကို တွေ့ရတယ်။

အရင်ကလို သံသယမျိုး မရှိတော့ဘူး ထင်ပါရဲ့။ တည်ငြိမ်လေးနက်တဲ့ မုဆိုးမတစ်ယောက်ရဲ့ ပုံသဏ္ဌာန်နဲ့ ပိုတူလာတာကိုတွေ့ရတယ်။

သူတို့ ကွဲကွာနေခဲ့ကြပြီး ဆယ်နှစ်လောက်အကြာမှာ သူတို့နှစ်ယောက် ပြန်တွေ့ကြတာကို မှတ်မိနေတယ်။ နေရာက လူတွေကြိတ်ကြိတ်တိုး စည်ကားနေတဲ့ လမ်းတစ်နေရာမှာ သူတို့နှစ်ယောက် လက်ချင်းပုခုံးချင်း ထိနေကြတယ်။ လူတွေကလည်း တိုးတာကိုး။

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိတဲ့အချိန်မှာ အံ့အားသင့်သွားကြတယ်။ ဒါပေမဲ့ ခဏပါပဲ။ လူအုပ်ကြားမှာသူတို့ချင်း ကွဲသွားခဲ့ကြတယ်လေ။

သူ့မိန်းမက ဝမ်းနည်းဝေခွဲမရတဲ့ မျက်နှာနဲ့ ဘုရားကျောင်းဘက်ဆီ ဦးတည်ပြီး ခပ်လေးလေးလျှောက်သွားတာကို တွေ့ရတယ်။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနားရောက်တော့ စောစောက လူအုပ်ဆီ တစ်ချက်ပြန်လှည့်ပြီး သက်ပြင်းဖွဖွချတယ်။

ပြီး...ဘုရားကျောင်းထဲဝင်သွားပြီး လက်ထဲက ဘုရားစာအုပ်ကိုပဲ ဖတ်နေလိုက်တော့သတဲ့။

အဲဒီ လူအရူးကတော့ ထုံးစံအတိုင်း သူ့အခန်းငယ်လေးဆီ မြန်မြန် ပြေးသွားပြီး အခန်းတံခါးကို ဂျက်ချပိတ်လို့ အိပ်ရာထဲလှဲရင်း နှစ်ပေါင်း များစွာ သူ့ဘဝင်မကျဖြစ်မှုတွေကို သူ့ဘာသာသူ အရိုန်မြှင့်ပေးနေပြန်ရော။

သူ့စိတ်မချမ်းမြေ့မှုဟာ သူ့လက်ရှိအခြေအနေကို ပြန်သုံးသပ် ခိုင်းနေတယ်။ မခံနိုင်တဲ့အဆုံး သူဟာ အရူးတစ်ယောက်လို အော်ဟစ် နေမိတော့တာပဲ...တဲ့။

"အရူးပဲ...ငါဟာအရူးပဲ"

သူရူးနေတာကို သူ့ဘာသာသူ သိသွားပြီလေ။ ဒါ သဘာဝကျပါ တယ်။ သူဟာ သူ့လုပ်ငန်းဆောင်တာတွေကို ဘာမှ မလုပ်နိုင်တော့ဘူး။ အသက်ရှင်နေထိုင်ခွင့်ရတဲ့ လူတစ်ယောက်ရဲ့ အခွင့်အရေးမျိုး သူ့မှာ မရှိဘူး။ တကယ်တော့ သူ့ဘဝဟာ ရှင်လျက် သေနေတာနဲ့ ဘာမှမထူး ပါဘူး။

တကယ်တမ်းကျတော့ သူဟာ လူနဲ့ဝေးတဲ့နေရာသွားပြီး တရား ကျင့်နေတဲ့ ရသေ့၊ ရဟန်း သူတော်စင်မှ မဟုတ်တာ။ လူနေထူထပ်တဲ့ မြို့လည်ခေါင်မှာနေတဲ့လူ။

ဒါပေမဲ့ သူ့စိတ်ရဲ့ မူမမှန်မှုကြောင့် လူတွေနဲ့ဝေးရာ၊ ပျော်စရာ တွေနဲ့ ဝေးရာမှာ နေနေရတယ်။ မိန်းမနဲ့လည်း ရှင်ကွဲ ကွဲနေရတယ်။

တစ်ခါတစ်လေတော့လည်း အဲဒီလို အထီးကျန်တဲ့စိတ်ရဲ့ စေ့ဆော်မှုတွေ ဖြစ်လာတတ်ပါရဲ့။ ဒါပေမဲ့ သူ့စိတ်ကိုတော့ တော်တော်နဲ့ မပြောင်းလဲနိုင်ခဲ့ဘူး။

"ငါ မကြာခင် အိမ်ကိုပြန်မယ်"လို့ ခဏခဏလည်း ဆုံးဖြတ်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ပါရဲ့။ ဒါပေမဲ့ အနှစ် (၂၀)သာ ကြာသွားတယ်၊ ဖြစ်မလာခဲ့ဘူး။

အိမ်နဲ့ မိန်းမကို သွားသွားကြည့်နေခဲ့တာပဲ နှစ် (၂၀)ပြည့်သွားတယ်။ ဘာမှ ဖြစ်မလာခဲ့ဘူး။

ဒီတော့မှ သူပြန်စဉ်းစားကြည့်မိတယ်။ မိန်းမတစ်ယောက် ယူထားပြီး ပျက်ကွက်ခဲ့တဲ့ တာဝန်ဝတ္တရားတွေ၊ သူ့ဘဝမှာ လုပ်ရမယ့်ကိစ္စတွေ သူ မလုပ်ခဲ့ရတာတွေ အစီအစဉ်လိုက် ပြန်ပေါ်လာတယ်။

ဒါပေမဲ့ ဒါတွေက လွန်ခဲ့ပြီလေ။ အရင်က သူအိမ်ပြန်ရင် သူ့မိန်းမက ဝမ်းသာအားရအပြုံးနဲ့ ဆီးကြိုနေကျ၊ ပွေ့ဖက်နှုတ်ဆက်နေကျ၊ သူ့ဘဝရဲ့ သာယာကြည်နူးမှုတွေကို သူ ပြန်အမှတ်ရလာတယ်။

ခုနေ သူပြန်သွားခဲ့ရင်ရော သူ့ကို အရင်ကလို ကြိုဦးမလား။

သူ တွေးနေမိတယ်။

သူ အိမ်က ထွက်သွားပြီး အခန်းကျဉ်းလေးထဲမှာ သူ့ကိုယ်သူ အကျဉ်းချထားတာ နှစ်ပေါင်း (၂၀)ပြည့်တဲ့ တစ်ညနေမှာပေါ့။

ခါတိုင်းလိုပဲ သူ လမ်းလျှောက်ထွက်လာတယ်။ သူ့အိမ်ဘက်ကို ဦးတည်ပြီး လှမ်းလျှောက်နေတာပါ။ မိုးရာသီမို့ မိုးစက်တွေက ခပ်ဖွဲဖွဲ ကျနေတယ်။

အိမ်နားရောက်လို့ အိမ်ပေါ်ကို လှမ်းမျှော်ကြည့်တော့ အနီရောင် ပျပျကို မြင်ရတယ်။ အပေါ်ထပ်က မီးလင်းဖိုပဲ ဖြစ်မှာပေါ့။ သူတို့မြို့က မိုးရာသီမှာလည်း တော်တော်အေးတတ်တယ်လေ။

နောက် ပြူတင်းပေါက်ဆီ အကြည့်ရွှေ့မိတော့ ခန်းဆီးနောက်ကွယ်က သူ့မိန်းမရဲ့ အရိပ်ကို တွေ့လိုက်ရတယ်။ ဆောင်းထားတဲ့ ဦးထုပ်၊ မျက်နှာကျ၊ ကိုယ်နေဟန်ထား ဒါတွေဟာ နှစ်လိုစရာကောင်းတုန်းပဲလို့ သူတွေးတယ်။

ဒါပေမဲ့ အိုမင်းစပြုနေတဲ့ အဘွားအိုပေါက်စတစ်ယောက်ထဲ ဖြစ်နေပြီဆိုတာကိုတော့ သူ သတိမပြုမိဘဲ မနေနိုင်ပါဘူး။

www.burmeseclassic.com



အိမ်ဆီကို လှမ်းမျှော်ကြည့်ရင်း မိုးရေထဲမှာ သူ ဆက်ရပ်နေတယ်။ အေးစက်နေတဲ့ မိုးရေအောက်မှာ ဒီလိုပဲ ဆက်ရပ်နေတော့မှာလား။ နွေးထွေးတဲ့ ကိုယ့်အိမ်က မီးလင်းဖိုလေးရှိရာကို မသွားသင့်ဘူးလား စသဖြင့် သူ့ဘာသာ သူ ပြန်မေးနေမိတယ်။ ပြီးတော့...

သူ့အိမ်က မီးဖိုက သူ့ကို နွေးထွေးအောင် လုပ်ပေးမှာလား၊ သူ့မိန်းမကရော သူ့ကို အဝတ်ခြောက်တွေနဲ့ လဲလှယ်နွေးထွေးစေမှာလား၊ အဲလိုလည်း သူ တွေးနေပြန်တယ်။

သူ့ခြေလှမ်းတွေကတော့ နှစ်ပေါင်း (၂၀)လောက် သူခွဲခွာခဲ့တဲ့ လှေခါးထစ်တွေဆီကနေ လှည့်ပြန်ဖို့ လိုသေးလို့လား။ ဒါဆိုရင်တော့ သချိုင်းကို တန်းသွားရမှာပဲ။

အဲဒီအတွေးက သူ့ခြေလှမ်းတွေကို တုန့်သွားစေတယ်။ အဲဒီအချိန်မှာ အိမ်တံခါးမကြီးက ပွင့်လာတယ်။ ပွင့်လာတဲ့ တံခါးကနေ သူ ဝင်သွားလိုက်တယ်။ လွန်ခဲ့တဲ့နှစ် (၂၀)က တေလေစိတ်ရဲ့ အလိုကို လိုက်ပြီး ထွက်သွားတဲ့ လူကြီးဟာ သူ့အိမ်သူ ပြန်ရောက်လာခဲ့ပြီ။

သူ့ရဲ့ အိမ်ပြန်ခရီးကိုတော့ ခင်ဗျားဘာသာ တွေးယူပေတော့။

အမျိုးသမီးက သက်ပြင်းချ၏။

"ဒီပုံပြင်ကို ကျွန်မ ကြားဖူးသလိုပဲ"

"ဟုတ်မယ်၊ ကြားဖူးနိုင်တာပေါ့။ ဒါဟာ တကယ့်အဖြစ်အပျက်တစ်ခုပဲ။ အနောက်နိုင်ငံက ဂျာနယ်တွေ၊ သတင်းစာတွေထဲမှာ ဟိုလေးတကျော်ကျော်ဖြစ်ခဲ့တဲ့ ကိစ္စပဲ"

"တကယ့်အဖြစ်အပျက်လည်း ပုံပြင်ဆန်တယ်နော်"

"အင်း...ဟုတ်တယ်"

"အဲဒီလူက နောက်ဆုံးမှာတော့ သူ့ကို မျှော်နေတဲ့ မိန်းမဆီပြန်ရောက်သွားတယ်နော်"

www.burmeseclassic.com



"အင်း"

"ဒါပေမဲ့ ရှင်ပြောတဲ့ အဓိကအကြောင်းအရာကတော့ စွန့်ခွာထွက်ပြေးသွားတဲ့ ယောက်ျားတစ်ယောက်အကြောင်းပါပဲ"

"ဟုတ်တယ်၊ အဲဒီလို ပြောလို့ ရတယ်"

"ကျွန်မကိုလည်း အဲဒီလိုစွန့်ခွာသွားတဲ့သူ ရှိတယ်။ ကျွန်မကလည်း ပြန်လာမလားလို့ မျှော်လင့်နေတယ်၊ ရှင် အဲ့ဒီလို ဆိုချင်တာလား"

လူစိမ်းက ပုခုံးတွန့်ပြ၏။

"ကျွန်တော်လည်း အဲ့ဒီလို မပြောရပါလားဗျာ"

"ဒါပေမဲ့ ကျွန်မတော့ ထပ်မေးရဦးမှာပဲ၊ ရှင့်ပုံပြင်ထဲက လူလိုပဲ ကျွန်မဆီကို ပြန်လာဦးမယ့်လူ ရှိလား"

လူစိမ်းက ချက်ချင်းမှာ ဘာမှပြန်မပြော။ လက်ဖက်ရည်ဆိုင် ပြတင်းပေါက်မှတစ်ဆင့် မြင်နေရသော လဝန်းဖြူဖြူကို ငေးနေသည်။ ထို့နောက်မှ...

"နောက်ပုံပြင်တစ်ပုဒ်ကို ဆက်လိုက်ရအောင်ဗျာ"

အမျိုးသမီးက ခေါင်းညိတ်ပြသည်။

ညက အပြောင်းအလဲမရှိ လရောင်ကလည်း အပြောင်းအလဲမရှိ။ သို့သော် သူတို့ကတော့ ပုံပြင်အပြောင်းအလဲ လုပ်လိုက်ကြသည်။

"ဒီလိုဗျာ"

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

လွန်ခဲ့တဲ့နှစ်တွေထဲက တစ်နှစ်ဆိုပါတော့ဗျာ...။ တစ်ခုသော နွေရာသီအလွန်မှာ ကျွန်တော် ကမ်းရိုးတန်းတစ်ခုက ကမ်းခြေရွာကြီး တစ်ရွာကို ရောက်ခဲ့တယ်။ ရွာကြီးဆိုပေမယ့် မြို့တစ်မြို့လောက်နီးနီး စည်းကားကျယ်ပြန့်ပါတယ်။

အဲဒီမှာ ကျွန်တော် သင်္ချိုင်းကျောက်စာတိုင်ထွင်းတဲ့ လူတစ်ယောက်နဲ့ ကာလကြာကြာ တရင်းတနှီး နေခဲ့ဖူးတယ်။ အဲဒီလူက ကမ်းရိုးတန်းဒေသကလူ မဟုတ်ဘူး။ ကုန်းတွင်းပိုင်းမြို့တစ်မြို့က လာတာ။

တကယ်တမ်းကျတော့ သူက နယ်လှည့်သွားရင်း အဲဒီ စကျင်ကျောက်ပြားတွေ၊ မှတ်တိုင်တွေ ထွင်းတဲ့ အလုပ်လုပ်မယ်။ အဲဒီကျောက်ပြားတွေ အရောင်းအဝယ်လုပ်မယ်။ အဲဒီကမှတစ်ဆင့် ကုန်သည်လုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရှာမယ်ပေါ့။

သူ ကုန်သည်ဖြစ်သွားမသွားတော့ မသိဘူး။ အဲဒီအချိန်တုန်းကတော့ အဲဒီကမ်းခြေရွာကြီးမှာ သူဟာ အတော်နာမည်ရနေတဲ့ ကမ္ပည်းမှတ်တိုင်ကောင်းတွေ ထွင်းထုနိုင်တဲ့လူ ဖြစ်ခဲ့တယ်။ သူကလည်း ရိုးသားပြီး ကြိုးစားတတ်တဲ့ လူတစ်ယောက်ကိုး။

အဲဒီ ကမ်းရိုးတန်းဒေသတစ်ဝိုက်က လူတွေ၊ အထူးသဖြင့် အဲဒီကမ်းခြေရွာကြီးက လူတွေဟာ သံယောဇဉ်ကြီးတတ်တဲ့ လူတွေ။ သူတို့မိဘ၊ သားသမီး၊ ဇနီး၊ ခင်ပွန်း မိတ်ဆွေကောင်း စတဲ့လူတွေ သေဆုံးသွားပြီဆိုရင် နှစ်ကာလကြာတဲ့အထိ အမှတ်တရရှိနေတတ်ကြသလို သေသူတွေရဲ့ အုတ်ဂူပေါ်မှာလည်း ကျောက်ပြားအသစ်တွေနဲ့ အမှတ်တရ ကမ္ပည်းစာတမ်းတွေ၊ ကဗျာတွေ၊ အရုပ်တွေ ရေးထွင်းတတ်ကြတယ်။

အဲဒီလို ကမ္ပည်းထွင်းလေ့ရှိတဲ့ ခရစ်ယာန်ဘာသာဝင်တွေလည်း များတာကိုး။ သူတို့ဟာ ကမ်းရိုးတန်းဒေသသားတွေမို့ ရေလုပ်ငန်းနဲ့ အသက်မွေးကြရတဲ့သူတွေ များတယ်။ ပင်လယ်ပြင်မှာ သက်စွန့်ဆံဖျား လုပ်ကိုင်ရင်း သေဆုံးသွားကြတဲ့ သူတို့ချစ်ခင်သူတွေအတွက်လည်း အမှတ်တရ စာတမ်းတွေ ရေးထိုးကြ၊ သံယောဇဉ်ကို ပြကြလေ့ရှိတယ်။

ဒီတော့ အဲဒီရွာကြီးမှာ သူဟာ ကျောက်ပြားအလှရောင်းဝယ်ရေးနဲ့ ကျောက်ပြားစာတမ်းထွင်းထုရေးလုပ်ငန်းနဲ့ စီးပွားဖြစ်လာတာ မဆန်းဘူးပေါ့။

သူ့ကြောင့်ပဲ ကျွန်တော်တောင် အဲဒီရွာကြီးရဲ့ သင်္ချိုင်းကိုလျှောက်ကြည့်ခဲ့သေးတယ်။ အပင်လေးတွေ စိမ်းစိမ်းစိုစို၊ ဂူလေးတွေ သပ်သပ်ရပ်ရပ်၊ ကျောက်စာတိုင်အသစ်လေးတွေ အစီအရီနဲ့ သင်္ချိုင်းတောင် မတူဘူး။ ထွင်းထုထားတဲ့ အမှတ်တရစာသားတွေ၊ ကဗျာတွေ ရုပ်ပုံတွေကလည်း အမျိုးစုံပဲ။ တချို့များ တော်တော်ပြောင်မြောက်တဲ့ အနုပညာလက်ရာတွေလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကျတော့လည်း အဲဒီဒေသက ရတတ်ရာရာ ကျောက်ပြား တွေနဲ့ တတ်သရွေ့ မှတ်သရွေ့ မလှမပ ထွင်းထုထားကြတာ။ စာလုံးပေါင်း တွေကလည်း မှားလို့။

တစ်ခုတော့ရှိတယ်။ တော်တော်နဲ့ မပျက်အောင် ခပ်နက်နက် တော့ ထွင်းထားကြတာ တွေ့ရတယ်။ ဒါကလည်း ဘယ်လိုပဲဖြစ်ဖြစ် သေဆုံးသူတွေအပေါ် သူတို့ တတ်နိုင်သရွေ့ ရင်ထဲကမေတ္တာကို ပုံရိပ် ထင်ဟပ်စေတဲ့ အရာတွေပဲလေ။

ကျွန်တော်ကတော့ အဲဒီကျောက်ပြားထွင်းတဲ့ လူကို 'ပန်းပုဆရာ လေး'လို့ ခေါ်တယ်။ ပြောခဲ့ပြီးသလို အတော်တော့ စီးပွားရေးအမြင်ရှိတဲ့ သူပဲ။ ဒီလောက် ဝေးလံတဲ့ဒေသကထွက်တဲ့ စကျင်ကျောက်ဖြူဖြူတွေ၊ ဘာဘယ်လ်တွေကို သူဝယ်လာပြီး ဒီဒေသက ကမ္ပည်းတိုင်ထွင်းချင်တဲ့ သူတွေအတွက် အလုပ်လက်ခံပေးတယ်။

သူက ဒီအလုပ်ကို မျိုးနဲ့ရိုးနဲ့ လုပ်ကိုင်တာမဟုတ်ဘူး။ သူ့မျိုးရိုး ထဲမှာလည်း ဒီအလုပ်ကို လုပ်တတ်တဲ့သူ၊ လုပ်ချင်တဲ့သူ မရှိလှပါဘူးလို့ ပြောတယ်။ သူကတော့ သူ့ တူနဲ့ ဆောက်ကို တော်တော်ကျွမ်းကျွမ်း ကျင်ကျင် ကိုင်တွယ်လုပ်ကိုင်နိုင်တာပဲ။

သူ့ ဆောက်တွေ၊ တူတွေနဲ့ စည်းချက်မှန်မှန် အလုပ်လုပ်နေပြီ ဆိုရင် မကြာခင် လှပသေသပ်တဲ့ အမှတ်တရ ကမ္ပည်းကျောက်စာတိုင် တစ်ခု ဖြစ်လာတော့မှာ အသေအချာပဲ။

သေဆုံးသူတွေရဲ့ အရိုးတွေသာ ဆွေးမြေ့ချင် ဆွေးမြေ့သွား မယ်၊ အုတ်ဂူတွေသာ ပြိုပျက်ချင် ပျက်လာမယ်၊ သူ ထွင်းထုထားတဲ့ စာကျောက်ရာတွေကတော့ တော်တော်နဲ့ ပျောက်ကွယ်သွားမှာ မဟုတ်ဘူး။

သူဟာ လူရောစိတ်ပါ အမြဲတမ်း လန်းဆန်းတက်ကြွနေတဲ့ သူမျိုး။ ဝမ်းနည်းကြေကွဲစရာအကြောင်းအရာတွေ၊ ကဗျာတွေကိုတောင် ချင်းတည်းညည်း၊ လေတချွန်ချွန်နဲ့ ထွင်းနေတတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



လူမှုရေးဘက်မှာလည်း အင်မတန်ဖော်ရွေတဲ့သူ။ သူ့ဆီသွား တတ်တဲ့ ကျွန်တော့်အပေါ်လည်း ငြိမ့်ဝတ်ကျေတတ်တယ်။ သူလုပ်ငန်းနဲ့ ပတ်သက်ရင်လည်း အလုပ်အပ်တဲ့လူက ဘာမှ သိပ်ပြောစရာမလိုအောင်ကို ကျွမ်းကျင်တယ်။

သူ့အလုပ်ကို စိတ်ဝင်စားတဲ့ ကျွန်တော်က သူနဲ့အတူ တစ်နေ့ တစ်နေ့ နာရီပေါင်းများစွာ အချိန်ဖြုန်းပြီး သွားနေ၊ သွားလေ့လာခဲ့ဖူးတယ်။

တစ်ခါတစ်လေတော့ သူဟာ သူ့ကျောက်ပြားတွေအကြောင်း လုပ်ငန်းအကြောင်း စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြတတ်တယ်။ တစ်ခါတစ်လေတော့လည်း ဘာစကားမှ မဆိုဘဲ သူ့အလုပ် သူလုပ်နေ တာပဲ။ ကျွန်တော်ကလည်း သူ့ထွင်းထုမှုတွေကို ကြည့်နေလိုက်တယ်လေ။

သူ့ဆီ အလုပ်အပ်တော့မယ်ဆိုရင် လိုချင်တဲ့ ကျောက်ပြားအမျိုး အစား၊ ထွင်းထုချင်တဲ့ အမှတ်တရ စာ၊ ကဗျာ၊ တခြားမွမ်းမံမှုတွေကို သေချာညှိနှိုင်းပြီးမှ စျေးစကားပြောတတ်တာကို တွေ့ရတယ်။

အဲ…သူ့အလုပ်ကို သူလုပ်ပြီဆိုရင်တော့ အမာကျောဆုံးကျောက် ပြားတွေကလည်း သူ့ဆောက်ဖျားမှာ အနုက်ရှိုင်းဆုံး စာသားတွေ ဖြစ်လာ ရတော့တာပါပဲ။

ကျွန်တော်က သူ့ဆီမှာ ရက်ပေါင်းများစွာ၊ အချိန်ပေါင်းများစွာ တရင်းတနှီး သွားနေခဲ့တာဆိုတော့ သူ့ဆီ အလုပ်လာအပ်တဲ့ လူအမျိုးမျိုး ကိုလည်း တွေ့ကြုံခဲ့ရတယ်။

တစ်နေ့မှာ သူက သီချင်းတအေးအေးနဲ့ ကျောက်ပြားတွေ ထွင်းထုနေတုန်း မိန်းမကြီးတစ်ယောက် ရောက်လာတယ်။

သူလာအပ်တဲ့ ကမ္ပည်းအမှတ်တရကျောက်စာတိုင်က လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀)လောက်က ပင်လယ်ပြင်မှာ ငါးမန်းကိုက်လို့ သေဆုံးခဲ့ ရတဲ့ သူ့ငယ်ချစ်ဦးအတွက်တဲ့လေ။

အဲဒီအချိန်တုန်းက အဲဒီအမျိုးသမီးကြီးဟာ အိမ်ထောင်သည်


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖြစ်နေပြီ။ သားတစ်ယောက်မိခင်။ ဘယ်လိုဘဝတွေရောက်ရောက် ငယ်ချစ်ဦးကို မမေ့နိုင်တဲ့စိတ်က ပြောင်းလဲမသွားတာကိုတော့ ချီးကျူးပါတယ်။

လက်ရှိ အိမ်ထောင်နဲ့ သားအပေါ်ထားတဲ့ မေတ္တာ၊ ဝတ္တရားတွေနဲ့ ဟိုငယ်ချစ်ဟောင်းအပေါ်ထားတဲ့ မေတ္တာသစ္စာတွေကို တစ်ကန့်စီ ပိုင်းခြားသတ်မှတ်ထားနိုင်ပုံပဲ။

သူ့ချစ်သူအတွက် ရေးထိုးတဲ့ အမှတ်တရကမ္ပည်းကျောက်စာမှာ သတိရကြောင်းစာတွေတင် မကဘူး။ ပင်လယ်ရေအောက်က ရေမှော်ပင်လေးတွေ၊ ခရုပုံလေးတွေကိုပါ ထွင်းထုခိုင်းတယ်။

ပန်းပုဆရာလေးကလည်း အစွမ်းကုန် ထွင်းထုပေးလိုက်ပါတယ်။ တကယ်တမ်း အဲဒီကျောက်ပြား စိုက်ထူတဲ့နေရာမှာ အမျိုးသမီးကြီးဟာ ရိုးတံကျိုးနေတဲ့ နှင်းဆီနီတစ်ပွင့်ကို ကျောက်ပြားပေါ်မှာ ချိတ်ပေးလိုက်သေးတာကို တွေ့ရတယ်။

ဒါကို ပန်းပုဆရာလေးက မြင်တော့ မှတ်ချက်ချတယ်။

"အဲဒီ ရိုးတံကျိုး နှင်းဆီနီကို ချိတ်ထားခဲ့ထားတာဟာ ချစ်ဦးသူကို သစ္စာရှိတဲ့ ချစ်သူတစ်ယောက်အဖြစ် သက်သေပြတာ ဖြစ်ချင်ဖြစ်မှာပေါ့"တဲ့။

အင်း...နောက်ထပ် အလုပ်လာအပ်တဲ့ လူတစ်ယောက်ကတော့ နည်းနည်းထူးတယ်။ အလုပ်လာအပ်တဲ့အချိန်မှာ သူ့ဇနီးကို လက်ချင်းချိတ်လို့။

သူ ဘယ်သူ့အတွက် ကျောက်စာထွင်းစေချင်တာလို့ ခင်ဗျားထင်သလဲ။

ကျွန်တော် သူတို့ကို သေချာနားစွင့်လိုက်တော့ သူအလုပ်အပ်တာ သူ့ရဲ့ ဟိုအရင်က ကွယ်လွန်သွားကြတဲ့ ဇနီးဟောင်း (၃)ယောက်အတွက် အမှတ်တရ ကျောက်ပြားသုံးပြား ထွင်းပေးဖို့ လာအပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်။

ကျွန်တော်လည်း စိတ်ဝင်စားသွားတယ်။ သူ အဲဒီဖနီး သုံးယောက်ထဲက ဘယ်ဖနီးကိုများ ပိုအလေးအနက်ထားလိမ့်မလဲလို့၊ ဒါပေမဲ့ သူက ဘယ်သူ့အပေါ်မှာမှ မပိုပါဘူး။ သုံးယောက်လုံးအတွက် တန်းတူထားပြီး ထွင်းထုခိုင်းတာကို တွေ့ရတယ်။

ကျွန်တော်ရော၊ ပန်းပုဆရာလေးရော သေဆုံးသွားကြတဲ့ ဖနီးသည်တွေအပေါ် ယောက်ျားဖြစ်သူက အလေးအနက်ထားတာကို သက်သေပြတာပဲလို့ အဲဒီလူအတွက် မှတ်ချက်ပေးခဲ့ကြသလို…

ဒီလူကြီး နောက်ထပ် မိန်းမ ဘယ်လောက်ယူဦးမှာလဲလို့လည်း တွေးကြည့်မိကြတယ်။ ပြီး…တစ်ခါက သူနဲ့အတူ ယှဉ်အိပ်ဖူးတဲ့ မိန်းမတွေ ခု သချိုင်းမှာ အိပ်စက်နေကြရပြီဆိုတဲ့ အတွေးလည်း ပေါ်လာတယ်။

ဒီလိုပဲ ဖနီးမယားအတွက် အမှတ်တရကျောက်ပြားနဲ့ သက်သေပြကြတဲ့လူတွေ ရှိသလို၊ ခင်ပွန်းလင်ယောက်ျားအတွက် သက်သေပြရေးထွင်းခိုင်းကြတဲ့ အမျိုးသမီးတွေလည်း ရှိပါတယ်။

အဲဒီလို ရင်ထဲကျန်စေတဲ့ ဖြစ်ရပ်မျိုးတွေတင် မကပါဘူး။ ရယ်စရာလို့ပဲ ပြောရမလား။ ဘယ်လိုပြောရမှန်းမသိတဲ့ ဖြစ်ရပ်တချို့လည်း ရှိသေးတယ်။

အလုပ်လာအပ်တဲ့သူက အဲဒီကမ်းခြေရွာကြီးက အထင်ကရ ဂုဏ်သရေရှိအသိုင်းအဝိုင်းက အမျိုးသမီးအတွက်ပဲ။ ပင်လယ်ပြင်မှာ ရေလုပ်ငန်းနဲ့ အကြီးအကျယ်အောင်မြင်နေကြတဲ့ သူတွေပေါ့။

အဲဒီအမျိုးသမီးက သူ့ယောက်ျား ပင်လယ်ပြင်မှာ ပျောက်ဆုံးသွားပြီလို့ သတင်းရတဲ့အခါ သူ့ယောက်ျားအတွက် အမှတ်တရကျောက်စာတိုင် ထွင်းပြီး သတိတရရှိကြောင်း ပြသဖို့ ပြင်တယ်။

အမျိုးသမီးက ကြီးမားလှပတဲ့ မာဘယ်လ် ကျောက်ပြားတစ်ချပ်ကို ရွေးတယ်။ ပြီးတော့ အဲဒီကျောက်ပြားကြီးမှာ သဘောရလွမ်းဆွတ်

www.burmeseclassic.com


ကြောင်း ထွင်းထုရမယ့် စာသားတွေကို သေသေချာချာ ရွေးချယ်ပြီး ပန်းပုဆရာလေးကို အပ်တယ်။

သူများတွေနဲ့ မတူတာကတော့ အလုပ်အပ်ပြီးတာတောင် အဲဒီကျောက်ပြားကြီး ထွင်းထုနေတာကို နေ့တိုင်းလိုလို လာကြည့်ပြီး စစ်ဆေးနေတာပဲ။

သူလိုချင်တဲ့အတိုင်း လှလှပပနဲ့ ပြီးစီးသွားတဲ့ ကျောက်ပြားကြီးကို ကြည့်ပြီး သူ့ယောက်ျား နွေရာက မြင်ရင်တောင် ဝမ်းသာမှာပဲလို့ ချီးကျူးစကား ပြောတယ်။

အဲဒီလို အမွှန်းတင်လို့မှ မဆုံးသေးဘူး။ ပင်လယ်ပြင်မှာ ပျောက်ဆုံးပြီး သေပြီလို့ ထင်ခဲ့တဲ့ သူ့ယောက်ျားက ပြန်ရောက်လာခဲ့တယ်။ သူ့သင်္ချိုင်းဂူမှာ အမှတ်တရထားဖို့ ထွင်းထုထားတဲ့ ကျောက်ပြားကြီးကို သူကိုယ်တိုင်ယူပြီး ပင်လယ်ထဲကို သွားပစ်ချလိုက်တယ်တဲ့လေ။

အဲဒီတော့ ကျွန်တော်လည်း အဲဒီမိန်းမ ဘယ်လိုခံစားရလဲ သိချင်သွားတယ်။ ဒါကြောင့် ပန်းပုဆရာလေးကိုပဲ မေးရတာပေါ့။

"ဒီမိန်းမတော့ သိပ်ပျော်သွားမှာပဲနော်" လို့။

ပန်းပုဆရာလေးက ကျွန်တော့်လို သူများခံစားချက်ကို စိတ်ဝင်စားပုံ မပေါ်ပါဘူး။ မချိပြုံးပြုပြီး ပြောတယ်။

"အဲဒီကျောက်ပြားကြီးက ငါ့ကျောက်ပြားတွေထဲမှာ အကောင်းဆုံးကွ။ ဒီမိန်းမလည်း သနားဖို့ကောင်းပါတယ်။ ငါလည်း အကောင်းဆုံး ကျောက်ပြားကြီးကို သေသေချာချာကြိုးစားပမ်းစား ထွင်းထုပြီးမှ မသေတဲ့ လူအတွက် ရေထဲသွားပစ်ချခံရတာတော့ နာတယ်ကွာ" တဲ့။

အဲဒီလို အဖြစ်မျိုးတွေလည်း သူကြုံရတယ်။ တစ်ခါကျပြန်တော့လည်း အင်း...အမျိုးသမီးတစ်ယောက်ပါပဲ။ သူ့သမီးနဲ့ အတူလာတာ။ သူကတော့ သူ့ရဲ့ သေဆုံးသွားပြီဖြစ်တဲ့ သမီးအကြီးအစ်မအတွက် အမှတ်တရကျောက်ပြား လာအပ်တာ။


www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးက သေဆုံးသွားတဲ့ သူ့သမီးအမြွှာအတွက် အတော်ကို စိတ်ထိန်းနိုင်သေးတယ်။ သူနဲ့ ပါလာတဲ့ သူ့သမီးတစ်ယောက်ကတော့ အမေထက် ပိုသည်းတယ်။ သူ့ညီမတွေနဲ့အတူ မြေကျင်းထဲ လိုက်တော့မလိုလိုနဲ့။

ကျောက်ပြားပေါ်မှာ ရေးထွင်းမယ့် ကမ္ဗည်းစာသားအတွက်လည်း ရွေးလိုက်ကြတာ၊ သချိုင်းတစ်ခုလုံးက ဂူတွေအကုန်လုံး တစ်ခုမကျန်အောင် အနှံ့လိုက်ကြည့်ကြတယ်။ ပန်းပုဆရာလေးကလည်း အကောင်းဆုံးစာသားတွေ၊ ကဗျာတွေကို သေချာ စိတ်ရှည်လက်ရှည် လိုက်ပြပေးရှာပါတယ်။

ဒါပေမဲ့ တကယ့်တကယ်လည်း ရွေးရော ခပ်ညံ့ညံ့စာသားနဲ့ ရေးဖွဲ့ထားတဲ့ ကဗျာတစ်ပုဒ်ကို ရွေးလိုက်ကြသတဲ့။ အဲ့မယ် ဒါတောင်မှ သားအမိတွေ အကြိတ်အနယ် ဆွေးနွေးပြီးမှ ရွေးတာတဲ့။

ကျွန်တော်ကတော့ မနေနိုင် မထိုင်နိုင် ပန်းပုဆရာလေးကို ပြောမိတယ်။

“သူတို့ ဒီ့ထက်ကောင်းတဲ့ စာသားတွေကို ရွေးသင့်တယ်လို့ မထင်ဘူးလား။ ဒီလောက်ခံစားနေကြရတာ။ ပြီးတော့ ခင်ဗျားနဲ့ ပြောဆိုနေတုန်းက သမီးအမြွှာအတွက် ပိုစိတ်တူ ထွင်းထုဖို့ မဟုတ်ဘူးလား”လို့။

ပန်းပုဆရာလေးက ခေါင်းခါငြင်းတယ်။

“မဟုတ်ဘူး မဟုတ်ဘူး။ ငါက သူတို့ကို သေသေချာချာ လိုက်ပြပြီး စာသားကောင်းတွေ ရွေးသုံးဖို့ အကြံပြုတာပါပဲ။ ဒါပေမဲ့ ပြဿနာက တစ်မျိုး။ သူတို့ရင်ထဲ ဝမ်းနည်းမှုကြေကွဲမှုတွေ၊ သောကတွေကို ရေးဖို့ ဒီကျောက်ပြားလောက်နဲ့ ဘယ်ဆန့်ပါ့မလဲလို့ ပြောကြတယ်လေ။ နောက်ဆုံးတော့ ခုလို ရွေးချယ်သွားကြတာပါပဲ”တဲ့။

ခုလို ငိုအားထက် ရယ်အားသန်တဲ့ ကိစ္စလေးတွေလည်း ရှိတတ်သလို ရယ်တောင် မရယ်လိုက်ရတဲ့ အဖြစ်လေးတွေလည်း ရှိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com


အဲဒီ ကမ်းခြေရွာကြီးကပဲ။ စားသောက်ဆိုင်ပိုင်ရှင်အမျိုးသမီးကြီး တစ်ယောက်ပေါ့။ သူ့အမျိုးတွေထဲက သေဆုံးသွားကြတဲ့ လူနှစ်ယောက် သုံးယောက်အတွက် အမှတ်တရ ကျောက်ပြားထွင်းထုပေးဖို့ အလုပ်လာအပ်တယ်။

သူကျတော့ တစ်မျိုး။

ကျောက်ပြားပေါ်မှာ သူ့စိတ်တိုင်းကျ ရေးချင်တာတွေ ရေးထွင်းခိုင်းတယ်။ အားလုံးပြီးမှ ငွေပေးဖို့ လက်တွန့်နေတယ်တဲ့လေ။

ပန်းပုဆရာလေးကတော့ သူ့အဖို့ ဒါတွေက ရိုးနေပါပြီတဲ့။ ဘာမှ မခံစားရသလို ပြောတယ်။ ပြီးတော့...

"ငါ့အလုပ်နဲ့ငါ ဒီ စားပွဲမှာပဲ အချိန်ကုန်တာ များပါတယ်။ ငါ စားပစ်တဲ့ ကျောက်၊ ကျောက်တုံးတွေလည်း မနည်းဘူးကွ"တဲ့။

ကျွန်တော်ကတောင် နောက်လိုက်သေးတယ်။

"အတော့်ကို အစာချေနိုင်တဲ့ အစာအိမ်ပဲ"လို့။

တကယ်တော့ ပန်းပုဆရာလေးက အရုပ်ဆိုးဆိုး၊ လုပ်ရတာက လည်း သင်္ချိုင်းက ဂူတွေကြားမှာ။ ဒါပေမဲ့ သူ့ကို အလုပ်လာအပ်တဲ့ လူတွေရဲ့ ခံစားမှုကိုတော့ မျှဝေခံစားနိုင်တယ်။ ဒါကြောင့်လည်း အပ်တဲ့ လူတွေ စိတ်တိုင်းကျ သူ ထွင်းထုပေးတာပေါ့။ ပြီး...ပိုက်ဆံပေးဖို့ လက်တွန့်တာလည်း သူ နားလည်ပေးနိုင်တာပဲလေ။

သူဟာ တကယ်တော့ ရန်သူချင်းကိုတောင် ရန်ပြေသွားအောင် ယှဉ်တွဲမြှုပ်ချင်တဲ့လူ။ သူ...ပြောဖူးတယ်။

"ရန်သူချင်းကို အတူယှဉ်မြှုပ်လိုက်တော့ သူတို့ မြေသားဖြစ်သွား တဲ့အခါ အချင်းချင်းရောကုန်မှာပဲ၊ သူတို့ ပြန်ရှင်တဲ့တစ်နေ့ကျရင် မိတ်ဆွေ တွေ ဖြစ်သွားနိုင်တယ်လေ။ တရားစီရင်ရာ နောက်ဆုံးနေ့ရောက်တဲ့အခါ သူတို့ရဲ့ အမျက်ဒေါသတွေနေရာမှာ ချစ်ခင်တဲ့ နှလုံးသားတွေ အစားထိုး ဝင်ရောက်ချင် ဝင်ရောက်နေမှာ"တဲ့။


www.burmeseclassic.com

www.burmeseclassic.com



သူဟာ အဲဒီလို စိတ်ကူးစိတ်သန်းမျိုးလည်း ရှိတဲ့သူပါ။

တစ်ခါကတော့ အဲဒီကမ်းရိုးတန်းဒေသက ရွာလေးတစ်ရွာရဲ့ ခေါင်းဆောင်အတွက် ကျောက်ပြားထွင်းပေးဖို့ လာအပ်ကြတယ်။ အဲဒီ သူကြီးဟာ မုဆိုးအလုပ်လည်း အပျော်တမ်း ဝါသနာပါသတဲ့။

ရွာအကြီးအကဲတစ်ယောက်အတွက် ဖြစ်တာမို့ သူလည်း သူ့ လက်ရာကို အပြောင်မြောက်ဆုံးဖြစ်အောင် လက်စွမ်းပြလိုက်တာပေါ့။

သူ ထုလိုက်တဲ့ပုံက ကျိုးနေတဲ့ လေးနဲ့မြားရယ်၊ အတောင်ပံပါတဲ့ ကလေးပုံရယ် ထုထားတာမို့ ကျွန်တော်က နောက်လိုက်မိတယ်။

"ခင်ဗျားထုတဲ့ပုံက ကျေးရွာအကြီးအကဲကို ဂုဏ်ပြုတဲ့သဘော၊ ငြိမ်းချမ်းရေးသရုပ်ကို ဖော်တဲ့သဘောထက် မြားနတ်မောင်ပုံ ပေါက်နေ တယ်" လို့။

ဒီတော့ ပန်းပုဆရာလေးက ကျွန်တော့်ကို ပြန်ပြောတယ်။

"အမိပ္ပါယ်မရှိတာ၊ ခင်ဗျား မြားနတ်မောင်က ဒီလို ကမ်းခြေရွာ ကလေးမှာ လာသေပါ့မလား" တဲ့။

ကျွန်တော် သူ့ကို အရှုံးပေးလိုက်ပါတယ်။

တစ်ရက်...

ကျွန်တော် သူ့ဆီရောက်သွားတော့ သူ့ ကျောက်ပြားခေါင်းရင်း ဘက်မှာ သမ္မာကျမ်းစာတစ်အုပ် ဖွင့်ထားတာကို တွေ့လိုက်ရတယ်။

ကျွန်တော့်ရဲ့ စူးစမ်းတဲ့အကြည့်ကြောင့် သူပြောပြတယ်။ ဒီ ကျောက်ပြားဟာ ဘာသာရေးကလွဲလို့ ဘာမှ စိတ်မဝင်စားတဲ့ အဘွားအို တစ်ယောက်ရဲ့ ကျောက်ပြားဖြစ်တဲ့အပြင် အလုပ်လာအပ်တဲ့သူကလည်း အဲဒီအဘွားကြီးတက်တဲ့ ဘုရားကျောင်းက ဘုန်းတော်ကြီးတဲ့လေ။ အဘွား ကြီးက အဲဒီဘုရားကျောင်းက ကော်မတီဝင်လူကြီးတစ်ဦးလည်း ဖြစ်သတဲ့

နောက်ထပ်ကျောက်ပြားတစ်ချပ်ကတော့ ရှည်လျားခွန်းထိုး မေးကြည့်လိုက်တာ ဒီရွာမှာ အတော်ချမ်းသာတဲ့အဘိုးကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေတယ်။ အဲဒီကျောက်ပြားမှာ ရေးထိုးရတဲ့စာတွေက ဘယ်လောက်များလဲဆိုရင် ကျောက်ဖြူပြားကြီးက ရှည်ရှည်ကြီး။ ကျွန်တော်ကတောင် မှတ်ချက်ပေးလိုက်သေးတယ်…

“သေတာတောင် ကျောက်ပြားနဲ့ကြွားတဲ့ အဘိုးကြီးလို့”

ဒီလို လူပေါင်းစုံ၊ စရိုက်ပေါင်းစုံ တွေ့ရတဲ့အထဲမှာ ကျွန်တော့်စိတ်ထဲ စွဲကျန်ရစ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုလည်း ရှိသေးတယ်။

အဲဒါကတော့ အမျိုးသမီးငယ်တစ်ယောက်နဲ့ ပတ်သက်တယ်။ သူ့ကို စတွေ့ရတဲ့အချိန်ကတည်းက ဖြူရော်ရော်၊ ပိန်ပိန်ပါးပါးကလေး လူမမာတစ်ယောက်လိုပဲ။ ဒီရွာကြီးက နုပျိုသန်စွမ်းတဲ့ မိန်းကလေးတွေနဲ့ မတူဘူး။

မိန်းကလေးက သချိုင်းဇူအတွက် ကျောက်ပြားတစ်ချပ်လာအပ်တာ။ အပ်ပြီး ပြန်သွားတယ်။ ဒါပေမဲ့ နောက်ရက်တွေမှာလည်း မိန်းကလေးက ရောက်လာတတ်တယ်။ တစ်ရက်ထက်တစ်ရက် သူ့ကို ကြည့်ရတာ ပိုပြီး ဖြူရော်သွေးဆုတ်လာသလို ထင်ရတယ်။

နောက်ပိုင်းရက်တွေမှာတော့ သူမလာတော့ဘူး။ ဒါပေမဲ့ သူအပ်သွားတဲ့ ကျောက်ပြားမှာတော့ သူ့ရဲ့ အပျိုစင်နာမည်လေးကို ထွင်းထားတာ တွေ့လိုက်ရတယ်။

ကျွန်တော့်ထုံးစံအတိုင်း ပန်းပုဆရာလေးကို မေးကြည့်တော့၊ သူက…

“အေးကွာ…သနားစရာကောင်းတဲ့ မိန်းကလေးပါ။ သူ အခုသေသွားပြီ။ သူ့အတွက် အကောင်းဆုံးကျောက်ပြားကို သူ့ဘာသာသူ ရွေးသွားတာပဲ။ မင်းလည်း မင်းအတွက် အကောင်းဆုံး ကျောက်ပြားကို ရှာထားပေါ့ကွာ” တဲ့။

ကျွန်တော် အံ့အားသင့်သွားတယ်။ “ဘယ်လိုပြောလိုက်တာလဲ” လို့လည်း မေးလိုက်မိတယ်။ ကျွန်တော်လည်း သေရမှာ ကြောက်တဲ့


www.burmeseclassic.com

www.burmeseclassic.com


လူတစ်ယောက်မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီလေးလံတဲ့ ကျောက်ပြားရယ်၊ လူသေအလောင်းရယ်၊ လွတ်လပ်ခွင့်ရသွားတဲ့ ဝိညာဉ်ရယ် ဒါတွေဟာ ကျန်ခဲ့တဲ့ လူတွေအတွက်ကတော့ လန့်စရာ ဖြစ်ချင်ဖြစ်မှာပေါ့။

ကျွန်တော်ကတောင် ပန်းပုဆရာလေးကို ပြောလိုက်သေးတယ်။

"ကျဉ်းမြောင်းတဲ့ မြေကျင်းနဲ့ အုတ်ဂူ အမှတ်တရကျောက်ပြား တွေဟာ ခင်ဗျားလုပ်ခဲ့တဲ့အမှားတွေထဲက အထင်ရှားဆုံး လုပ်ရပ်တွေပဲ။ အမှန်က အသက်ရှင်နေတာနဲ့ သေသွားတဲ့ ကွာခြားမှုဟာ အနည်းအကျဉ်း လောက်ပဲရှိတယ်ဆိုတာ သဘာဝတရားက ပြောနေတာပဲ"လို့။

ပန်းပုဆရာကလည်း မခံပါဘူး။

"မင်းရဲ့ မိတ်ဆွေတွေ မြေအောက်ရောက်သွားတာကို မင်း မေ့သွားပြီလား"တဲ့။

ကျွန်တော် မမေ့ပါဘူး။ မေ့ပစ်လို့လည်း ဘယ်ရမလဲ၊ သေခြင်း တရားပေါ်မှာလည်း ကျွန်တော် မကြောက်ပါဘူး။ ဒါပေမဲ့ ကိုယ့်သချိုင်း အကြောင်း ကြိုတွေးနေလို့ ခုချိန်မှာ ဘာထူးမှာလဲ၊ မဟုတ်ဘူးလား။

ကျွန်တော်နဲ့ သူ ငြင်းခုံနေကြတာ ဘယ်သူမှားတယ် မှန်တယ် ဆိုတာ ထားလိုက်ပါတော့။ ဒါပေမဲ့ သူ့နဲ့ အတူနေရချိန်မှာ တွေ့ကြုံခဲ့ ရတဲ့ အတွေ့အကြုံတွေ၊ ဗဟုသုတတွေတော့ ရခဲ့ပါတယ်။ အသိတရား တွေလည်း ရခဲ့တာ ရှိပါတယ်။

နောင်တတရားတွေ၊ ချမ်းသာကြွယ်ဝမှု၊ ဩဇာအရှိန်အဝါရှိမှု တွေဟာ ဘဝရဲ့ ငြိမ်းချမ်းအေးစက်ကို မပေးနိုင်ဘူး။ ပန်းပုဆရာရဲ့ ရစ်တည် ချက်က မှားမှားမှန်မှန် သူ့ဘဝမှာလည်း အတွေ့အကြုံတွေ၊ ဗဟုသုတတွေ မနည်းမှ မနည်းဘဲ။

ဒါပေမဲ့ အဆုံးတစ်နေ့မှာတော့ ဘာသာတရားရဲ့ အဆုံးအမ လွှမ်းမိုးမှုအောက်မှာရှိတဲ့ နှလုံးသားကသာ ဘဝရဲ့ ပျော်ရွှင်မှုကို ပေးနိုင်မှာ ပါ။


www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက လူစိမ်းရဲ့မျက်နှာကို ငေးစိုက်ကြည့်နေသေး၏။ အတန်ကြာသည်အထိ ဘာမှ ဆက်မပြောသည်ကို တွေ့မှ...

"ဒါပဲလား"

"ဟင်..."

"ပြီးပြီလား၊ ရှင့်ပုံပြင်က ဒါပဲလား"

"ဪ...အဟင်း...အင်း၊ ဟုတ်တယ် ပြီးပြီ"

"ပုံပြင်လည်း မဟုတ်ဘူး"

လူစိမ်းက ပြုံး၏။

"ပုံပြင်မဟုတ်ရင် ဘာလဲ"

"ရှင်နဲ့သိတဲ့ လူတစ်ယောက်အကြောင်းကို ရှင်ပြောသွားတာပဲ၊ ဒါမျိုးကတော့ ကျွန်မအတွက် သိပ်မထူးဆန်းပါဘူး"

"ဟုတ်လား...မသိဘူး ကျွန်တော်က ထူးများ ထူးဆန်းနေလား လို့၊ ခင်ဗျားအတွက် စိတ်ဝင်စားစရာဖြစ်မလားလို့ ပြောတာ"

ထိုစကားကို လူစိမ်းက မချိပြုံးနှင့်အတူ ပြောခြင်းဖြစ်သည်။

ထိုစကားကြောင့် အမျိုးသမီး၏ခန္ဓာကိုယ်က ဆတ်ခနဲ တုန့်သွားသည်။

"ရှင်...ရှင် အဲဒီစကားက ဘယ်လိုအဓိပ္ပါယ်လဲ"

လူစိမ်းက ဘာမှ ပြန်မပြော။

"သချိုင်းအကြောင်း၊ လူသေအကြောင်း၊ သေသူအတွက် အမှတ်တရပါးတဲ့ စာသားတွေအကြောင်း အဲဒါတွေကို လျှောက်ပြောနေတာ ဘာသဘောလဲ"

'ဘာမှ မဟုတ်ပါဘူး' ဟူသော အမူအရာမျိုးဖြင့် လူစိမ်းက လက်ဝါးနှစ်ဖက်ကိုသာ ဖြန့်ပြသည်။ အမျိုးသမီး၏ မျက်နှာက သွေးဆုတ်သလို ဖြူလျော်သွား၏။

ခေါင်းကို တွင်တွင်ခါယမ်းရင်း ဆက်ပြောသည်၊ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စောင့်နေတဲ့သူက သေပြီလား"

အဖြေကိုမစောင့်ဘဲ အမောတကော ဆက်မေးပြန်သည်။

"သူ ဘာဖြစ်နေလဲ၊ သူ ပြန်မလာနိုင်တော့ဘူးလား၊ ဟုတ်လား၊ ပြန်မလာတော့ဘူးလား၊ ဟုတ်လား...၊ ပြန်မလာတော့ဘူးလား...၊ သူ..."

လူစိမ်းက မကြားသလို သူနှင့် ဘာမှမဆိုင်သလို တုံဏှိဘာဝေ လုပ်နေ၏။ အမျိုးသမီးက သူ့ကိုယ်သူ တဖြည်းဖြည်း ပြန်ထိန်းချုပ်လာနိုင်လာသည်။

ထိုအခါကျမှ လူစိမ်းက...

"ခင်ဗျား နားထောင်ချင်စိတ် ရှိသေးလား"

"ပြောပါ"

"ကောင်းပြီ၊ ကျွန်တော် နောက်ထပ်ပုံပြင်တစ်ပုဒ် ဆက်ပြောပြမယ်။ နားထောင်ကောင်းတဲ့ ပုံပြင်ဖြစ်မှာပါ။ ခင်ဗျားအတွက် ထူးခြားနိုင်ပါတယ်"

"အင်း...ကျွန်မ နားထောင်နေတယ်"

လူစိမ်းက ပြောမည့်ပုံပြင်ကို ချက်ချင်းမပြော၊ အိုမာခယမ်၏ ကဗျာတစ်ပိုဒ်တစ်ချို့ကို ရေရွတ်နေသေး၏။ ပြီးမှ...

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

ထိုကြားထဲတွင် သူတို့ သတိမထားမိသော အချက်တစ်ချက်က ဖြစ်ပွားခဲ့သေးသည်။

လက်ဖက်ရည်သောက်သူများ အတန်ငယ်ငယ် ကြဲပါးသွားပြန်သဖြင့် စားပွဲထိုးကလေးက လူစိမ်းနှင့် အမျိုးသမီးဆီ အာရုံရောက်သွားပြန်သည်။ ကလေးသာသာအရွယ်မို့ သူကလည်း ပုံပြင်နားထောင်ချင်ပုံရ၏။

သူ့ခြေလှမ်းများကို ထိုစားပွဲဆီသို့ ဦးတည်လိုက်၏။ ဆိုင်ရှင်အဘိုးအိုက...

"မင်း ဘယ်သွားမလို့လဲ"

စားပွဲထိုးကလေးက မျက်နှာချိုသွေးကာ...



www.burmeseclassic.com

www.burmeseclassic.com



"အဟီး...ပုံပြင် သွားနားထောင်မလို့"

အဘိုးအိုက ရှုတည်တည်မျက်နှာထားဖြင့်...

"ပုံပြင်များကွာ၊ ငါလည်း ပြောတတ်ပါတယ်"

"အဘက ပြောမှ မပြောပြဘဲ"

"ပြောပြမယ် လာ"

"တကယ်လား"

"တကယ်ပါဆို..."

စားပွဲထိုးလေးက မယုံမရဲဖြင့် အဘိုးအိုနားသို့ ချဉ်းကပ်သွားသည်။ ခုံဆွဲပြီး ထိုင်သည်။ အဘိုးအိုက ပြောမည့်ပုံပြင် စဉ်းစားနေဟန်ရှိသည်။ ကြမ်းပြင်ကို ငေးရင်း မေးကို လက်နှင့် ပွတ်နေသည်။

စားပွဲထိုးကလေးက...

"အဘ ရွှေယုန်နဲ့ ရွှေကျားကိုတော့ မပြောနဲ့နော်။ အဲဒီပုံပြင်ကို ကျွန်တော်သိတယ်"

"အဲ့ဒါမျိုးပုံပြင်ကိုတော့ ဘယ်ပြောမလဲကွာ၊ မင်းကြားဖူးမှာမဟုတ်တဲ့ ပုံပြင်မျိုးကို ပြောမှာပေါ့။ ဒါပေမဲ့ တစ်ပုဒ်ထဲပြောမှာနော်"

"ဒါဖြင့် ပြောလေ"

"အေးပါ ပြောမှာပါ၊ ဒီလိုကွ"

အဘိုးအိုက မေးကို လက်နှင့် ပွတ်နေရင်းက သူ့ပုံပြင်ကလေးကို စတင်လိုက်သည်။

တစ်ခါတုန်းကပေါ့...။ တိုင်းပြည်တစ်ပြည်မှာ ကပ်ရောဂါဆိုးကြီးတစ်ခု ကပ်ရောက်နေတယ်။ ဘယ်လောက်တောင် ဆိုးသလဲဆိုရင် ဘယ်ရောဂါမှ အဲဒီရောဂါလောက် ကြောက်ဖို့မကောင်းဘူးလို့တောင် ပြောရင်ရမယ်။

ရောဂါရဲ့ အရင်းအမြစ်ကတော့ သွေးပဲ။ အဲဒီရောဂါရတဲ့လူဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးနာကျင်ပြီး ရုတ်တရက်မူးဝေလာမယ်။ အဲဒီနောက်မှာ အသား ပေါက်ကလေးတွေထဲက သွေးတွေ ထွက်လာမယ်။ ကိုယ်နဲ့ မျက်နှာတွေ မှာ အနီရောင်အကွက်တွေ ပေါ်လာမယ်။ အဲ...အဲဒါဆိုရင်တော့ မျှော်လင့် ချက် မရှိတော့ဘူး။ နာရီဝက်အတွင်း သေတော့မှာ။

ဒါကြောင့် အဲဒီရောဂါကို လူတွေက 'သေမင်းနီ'လို့ နာမည်ပေး ထားကြတယ်။

ဒါပေမဲ့ အဲဒီတိုင်းပြည်က မင်းသားလေးကတော့ ပျော်နေတာ ပဲ။ သူက သတ္တိလည်းကောင်း၊ ဖြတ်ထိုးဉာဏ်ကလည်း ရှိတော့ ပျော်နိုင် တာပေါ့။ သူ့မှာ အကာအကွယ်ရှိတာကိုး။

သူ့နယ်ပယ်ထဲမှာ လူဦးရေနည်းပါးလာတာနဲ့ သူ့ရဲ့ သူရဲကောင်း တွေ၊ နန်းတွင်းသူ နန်းတွင်းသားတွေ၊ အပျိုတော်တွေ၊ မိတ်ဆွေတွေကို စုစည်းပြီး သူတို့ မျိုးရိုးစဉ်ဆက်က ကိုးကွယ်လာတဲ့ ဘုန်းကြီးကျောင်း တစ်ကျောင်းထဲမှာ သွားနေကြသတဲ့။

အဲဒီကျောင်းကြီးဟာ အလွန်ထူထပ်ခိုင်ခန့်တယ်။ ကြီးလည်း ကြီးတယ်၊ ခမ်းလည်း ခမ်းနားတယ်။ မင်းသားရဲ့ ဝါသနာဆန်းဆန်းတွေ အရ သူ့စိတ်ကူးရသလို ဆောက်ထားတဲ့ အဆောက်အဦကြီးလည်း ဖြစ်တယ်တဲ့။

မြင့်မားခိုင်ခံ့တဲ့နံရံတွေနဲ့ ကာပြီး သံတံခါးကြီးလည်း တပ်ထား တယ်။ သူ့လူတွေအားလုံး အထဲရောက်တာနဲ့ တပြိုင်နက် သံတံခါးကြီး ကို ဂဟေဆော်ပြီး အသေပိတ်လိုက်ကြသတဲ့။

ကျောင်းကြီးထဲမှာတော့ စားရေရိက္ခာတွေ အပြည့်အစုံပဲတဲ့။ ဒီလို ကြိုတင်ကာကွယ်မှုတွေ လုပ်ထားနိုင်တဲ့ မင်းသားရဲ့ ကျေးဇူးကြောင့် နန်းတွင်းသူ နန်းတွင်းသားတွေနဲ့ မိတ်ဆွေတွေဟာ 'သေမင်းနီ'ရဲ့လက်က လွတ်မြောက်ရပြီပေါ့။ ဘာမှစိုးရိမ်ကြောင့်ကြမှု ရှိစရာမလိုတော့ဘူးပေါ့။

ကပ်ရောဂါဆိုးကြောင့် သေကြေပျက်စီးနေရတဲ့ အပြင်ဘက် တိုင်း

www.burmeseclassic.com



ပြည်ကြီးကိုလည်း လျစ်လျူရှုထားလိုက်ကြတယ်။ ဝမ်းနည်းပူဆွေးနေတဲ့ စိတ်တွေ ဝင်မလာနိုင်အောင်လည်း မင်းသားက စီစဉ်ထားခဲ့တာကိုး။

မင်းသားက အားလုံးရဲ့ စိတ်အာရုံတွေ အပြင်လောကဆီ မရောက်အောင် လုပ်ထားတယ်။ လူပျက်တွေ၊ ကဗျာဆရာတွေ၊ ဘဲလေး ကချေသည်တွေ၊ အတီးအမှုတ်သမားတွေလည်း သူတို့နဲ့အတူ ပါလာခဲ့တာကိုး။

စိတ်အာရုံကိုပြောင်းလဲစေမယ့် ဝိုင်အရက်တွေ၊ အလှမယ် အပျိုတော်လေးတွေကလည်း အများကြီး။ ပြီးတော့ 'သေမင်းနီ'ရဲ့ ဘေးကလည်း လုံခြုံစိတ်ချရသေးတယ်ဆိုတော့ ပျော်စရာပေါ့။

အဲဒီလို အပြင်လောကနဲ့ အဆက်ဖြတ်ပြီး နေလာလိုက်တာ ငါးလ ခြောက်လလောက်ကြာတဲ့အခါမှာ စိတ်ကူးစိတ်သန်း ဆန်းဆန်းတွေနဲ့ မင်းသားဟာ အလွန်ကြီးကျယ်ခမ်းနားတဲ့ ကပွဲကြီးကို ကျင်းပမယ်လို့ ကြေညာတယ်။

အဲဒီကပွဲကို တက်ရောက်မယ့်လူတွေအားလုံးဟာ မျက်နှာဖုံးစွပ်ပြီး တက်ရောက်ကြရမယ်တဲ့။ ပြီး...ဒီကျောင်းကလူတွေ တစ်ယောက်မကျန် လည်း တက်ရောက်ခွင့် ရှိသတဲ့။

အဲဒီအချိန်မှာ အပြင်မှာတော့ ကပ်ရောဂါဆိုးကြီးက တစ်စထက် တစ်စ ပိုပိုဆိုးလာနေပြီ။ လူတွေလည်း သေလိုက်ကြတာ မနည်းဘူး။ ဘယ်ကိုပြေးပြေး မလွတ်ဘူး ဖြစ်နေတာကိုး။

ကပွဲကြီးကို ထူးခြားအောင် တော်တော့်ကို ကြီးကြီးကျယ်ကျယ် ကျင်းပမှာတဲ့။

အဲဒီကျောင်းထဲက အဆောင်အခန်းတွေရဲ့ ဖွဲ့စည်းပုံကို ပြောပြဦးမယ်။ ဒါမှ ကပွဲကြီးကျင်းပတဲ့အခါ မင်းကွက်ကွက်ကွင်းကွင်း မြင်နိုင်မယ်။

အဲဒီထဲမှာ အဆောင်တော်လို့ ခေါ်လို့ရတဲ့အခန်းကြီး ခုနစ်ခန်း ရှိတယ်။ တခြားနေရာမှာဆိုရင်တော့ ဒီလိုအခန်းမျိုးဟာ အားလုံးအဖွဲ့အစည်း



www.burmeseclassic.com

www.burmeseclassic.com


နိုင်တဲ့ ခေါက်တံခါးတွေလောက်နဲ့ ကာထားမှာမို့ တစ်ခန်းတည်း ဖြစ်သွားနိုင်တယ်။

ခုတော့ မင်းသားလေးဟာ ထူးဆန်းတဲ့ အလေ့အထတွေရှိတဲ့ သူမို့ သူ့ဝါသနာအတိုင်း ဆောက်ထားတာ အတော်ခမ်းနားတယ်။

အခန်းဖွဲ့စည်းပုံတွေက မညီညာဘူး။ တစ်ခါကြည့်ရင် တစ်ခန်းပဲ မြင်ရတယ်။ နောက် ကိုက် (၂၀) (၃၀)လောက်ရောက်ရင် မမြင်နိုင်တဲ့ ထောင့်ချိုးတစ်ခုပေါ်လာပြီး နောက်တစ်ခန်းကို ရောက်သွားတာကို တွေ့ရတယ်။

အခန်းတစ်ခန်းကို ပြူတင်းပေါက်တစ်ပေါက်စီတပ်ထားပြီး အဲဒီ ပြူတင်းပေါက်ကို အခန်းထဲက အပြင်အဆင်၊ အရောင်အသွေးအတိုင်း ခြယ်ထားတတ်တယ်။

ပထမအခန်းက အပြာရောင်ဆိုရင် ပြူတင်းပေါက်မှန်တွေကို လည်း အပြာရောင်ခြယ်ထားတယ်။ ဒုတိယအခန်းက ခရမ်းနုရောင်ဆိုရင် ပြူတင်းပေါက်မှန်ကလည်း ခရမ်းနုရောင်ပဲ။

တတိယအခန်းကတော့ တစ်ခန်းလုံး အစိမ်းရောင်၊ စတုတ္ထအခန်း က လိမ္မော်ရောင်၊ ပဥ္စမအခန်းကတော့ အဖြူရောင်၊ ဆဌမအခန်းကျတော့ ခရမ်းရင့်ရောင်၊ နောက်ဆုံး သတ္တမအခန်းကတော့ ကတ္တီပါအနက်ရောင် ခန်းဆီးတွေကို မျက်နှာကျက်ကနေ ကတ္တီပါကော်ဇောအနက်ပေါ်အထိ ကျအောင် ဆွဲချိတ်ကာ ထားတယ်။ အဲဒီအခန်းရဲ့ ပြူတင်းပေါက်ကတော့ တခြားအခန်းတွေနဲ့မတူ ကွဲပြားတယ်။ သူ့မှန်ပြူတင်းက အနီရောင်လိုလို သွေးရောင်ရင့်ရင့်ကြီး ဖြစ်နေလို့ပဲ။

အခန်းတွေမှာ မီးအိမ် ဒါမှမဟုတ် ဖယောင်းတိုင် တင်ထွန်းထား တာတွေလည်း မရှိဘူး။ ဒါပေမဲ့ ရွှေနဲ့လုပ်ထားတဲ့ အလှအပပစ္စည်းတွေက အမိုးပေါ်ကနေ တွဲကျနေကြတယ်။

စောစောက ပြောခဲ့တဲ့ ပြူတင်းပေါက်တွေနဲ့ မျက်နှာချင်းဆိုင်တိုင်း


www.burmeseclassic.com

www.burmeseclassic.com



မှာ သုံးချောင်းထောက်တိုင်နဲ့ ခံထားတဲ့ မီးရှူးတိုင်ကြီးတွေ ရှိနေတယ်။ အဲဒီမီးရှူးတိုင်တွေရဲ့ အလင်းက မှန်ချပ်တွေပေါ်ကို ရိုက်မှန်ပြီး အလင်းပြန် ထွက်လာတယ်။ အဲဒီအလင်းကမှ တစ်ခန်းလုံးကို လင်းစေတာလေ။

နောက်ဆုံးအခန်းမှာတော့ အနက်ရောင်အခန်းထဲကို အနီရောင် မီးအလင်းတွေ ကျနေပုံက ကြောက်စရာကောင်းနေသလိုပဲတဲ့။

အဲဒီအခန်းထဲကို အရဲစွန့်ပြီး ဝင်လာတဲ့သူရှိရင်တောင် အဲဒီလူရဲ့ မျက်နှာအမူအရာဟာ အလင်းရောင်ကြောင့် တစ်မျိုးတစ်မည် ဖြစ်သွားပြီး ကြောက်စရာကောင်းလာစေသတဲ့။ ဒါကြောင့် အဲဒီအခန်းထဲကို ဝင်တဲ့ လူ နည်းတယ်။

အဲဒီအခန်းထဲမှာပဲ အနောက်ဘက်နံရံကို ကပ်ပြီး သစ်နက်သားနဲ့ လုပ်ထားတဲ့ ကြီးမားတဲ့ တိုင်ကပ်နာရီတစ်လုံး ရှိနေတာကို တွေ့ကြရတယ်။ အဲဒီနာရီက ချိန်သီးကြီး ဘယ်ညာမှန်မှန် ရွေ့လျားသွားလာနေတဲ့အသံကို က အေးစက်စက်ကြီး။

တစ်နာရီထိုးလိုက်တိုင်း ထိုးလိုက်တိုင်း အဲဒီတိုင်ကပ်နာရီကြီး ကနေ ကြေးဝါနဲ့ ပြုလုပ်ထားတဲ့ အသံတစ်သံ ဂီတသံလိုလို ပေါ်ထွက်လာ တတ်သတဲ့။

ဒါပေမဲ့ အဲဒီအသံက ထူးခြားဆန်းကြယ်လွန်းလို့ နာရီတစ်ပတ် လည်လို့ အသံမြည်တိုင်း အဲဒီနာရီသံကို နားထောင်ဖို့ အတီးအမှုတ်သမား တွေက ရပ်ပေးကြရတယ်တဲ့။

ကနေတဲ့သူတွေဆိုလည်း ကနေတာကို ရပ်ပစ်လိုက်ကြတယ်။ ပျော်ရွှင်နေတဲ့လူတွေအားလုံး အဲဒီနာရီသံကို ကြားတိုင်း စိတ်တွေ မငြိမ် မသက် ဖြစ်သွားတတ်တယ်။ အတော်အတန်မူးနောက်နေတဲ့သူတွေဆို မျက်နှာတွေတောင် ဖြူရော်လာတတ်သတဲ့။

အသက်ကြီးလာတဲ့ လူတွေများဆို နာရီသံကြောင့် အားထင်... လက်မ လက်ညှိုးနဲ့ ညှပ်ထားလိုက်ကြရသတဲ့။ ဒါပေမဲ့ နာရီသံ ရပ်သွား...



www.burmeseclassic.com

www.burmeseclassic.com


တာနဲ့ သက်ပြင်းချသံ ဒါမှမဟုတ် ပျက်ရယ်ပြုသံ စတဲ့ အသံတစ်သံသံ ပြန်ထွက်လာပြီး လူတွေ ပြန်သက်ဝင်လာကြတတ်တယ်။ ဂီတသမားတွေလည်း ပြန်တီးမှုတ်လာကြတယ်။ စောစောက သူတို့ စိတ်လှုပ်ရှားနေခဲ့တာကို မလုံမလဲ ဖြစ်နေကြတယ်။ နောက်တစ်ခါ နာရီထိုးရင် ခုလို မဖြစ်ဖို့ သတိထားကြည့်ရမယ်လို့ အချင်းချင်း သတိပေးပြောကြတယ်။

ဒါပေမဲ့ နောက်တစ်ခါ မိနစ် (၆၀)ပြည့်လို့ နာရီသံလည်း မြည်ရော အရင်ကလိုပဲ ဖြစ်သွားကြတာပဲတဲ့။

ဘယ်လိုပဲဖြစ်ဖြစ် မင်းသားလေးရဲ့ မျက်နှာဖုံးတပ် ကပွဲကြီးကတော့ ပျော်စရာကောင်းတဲ့ အခမ်းအနားတစ်ခု ဖြစ်တာကတော့ သေချာပါတယ်။

သူ့ရဲ့ အစီစဉ်တွေ၊ အရောင်ရွေးချယ်မှုတွေကလည်း ထူးထူးခြားခြားတွေပဲတဲ့။ သူက သာမာန်လူတွေနဲ့ မတူဘဲ ဆန်းသစ်တီထွင်တတ်တယ်။ အတွေးအခေါ်ကလည်း ရဲရင့်ကြမ်းရိုင်းတယ်။ ဒါကြောင့် တချို့က သူ့ကို ရူးသွပ်နေတယ်လို့တောင် ပြောကြတာ။ ဒါပေမဲ့ သူ့ရဲ့ နောက်လိုက်တွေကတော့ အဲလိုမထင်ကြဘူး။

ဒီလို ခမ်းနားကြီးကျယ်တဲ့ ကပွဲအတွက် အခန်းကြီး (၇)ခန်းကို ဆင်ယင်မွမ်းမံဖို့ သူကိုယ်တိုင် ကြီးကြပ်ခဲ့တာ။ မျက်နှာဖုံးတွေကိုလည်း သူ့ဝါသနာအလျောက် ဆန်းသည်ထက် ဆန်းအောင် လမ်းညွှန် လုပ်ခိုင်းခဲ့တာပဲ။

သူ့ရဲ့ မျက်နှာဖုံးတွေက တောက်ပပြောင်လက်ပြီး၊ သရဲတစ္ဆေဆန်ဆန် ကြောက်စရာကောင်းနေသတဲ့။ အချိုးအစားမကျတဲ့ အဝတ်အစားတွေကို ဝတ်စေတယ်။ ရွံစရာ၊ ရယ်စရာ၊ ကြောက်စရာကောင်းနေတဲ့ လူစုလူဝေးကြီး ကျနေတာပဲတဲ့။

အဲဒီလူစုလူဝေးကြီးဟာ အခန်းကြီး (၇)ခန်းကို တစ်ခန်းဝင်တစ်ခန်းထွက်နဲ့ ခေါက်တုံ့လူးလာ ကနေလိုက်ကြတာ။ တီးတဲ့သူတွေက


www.burmeseclassic.com

www.burmeseclassic.com



လည်း သူတို့အသံတွေကို လွှမ်းအောင် ကျယ်ကျယ်တီးကြရသတဲ့။

သေချာစဉ်းစားကြည့်ရင် ကြောက်စရာကောင်းတဲ့အသံတွေနဲ့ အိပ်မက်ထဲက မကောင်းဆိုးဝါးတွေကို အစုလိုက် အပြုံလိုက် တွေ့လိုက်ရသလို ဖြစ်နေတယ်။

အဲဒီမှာပဲ ကတ္တီပါအနက်ခန်းက သစ်နက်တိုင်ကပ်နာရီကြီးဆီက ထူးဆန်းတဲ့ နာရီထိုးသံကို ကြားလိုက်ရတယ်။ ထုံးစံအတိုင်း အားလုံး တိတ်ဆိတ်ငြိမ်သက်သွားကြတာပေါ့။

ဒါပေမဲ့ ခဏပါပဲ။ နာရီသံရပ်သွားတာနဲ့ နဂိုအတိုင်းပြန်ပြီး ကခုန်တီးမှုတ်နေကြတော့တာပါပဲ။ ဒါပေမဲ့ ဒီဘက်က အခန်းတွေမှာသာ တိုးဝှေ့ကခုန်နေကြတာ၊ ကတ္တီပါအနက်ခန်းကိုတော့ ဘယ်သူမှ မသွားရဲကြတူးတဲ့။

ကြက်သွေးရောင်မှန်ချပ်ကနေ ကတ္တီပါအနက်ပေါ် ဖြာကျနေတဲ့ အလင်းနီနီတွေကလည်း အရင်ကထက်ပိုပြီး နီလာသလိုပဲတဲ့။

ကြမ်းပြင်နဲ့ ခင်းထားတဲ့ ကတ္တီပါကော်ဇောနက်ကြီးပေါ်ကို ဖြတ်လျှောက်နင်းသွားတဲ့ ခြေသံတစ်ခုက သစ်နက်တိုင်ကပ်နာရီကြီးရဲ့ ခပ်အုတ်အုတ်အသံနဲ့အတူ ထွက်ပေါ်လာတယ်။ ဒါပေမဲ့ ဘယ်လိုလုပ် ကြားနိုင်မှာတဲ့တုံး။ ဒီလောက် ဆူညံအော်ဟစ် ကခုန်နေကြတာ။

သန်းခေါင်ချိန်ရောက်လို့ သစ်နက်နာရီကြီးက (၁၂)နာရီလည်း ထိုးရော ထုံးစံအတိုင်း လူတွေ ငြိမ်သက်သွားကြပြန်တယ်။ အပျော်ကျူး နေတာတွေကို ခဏမေ့ပြီး နာရီထိုးသံကို အသက်ရှူ မှားမတတ် စောင့် နားထောင်ရင်း အဲဒီထူးခြားတဲ့ နာရီသံကို စဉ်းစားနေမိကြတယ်။

နောက်ဆုံး နာရီထိုးသံ ပြီးသွားတဲ့အချိန်မှာပဲ လူအုပ်ထဲမှာ မျက်နှာဖုံးစွပ်နဲ့ အရပ်မြင့်မြင့် လူတစ်ယောက်ကို အားလုံး သတိထား မိလိုက်ကြသတဲ့။

လူစိမ်းတစ်ယောက်လို ဖြစ်နေတာကိုး…။ အဲဒီလူရှိနေတာကို



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းက အံ့ဩကြတယ်။ နောက် စက်ဆုပ်ရွံ့ရှာကြတယ်တဲ့။

သူ့ပုံစံကလည်း ကြောက်စရာကောင်းနေတာကိုး။ အင်း... အားလုံးကတော့ မျက်နှာဖုံးအတူတူတွေကို တပ်ထားကြတာပါပဲ။ ဒါပေမဲ့ ခုကျကာမှ ဘယ်မျက်နှာဖုံးကမှ သူ့မျက်နှာဖုံးနဲ့မတူတော့ဘဲ ထူးထူးခြားခြား သူ့မျက်နှာဖုံးကိုက ကြောက်စရာကောင်းနေသလို ခံစားလာကြရသတဲ့။

သူ့မျက်နှာဖုံးက လူသေတစ်ယောက်ရဲ့ မျက်နှာဖုံးမျိုး ဖြစ်နေလို့ပဲ။ ဘယ်လောက်တောင်လဲဆိုရင် တစ်ခါတစ်ခါ မျက်နှာဖုံးစွပ်ထားတယ်လို့တောင် မထင်မိဘဲ လူသေတစ်ကောင် ဝင်ကနေသလိုတောင် ထင်ရသတဲ့။

ထင်စရာပဲလေ...။ အဲလောက် ပိန်လှီရှည်လျားတဲ့ ခန္ဓာကိုယ်မှာ ဝတ်ထားတဲ့အဝတ်ကလည်း သင်္ချိုင်းကုန်းက လူသေတွေပတ်တဲ့ အဝတ်စလို ဖြစ်နေတာကိုး။ သွေးထဲမှာ စိမ်ထားခဲ့တဲ့ အဝတ်ကြီးလို့လည်း ထင်ရလောက်သတဲ့။

အပျော်ကျူးပြီး ကခုန်နေတဲ့ လူတွေ တီးတိုးပြောကုန်ကြပြီ။ 'သေမင်းနီ' ရောဂါဆိုးကြီးကိုလည်း မေ့ထားရာက သွားသတိရမိကြသတဲ့။

မျက်နှာဖုံးတွေနဲ့ ကိုယ့်ကိုယ်ကို အထင်ပေါ်ဆုံးဖြစ်အောင် အပြိုင်အဆိုင်ကခုန်နေကြတဲ့ လူတွေကြားမှာ ဟိုဟိုသည်သည် လမ်းသလားနေတဲ့ အဲဒီ လူထူးဆန်းရဲ့ လှုပ်ရှားမှုတွေကို မင်းသားလေး တွေ့သွားတယ်။

ပထမတော့ ကြောက်သလို၊ ရွံ့သလို ဖြစ်မိသေးတယ်။ နောက်တော့လည်း မင်းသားလေး မျက်နှာတွေ နီမြန်းပြီး ဒေါသတွေ ထွက်လာတာ တွေ့ရတယ်။

"စော်ကားတဲ့အသေရုပ်နဲ့ ငါတို့ကို လာနှောင့်ယှက်နေတာ အယ်သူလဲ။ ကဲ...ဖမ်းကြစမ်း။ ဒီကောင့်ကို နက်ဖြန် နေထွက်ချိန်မှာ ကြိုးပေးသတ်ရအောင်" လို့ သူ့ရဲ့ သူရဲကောင်းတွေကို လှည့်ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲလိုပြောလိုက်တဲ့အချိန်မှာ မင်းသားလေးက အပြာရောင်အခန်းထဲမှာ။ မင်းသားရဲ့အသံက ညြဖာသံပြည့်ဝပြီး အားပါတာကြောင့် အခန်း (၇)ခန်းလုံးကို ပျံ့နှံ့သွားတယ်။ တီးမှုတ်နေတဲ့ လူတွေလည်း မင်းသားရဲ့ အချက်ပြလိုက်တဲ့ဟန်ကြောင့် ရပ်ထားလိုက်ကြတယ်။

မင်းသားရဲ့အနားက နန်းတွင်းသူ နန်းတွင်းသားတချို့ကတော့ မျက်နှာတွေတောင် ဖြူဖတ်ဖြူရော် ဖြစ်လာနေကြပြီ။

အဲဒီလိုပြောလိုက်မှပဲ မင်းသားနားကို တမင်သက်သက် လှမ်းလာတဲ့ ခြေလှမ်းမျိုးနဲ့ အဲဒီ လူထူးလူဆန်းဟာ တိုးကပ်သွားသတဲ့။

သူရဲ့ ကြောက်စရာကောင်းတဲ့ ရုပ်ရည်ကြောင့်ရော၊ ထပ်မြင်ချက် အမျိုးမျိုးတွေကြောင့်ရော ဘယ်သူကမှ သူ့ကို မင်းသားဆီ တိုးမသွားဖို့ မတားရဲကြဘူး။

အဲဒီလူလည်း မင်းသားနဲ့ တစ်ကိုက်လောက်အကွာကို ရောက်ရော လူတွေအားလုံး အခန်းနံရံတွေဆီ ဆုတ်ကပ်သွားကြတယ်။

လူထူးလူဆန်းကတော့ အရင်ကအတိုင်း ပုံမှန်ခြေလှမ်းနဲ့ အပြာရောင်ခန်းကနေ ခရမ်းရောင်ခန်း။ ခရမ်းရောင်ခန်းကနေ အစိမ်း၊ လိမ္မော်၊ အဖြူ၊ ခရမ်းရင့်အခန်းတွေကို အတားအဆီးမဲ့ လျှောက်သွားနေတယ်။

သူ့ကို ဘယ်သူကမှလည်း မတားရဲဘူးလေ။ အဲဒီတော့မှ မင်းသားလည်း ဒေါသဖြစ်ဖြစ်နဲ့ အခန်း (၆)ခန်းကို ကျော်ပြီး တဟုန်ထိုး လိုက်သွားတယ်။ ဘယ်သူကမှ မင်းသားနောက်ကနေ လိုက်မသွားရဲကြဘူးတဲ့။

မင်းသားက ဓားမြှောင်ကို ထုတ်မြှောက်ပြီး အရှိန်နဲ့ လိုက်သွားတာ အဲဒီလူထူးလူဆန်းနဲ့ သုံးပေလောက်ပဲ ဝေးတဲ့နေရာတောင် ရောက်သွားတယ်။ အဲဒီလူက နောက်ဆုံး ကတ္တီပါအနက်ခန်းကို ရောက်တော့မှ ရုတ်တရက်နောက်ပြန်လှည့်လိုက်ပြီး မင်းသားကို ရင်ဆိုင်တယ်။

မကြာဘူး။ အလွန်စူးရှတဲ့ အသံတစ်သံကြားရပြီး ဓားမြှောင်က



www.burmeseclassic.com

www.burmeseclassic.com



ကော်ဇောအနက်ပေါ် ကျသွားတယ်။ အဲဒီ ဓားမြှောင်ပေါ်ကို အားနဲ့ စိုက်ကျသွားတာကတော့ လူထူးလူဆန်းမဟုတ်ဘဲ မင်းသားလေး ဖြစ်နေသတဲ့။

အဲဒီတော့မှပဲ နန်းတွင်းသူ နန်းတွင်းသားတွေလည်း သူတို့မှာ ကျန်တဲ့ သတ္တိတွေ၊ ခွန်အားတွေကို စုစည်းပြီး အခန်းနက်ထဲကို ပြေးဝင် လာကြတယ်။

လူထူးလူဆန်းကို ဖမ်းဆီးဖို့ပေါ့။

အခန်းထဲကို စုပြုံပြေးဝင်လာပြီး လူထူးဆန်းကို ဝိုင်းအုံဖမ်းဆီး ကြသတဲ့။ လူထူးလူဆန်းဟာ သစ်နက်နာရီစင်အရိပ်အောက်မှာ မလှုပ် မယှက်ရပ်နေတာမို့ အားလုံးက သူ့ရဲ့ ကြောက်စရာကောင်းတဲ့မျက်နှာဖုံးနဲ့ ဝတ်ရုံကြီးကို တရကြမ်း ဝိုင်းဆုတ်ဖြဲလိုက်ကြတာ၊ မကြာဘူး အားလုံး နောက်ပြန်ဆုတ်သွားကြတယ်။ ဘာလို့လဲဆိုတော့ မျက်နှာဖုံးနဲ့ ဝတ်ရုံ ကြီးနောက်မှာ သူတို့ ဘာကိုမှ မကိုင်တွယ်မိကြလို့ပဲ။ သချိုင်းက လူသေ အလောင်းပတ်တဲ့ အဝတ်စတွေပဲ လက်ထဲပါလာတာကို တွေ့ကြရသတဲ့။

အဲဒီတော့မှပဲ အားလုံးဟာ ကြောက်စရာကောင်းတဲ့ ကပ်ရောဂါ ဆိုးကြီး 'သေမင်းနီ' ဝင်လာပြီဆိုတာ သိလိုက်ကြရသတဲ့။ အသိဝင်လာလို့ အော်ဟစ်လိုက်ပေမယ့် နောက်ကျသွားခဲ့ပြီ။

စောစောက ကခုန်နေခဲ့ကြတဲ့ လူတွေအားလုံးရဲ့ မျက်နှာတွေမှာ သွေးကွက်တွေ ပေါ်လာပြီး အရေပြားပေါက်ထဲကနေ သွေးတွေ ယိုစီး ထွက်လာပြီး ရပ်နေတဲ့နေရာမှာပဲ လဲကျ သေဆုံးကုန်ကြတော့သတဲ့။

မကြာဘူး၊ အခန်းအားလုံး သွေးကွက်တွေနဲ့ ပြည့်သွားတယ်။ သစ်သားနာရီကြီးလည်းရပ်၊ မီးရှူးတိုင်တွေလည်း ငြိမ်းကုန်တယ်။ 'သေမင်း နီ' ကပ်ရောဂါဆိုးကြီးကတော့ တစ်တိုင်းပြည်လုံးကို ဖုံးလွှမ်းသွားခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက သူ့ပုံပြင်ကို အဆုံးသတ်လိုက်သည်။ ပြီး...စားပွဲထိုးကလေးကို အပြုံးအိုင့်အိုင့်ဖြင့် မေးသည်။

"ကဲ...ဘယ်လိုလဲ၊ ဒီပုံပြင်ကို မင်း ကြားဖူးသလား"

"ဟင့်အင်း...မကြားဖူးဘူး၊ အဘပုံပြင်ထဲက လူထူးလူဆန်းဆိုတာက ကပ်ရောဂါကြီးကို ပြောတာပေါ့နော်"

"အေး...ဟုတ်တယ် မင်းမဆိုးဘူး"

"ဒါပေမဲ့ အဘပုံပြင်က ကြောက်စရာကြီး"

အဘိုးအိုက ပြုံးလိုက်ပြန်သည်။

"အေး...မင်းကို တမင် ဒီပုံပြင် ပြောပြတာ"

"ဟင်...ဘာဖြစ်လို့လဲ"

"ဟိုဝိုင်းက ပုံပြောပြနေတာကို မင်း သွားမနှောင့်ယှက်နဲ့"

အဘိုးအို၏ လေသံက ငေါက်ငမ်းဟန့်တားသံ ပါနေသဖြင့် စားပွဲထိုးလေး မျက်နှာသေဖြင့် ဖြစ်သွားရသည်။

"ဟုတ်ကဲ့၊ မနှောင့်ယှက်ပါဘူး"

"ဒီလိုကွ၊ သူတို့က တစ်ယောက်က ပုံပြောပြီး တစ်ယောက်က နားထောင်နေတယ်လို့ ငါမမြင်ဘူး၊ အဲဒီ မင်းသားလေးနဲ့ လူထူးလူဆန်းတို့ မျက်နှာဖုံးစွပ်ပြီး တွဲကနေကြတာလို့ပဲ မြင်တယ်။ အဲဒါကြောင့် မင်း သူတို့ဝိုင်းနား သွားမကပ်နဲ့"

ထိုအချိန်မှာ လူစိမ်းက အမျိုးသမီးကို သူဆက်ပြောမည့် ပုံပြင်စတင်နေပြီဖြစ်၏။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ရွာကြီးတစ်ရွာပေါ့။ အဲဒီရွာမှာ ထုံးကျောက်မီးဖိုတွေ အစီအရီ ရှိတယ်။ ထုံးကျောက်ဖုတ်တဲ့ မီးဖိုကြီးတွေဟာ တောင်ကြောထဲမှာရော တောင်နံဘေးမှာရော အနှံ့အပြား ဆောက်လုပ်ထားတယ်။

တချို့မီးဖိုကြီးတွေဆိုရင် ကျောက်တုံးကြမ်းကြမ်းကြီးကြီးတွေနဲ့ ဆောက်လုပ်ထားပြီး မျှော်စင်ကြီးတွေလိုပဲ အမြင့်ကြီး။

အဲဒီမီးဖိုကြီးတွေက ထုံးကျောက်ဖုတ်ပြီဆိုရင် အနားတဝိုက်မှာ သောင်စာတွေဟာ လှည်းနဲ့တိုက်ရလောက်အောင် တပုံတပင်ကြီးဖြစ်နေ ပါတော့တယ်။

မီးဖိုကြီးကို အပေါ်စီးကနေ စီးကြည့်ရင် ကြောက်စရာကောင်းတဲ့ သားရဲပါးစပ်ကြီးနဲ့ တူတယ်တဲ့။



www.burmeseclassic.com

မီးဖိုကို သံတံခါးနဲ့ ကာထားလေ့ရှိတယ်။ သိပ်တော့ မမြင့်ဘူး။ ငုံ့ဝင်ပြီး မီးထိုးပေးရတယ်။ တစ်ခါတစ်ခါကျရင် မီးတောက်မီးလျှံတွေဟာ မီးဖိုတံခါးပေါက်ကနေ အပြင်ကို တိုးထွက်လာတတ်တယ်။

အဲဒီရွာတဝိုက်မှာ မာဘယ်လ်ကျောက်လုပ်တဲ့မီးဖိုတွေ အတော်များများရှိတယ်။ တချို့ကျတော့လည်း အဟောင်းကြီးတွေပါ။ လက်ရှိသုံးနေတာ မဟုတ်ဘူး။ စွန့်ပစ်ထားတာ ကြာတော့ မြို့ပုတ်တွေ၊ ပန်းရိုင်းမြက်နွယ်တွေကြား ရောက်နေတယ်...တဲ့။

တချို့မီးဖိုတွေကတော့ လက်ရှိလုပ်ကိုင်လည်ပတ်နေတဲ့ မီးဖိုတွေပေါ့။ အဲဒီမီးဖိုအလုပ်သမားတွေထဲမှာ အံ့ဩစရာကောင်းတဲ့လူတစ်ယောက်ရှိခဲ့ဖူးတယ်။

သူဟာ အဲဒီရွာပတ်ဝန်းကျင်မှာ လျှောက်သွားနေဖူးတယ်။ သစ်တုံးတစ်တုံးပေါ်မှာထိုင်ပြီး ဒါမှမဟုတ် မီးဖိုတံခါးနားမှာထိုင်ပြီး တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေတတ်သတဲ့။

အဲဒီလူကို ‘မီးနတ်ဆရာ’ လို့ သတ်မှတ်ကြရအောင်။

သူဟာ မီးဖိုကြီးနားမှာ ထိုင်မိပြီဆိုရင် မီးတောက်တွေကို တမေ့တမော ငေးကြည့်နေတတ်သတဲ့။ တစ်ခါတစ်လေကျတော့လည်း အဲဒီမီးတောက်တွေကိုကြည့်ရင်း တံခါးကို ကျောမှီနေတတ်တယ်။ ဘဝင်မကျတဲ့ မျက်နှာထားနဲ့ပေါ့။

အဝါပြောက်ပြောက် မီးအလင်းရောင်အောက်မှာ သူ့မျက်နှာကို ဆေးသေချာချာမြင်ရတတ်တယ်။ သူဟာ မီးတောက်ထဲကို ဝက်သစ်ချတုံးကြီးတစ်တုံး ထိုးထည့်လိုက်တယ်။ ပြီး...မီးတောက်ကို ငေးကြည့်နေပြန်သတဲ့။

သူဟာ အမြဲ အဲဒီလိုပဲ တဟဲဟဲအရှိန်မြင့်လာတဲ့ မီးတောက်တွေက မာဘယ်လ်ကျောက်တွေပေါ်မှာ မြူးတူးခုန်ပေါက်နေတာ၊ ကျောက်တွေ အရေပျော်မတတ်ပူတဲ့ မီးဖြစ်တဲ့အတွက် အလျှံတညီးညီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသွင်အပြင်တွေ၊ အမူအရာတွေက ထူးခြားနေတဲ့အတွက် ရှာသားတချို့က သူ့ကို လန့်ကြတယ်။

"ဒီလူဟာ နတ်မိစ္ဆာတွေနဲ့ စကားပြောတဲ့ လူပဲ"

"ဟုတ်လား...ဘယ်လိုလုပ်ပြောတာလဲ"

"မီးတောက်ကနေ တစ်ဆင့်ပေါ့"

"အို..."

ရှာသူရှာသားတွေက သူ့ကို အဲဒီလို ဝေဖန်ကြတယ်။ အားလုံးရဲ့ အမြင်မှာတော့ သူဟာ ပဟေဠိဆန်ပြီး တိတ်ဆိတ်ခက်ထန်နေတယ်။

မီးတောက်တွေကို စူးစူးဝါးဝါး သူငေးကြည့်နေတဲ့အခါတိုင်းမှာ မီးတောက်ထဲက နတ်မိစ္ဆာကို ခေါ်နေတာလား၊ စကားပြောနေတာလား၊ အမိန့်ပေးနေတာလား၊ တစ်ခုခုကို တောင်းဆိုနေတာလား ထင်ရတယ်တဲ့။ အဲဒီလိုလည်း ရှာသားတွေက တွေးတောစိုးရိမ်နေကြသတဲ့။

အဲဒီလိုနဲ့ တစ်နေ့မှာတော့ သူဟာ ဒီရွာကို စွန့်ခွာပြီး ထွက်သွားတယ်။

ရှာသားတချို့က သူ့ကို မေးကြတယ်။

"ခင်ဗျား ဘယ်သွားမှာလဲ"...တဲ့။

"ရှာပုံတော် ထွက်မလို့"

"ဘာကို ရှာမှာလဲ"

"ခွင့်လွှတ်လို့မရတဲ့ အပြစ်ကို ရှာမှာ"

"ဘာပြောတယ်"

"ခွင့်လွှတ်လို့မရတဲ့ အပြစ်ကို နေရာအနှံ့မှာ လိုက်ရှာမလို့"

အဲဒီလိုပြောပြီး ဒီရွာနဲ့ ဒီထုံးကျောက်မီးဖိုတွေကို သူစွန့်ခွာသွားခဲ့တော့တယ်။ ဒီရွာကြီးမှာတော့ ရှာသူရှာသားတွေဟာ သူ့အကြောင်းကို ဒဏ္ဍာရီတစ်ပုဒ်လို ပြောရင်း ကျန်ခဲ့ကြတယ်တဲ့။

နှစ်တွေ ကြာသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်းကိုတော့ စကားစပ်မိရင် ပြောဖြစ်နေကြတုန်းပဲ။ 'မီးနတ်ဆရာ' ဘယ်များရောက်နေပြီလဲ၊ ဘာများဖြစ်နေပြီလဲ စသဖြင့်ပေါ့။

ဒီရွာရဲ့ နောက်ပေါက်လူငယ်လေးတွေက သူ့ကို မမီလိုက်၊ မသိလိုက်ကြဘူး။

လူကြီးသူမတွေ ပြန်ပြောပြလို့သာ သူ့အကြောင်းကို တစ်စွန်းတစ်စ သိကြရတာ။ ကြောက်စရာ၊ အံ့သြစရာ ဒဏ္ဍာရီဇာတ်ဆောင် တစ်ယောက်လိုပါပဲ။

မီးနတ်ဆရာ တစ်ချိန်က အလုပ်လုပ်ဖူးတဲ့ မီးဖိုကြီးဟာ အတော်ကြီးမားတဲ့ မီးဖိုကြီးပဲ။ မီးနတ်ဆရာမရှိတော့တဲ့ နှစ်တွေထဲမှာလည်း ဆက်လုပ် လည်ပတ်နေတုန်းပဲ။

မီးနတ်ဆရာရဲ့နေရာမှာ တခြား အလုပ်သမားသစ်ကို ခန့်ထားတယ်။ သူကလည်း လူစိမ်းဆိုတော့ သူ့ရှေ့က မီးနတ်ဆရာရဲ့ အကြောင်းကို သည်းသည်းကွဲကွဲ သိပ်မသိဘူး။

အဲဒီ အလုပ်သမားဟာ ကြမ်းတမ်းတဲ့ပုံစံရှိတယ်။ အကြည့်ကလည်း အေးစက်စက်နဲ့။ ကျောက်မှုန့်တွေ၊ မီးသွေးမှုန့်တွေ သူ့အပေါ်မှာ ပေလူးနေတဲ့အခါ သူ့ပုံစံကလည်း ဒဏ္ဍာရီထဲက လူကြမ်းကြီးလိုပါပဲ။

သူ့အလုပ်ကလည်း မီးနတ်ဆရာလိုပဲ။ တစ်နေကုန် မီးထိုးနေတယ်။ မီးတောက်ကို စောင့်ကြည့်နေရတယ်။ ဒါပေမဲ့ သူကတော့ မီးနတ်ဆရာလို အထီးကျန်မဟုတ်ဘူး။ သူဘေးမှာ သူ့သားငယ်လေး အမြဲရှိနေတတ်တယ်။

"ဖေဖေ ဒီမှာကြည့် အိမ်ကလေး"

"အေး... လှတယ်သား"

သူက မီးထိုးပြီး၊ သူ့သားငယ်က ပြန့်ကျဲနေတဲ့ ထုံးကျောက်တွေကြားမှာ အိမ်ဆောက်တမ်း ကစားနေတတ်တယ်။

မီးဖိုကြီးရဲ့ အောက်ဘက်ကို လှမ်းကြည့်ရင် ဆင်ခြေလျှောကြီး



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ခြုံပင်တွေနဲ့ ပွေလိမ်မှိုင်းညို့လို့။

တစ်နေ့...သူတို့သားအဖ အဲဒီလို အလုပ်လုပ်သူကလုပ် ကစား သူက ကစားနေတုန်း...

"ဟားဟား...ဟားဟား..."

ကြောက်စရာကောင်းတဲ့ ရယ်သံကြီးကို ကြားလိုက်ကြရသတဲ့။ ကလေးငယ်က အရမ်းကြောက်သွားတယ်။ ဆော့နေတာတောင် ရပ်သွား သတဲ့။

ရယ်သံက ပျော်လို့ရယ်တဲ့အသံမျိုး မဟုတ်ဘူးလေ။ လေးကန် ကန် ပြတ်တောက်တောက်နဲ့။ ပြီး...သစ်ကိုင်းသစ်ခက်တွေကို လေတိုးတဲ့ အသံမျိုး။ ရယ်သံ ဟုတ် မဟုတ်တောင် အတော်စဉ်းစားယူကြရမယ့် ရယ်သံမျိုး။

"ဖေဖေ အဲဒါ ဘာသံကြီးလဲ"

ကလေးက သူ့အဖေရဲ့ ဒူးကြားကို ပြေးဝင်တယ်။ ကြောက် ကြောက်နဲ့ မေးတော့တာပေါ့။ အလုပ်သမားကြီးက...

"အရက်မူးနေတဲ့ လူတစ်ယောက် ဖြစ်မှာပေါ့ကွာ"လို့ ပြန်ဖြေ တယ်။

ပြီး...သူ့ဘာသာသူ မှတ်ချက်ထပ်ပေးလိုက်သေးတယ်။

"ရွာထဲက စားသောက်ဆိုင်မှာသာ ဒီအသံမျိုးအော်ရယ်ရင်တော့ ဒီကောင် လွှင့်အပစ်ခံရမှာပဲ။ ခေါင်းမိုးတောင် ပွင့်ထွက်သွားဦးမယ်။ ရွာထဲမှာသာ ဒီလိုသွားရယ်ရင် ဒီကောင် ဒုက္ခရောက်သွားမယ်"တဲ့။

သားငယ်ကို သူက ဘာမှမဖြစ်သလို နှစ်သိမ့်တာပါ။ ဒါပေမဲ့ ကလေးကတော့ ကြောက်နေတုန်းပဲ။

"အဲဒီအသံကြီးကို သား ကြောက်တယ် ဖေဖေ"

"ဘာဖြစ်လို့လဲ"

"လူရှင်တော်တွေ ရယ်တာမျိုးလည်း မဟုတ်ဘူး ဖေဖေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရမ်းသမ်း ကြောက်မနေစမ်းပါနဲ့ကွာ။ မင်းနဲ့ မင်းအမေတော့ အတူတူပဲ။ ကြောက်ရမယ်ဆိုရင် အလွန်အကျွံ။ သစ်ရွက်ကလေး လှုပ်လည်း ကြောက်နေတာပဲ"

အဲလိုပြောပြီး သူ ထိုင်ရာက ထလိုက်တယ်။

"ကဲ...လာခဲ့။ မင်း ငါနဲ့လိုက်ခဲ့။ အဲဒီ ရယ်နေတဲ့ကောင်ကို ငါပြမယ်။ ဘာမှကြောက်စရာမကောင်းဘူးဆိုတာကို မင်း တွေ့ရလိမ့်မယ် လာ..."တဲ့။

ကလေးက တွန့်ဆုတ် တွန့်ဆုတ်နဲ့ပဲ သူ့အဖေရဲ့ခါးကို ကိုင်ပြီး နောက်က လိုက်လာတယ်။ သားအဖနှစ်ယောက် ဆင်ခြေလျှောခြုံတွေ ကြားထဲ ရောက်တော့...

"ဟေ့ ဘယ်သူလဲကွ"

အလုပ်သမားကြီးက လှမ်းအော်လိုက်တယ်။ ခြုံနွယ်သစ်ကိုင်းတွေကြားမှာ လူရိပ်တစ်ခုကို သူ မြင်လိုက်ရတာကိုး။

"ယောကျ်ားပဲကွာ အပြင်ထွက်ခဲ့စမ်းပါ။ ဒါမှမဟုတ်ရင်တော့ မင်းရဲ့ခေါင်းကို ဟက်တက်ကွဲသွားအောင် ငါ ခဲနဲ့ ထုရလိမ့်မယ်"

တစ်ဖက်ကလူ ထွက်မလာဘူး။ ဒါပေမဲ့ အသံတော့ ပြန်လာတယ်။

"ဘာလဲဟ ခင်ဗျားက အကြမ်းနည်းနဲ့ ကြိုးဆိုတာလား။ ဘယ်ကပဲဖြစ်ဖြစ်ဗျာ၊ ကျုပ်က ဒီမီးဖိုနားမှာ လာနေချင်တယ်"

အဲဒီလူကို အလုပ်သမားကြီးက သေသေချာချာ ကြည့်လိုက်တယ်။ ပိန်ပါးပြီး အရပ်မြင့်တဲ့ လူတစ်ယောက်ပါပဲ။ မျက်နှာက ခပ်ကြမ်းကြမ်း။ အသားက ညိုမောင်းမောင်း။ ခြေထောက်မှာ အဝေးပြေးဖိနပ်တစ်ရံ ဝတ်လို့။

အလုပ်သမားကြီးက စိတ်ကို ထိန်းချုပ်ပြီး လူမှုရေးအရ စကား ဆိုရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com


"အင်း...မင်္ဂလာညနေပါပဲဗျာ၊ မိုးချုပ်လှပြီ ခင်ဗျားက ဘယ်က လာတာလဲ"

"ကျုပ်က ရွာပုံတော်ထွက်သွားတာလေ၊ အခုတော့ ပြီးခဲ့ပါပြီ"

သူ့ရဲ့စကားကို အလုပ်သမားကြီးက နားမလည်ဘူး။ စကားက လည်း အဓိပ္ပါယ်မှ မပေါ်ဘဲကိုး။ သူ့စိတ်ထဲမှာ တွေးနေမိတယ်။ ဒီလူဟာ မူးများ မူးနေတာလား ဒါမှမဟုတ် ရူးနေတာလား ဘာမှန်းလည်းမသိဘူး။ သူ ပြန်ထွက်သွားအောင်ဖိတော့ လုပ်ရမယ်လို့။

အဲဒီအချိန်မှာ သူတို့ဟာ မီးဖိုကြီးနားမှာ စကားရပ်ပြောနေကြ တာပါ။ ကလေးက ဆံမျှင်ဖားလျားနဲ့လူကို ကြည့်ပြီး ကြောက်တာ တုန်တောင် တုန်နေတယ်။ သေသေချာချာလည်း မကြည့်ရဲဘူး။

အလုပ်သမားကြီးက မီးဖိုတံခါးကို ဆွဲပိတ်လိုက်တယ်။ ဆံမျှင် ဖားလျားနဲ့လူက ဘာမှ ဆက်မပြောတော့ဘဲ လှည့်ထွက်သွားတယ်။ ခပ်လှမ်းလှမ်းရောက်တော့မှ လှည့်ပြောတယ်။

"ခင်ဗျားအလုပ်တွေက ပြီးသလောက်ရှိနေပါပြီဗျာ။ ဒီမှာဘယ်လ် ကျောက်တွေက သုံးရက်မီးဖုတ်ပြီးသား ကျောက်တွေပဲ။ နောက်ထပ် နာရီနည်းနည်းလောက် ထပ်ဖုတ်လိုက်ရင် ပြီးပါပြီ"

သူ့စကားကြောင့် အလုပ်သမားကြီးက အံ့သြသွားတယ်။

"ခင်ဗျားက ဘယ်သူလဲ"

ကသောကမျောကြီး မေးလိုက်တယ်။

"ခင်ဗျားက ဒီအလုပ်ကို ကျုပ်သိသလို သိနေတာပဲ။ ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

"အား...ဟား သိပ်သိတာပေါ့ဗျာ။ ကျုပ် နှစ်ပေါင်းများစွာ လုပ်ခဲ့တဲ့အလုပ်ပဲ။ ဒီနယ်က ကျဉ်းကျဉ်းလေးပါ။ မီးနတ်ဆရာအကြောင်း ခင်ဗျားကို ဘယ်သူကမှ မပြောကြဘူးလား"

"ဗျာ..."


www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားကြီး လန့်သွားတယ်။

"ခွင့်လွှတ်လို့မရတဲ့ အပြစ်ကို လျှောက်ရှာနေတဲ့ လူလား"

"ဟုတ်တယ်၊ အဲဒီလူက အခု သူရှာနေတာကို တွေ့ခဲ့ပြီလေ၊ ဒါကြောင့် ပြန်လာတာ"

အံ့ဩမပြေတဲ့ အမူအရာနဲ့ပဲ အလုပ်သမားကြီးက ပြန်ပြောလိုက်တယ်။

"ကျွန်တော်က ဒီအရပ်ကိုရောက်တာ သိပ်မကြာသေးဘူး။ ခင်ဗျားနောက်မှ ရောက်တဲ့လူပါ။ ဒီရွာက ခင်ဗျားထွက်သွားတာ (၁၈)နှစ်လောက်ရှိပြီလို့ လူကြီးတွေဆီကတစ်ဆင့် သိရတယ်။ ခင်ဗျားက အကြောင်းတစ်ခုခုနဲ့ ဒီထုံးကျောက်ဖိုက ထွက်သွားတာဆိုပဲ"

တစ်ဆက်တည်းမှာပဲ သူက မေးလိုက်ပြန်တယ်။

"ဒါ့ထက် ခင်ဗျားရှာတာကို တွေ့ခဲ့ပြီးပြီလား"

"တွေ့ခဲ့ပြီ"

"ခွင့်လွှတ်လို့မရတဲ့ အပြစ်ကိုလား"

"ဆိုပါတော့"

"အဲဒါ ဘာလဲ၊ ဘယ်မှာလဲ"

မီးနတ်ဆရာက သူ့ရင်ဘတ်ကို သူ လက်ညှိုးပြလိုက်တယ်။

"ဒီမှာလေ ဟားဟား...ဟားဟားဟား"

သူ အော်ရယ်လိုက်ပြန်တယ်။ စောစောက ကြားလိုက်ရတဲ့ အရယ်သံမျိုးပဲ။ ပြက်လုံးကြောင့် ဖြစ်လာတဲ့ ရယ်သံမျိုးမဟုတ်ဘူး။ မထိန်းနိုင်တဲ့ ရင်ထဲက ခံစားချက်တွေကြောင့် ဖြစ်လာတဲ့ ရယ်သံမျိုး။ မညီမညာရယ်မောမှုကြီးပါပဲ။

ဆံမျှင်ဖားလျားနဲ့ အရူးလိုလိုဆိုတော့၊ ကလေးငယ်က ကြောက်ပြီးရင်း ကြောက်နေတော့တာပေါ့။

အလုပ်သမားကြီးက သူ့သားငယ်ကို...



www.burmeseclassic.com

www.burmeseclassic.com



"သားရေ...ရှာက ထမင်းဆိုင်ဆီ ပြေးသွားစမ်းကွာ။ ဒီမှာ မီးနတ်ဆရာ ပြန်ရောက်လာပြီ၊ ခွင့်လွှတ်လို့မရတဲ့ အပြစ်ကိုလည်း သူ ရှာတွေ့ခဲ့ပြီလို့ ပြောလိုက်"

ကလေးကို တွန်းကို လွှတ်ရတော့တာပဲ။

"သွားလေ...သား၊ မြန်မြန်သွားပြော"

ကောင်လေးက သူ့အဖေခိုင်းတဲ့အတိုင်း တချိုးတည်း ပြေးထွက်သွားတယ်။

အလုပ်သမားကြီးက တောင်တောင်အီအီ အတွေးတွေနဲ့ ဝေလို့၊ မီးနတ်ဆရာကတော့ သစ်တုံးတစ်တုံးပေါ်ထိုင်ပြီး မီးဖိုတံခါးဆီ ငေးနေတယ်။

ကလေးငယ်ပြေးထွက်သွားတဲ့ ခြေသံပျောက်သွားပြီးတဲ့နောက်မှာတော့ ပတ်ဝန်းကျင်တစ်ခုလုံးဟာ...

ချောက်ချားဖွယ်ရာ တိတ်ဆိတ်နေတယ်။

ပုံပြင်က မပြီးဆုံးသေးပါ။ သို့သော် လူစိမ်းက စကားပြောရင်း မောလာသလို ခဏနား၏။ ရေနွေးကြမ်းငှဲ့ပြီး သုံးလေးခွက် ဆင့်သောက်သည်။

သူ ဆက်ပြောမည့်စကားကို အမျိုးသမီးက ငြိမ်သက်စွာ စောင့်ဆိုင်းနားထောင်နေသည်၊ အမျိုးသမီး၏စိတ်ထဲမှာ ဝန်းဖွဲ့ထွေပြားနေသည်က စွန့်ခွာသွားတဲ့လူ၊ ပြီးတော့...ခွင့်လွှတ်လို့မရတဲ့အပြစ်။

စွန့်ခွာသွားတဲ့လူ... ခွင့်လွှတ်လို့မရတဲ့အပြစ်...

စွန့်ခွာသွားတဲ့လူ... ခွင့်လွှတ်လို့မရတဲ့အပြစ်...

စွန့်ခွာသွားတဲ့လူ... ခွင့်လွှတ်လို့မရတဲ့အပြစ်...

ပြီး... ... ...

ထွက်ပြေးရာမှ ဝေးပြီးပျောက်သွားတဲ့ ခြေသံ။ အမျိုးသမီး၏ ရင်ထဲမှာ တင်းကြပ်နာကျင်လာသည်။ မျက်လုံးကို စုံမှိတ်ပြီး ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



တွင်တွင်ခါယမ်းနေမိ၏။

စိတ်ကို ပြန်လည်ထိန်းချုပ်နိုင်လိုက်သောအချိန်၊ မျက်လုံးအစုံကို ပြန်ဖွင့်လိုက်တော့ လူစိမ်းက သူမကို ကြည့်နေကြောင်း တွေ့ရ၏။

လူစိမ်း၏အကြည့်ကတော့ လူစိမ်းဆန်သည်ပဲ ဖြစ်၏။ ဘာခံစားချက်မှ မပါ။

"ခင်ဗျား ဆက်နားထောင်ဦးမှာ မဟုတ်လား"

"အို…နားထောင်မှာပေါ့"

"ကျွန်တော် ဆက်ပြောလို့ ရပြီလား"

"ရှင်ဆက်ပြောမှာကို ကျွန်မ စောင့်နေတာပဲ"

"ဟုတ်ပြီ…ဒါဖြင့် ဆက်လိုက်ကြဦးစို့"

လရောင်က အမှောင်နှင့် အားပြိုင်နေပြီ ဖြစ်သည်။ ကြယ်တွေကလည်း မကြာမီမှာ ငွေရောသီသစ်သီးများလို ဝင်းမှည့်ရှိုမြိန်လာကြတော့မည်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

အလုပ်သမားကြီးကတော့ တိတ်ဆိတ်မှုကို ခဏမေ့ထားပြီး သူကြားဖူးခဲ့တဲ့ စကားလုံးတွေကို ပြန်စဉ်းစားကြည့်နေမိတယ်။

ညဘက်မှာ ရောက်လာတတ်တဲ့ လူစိမ်းတစ်ယောက်။ သူ့နေရာဟောင်းကို သူပြန်လာတတ်တယ်။ သူဟာ ဒီမီးဖိုကြီးတွေမှာပဲ နေရင်း နတ်မိစ္ဆာတွေနဲ့ စကားပြောတတ်တယ်...တဲ့။

'အင်း...ဒီစကားအရာဆိုရင် မီးနတ်ဆရာဟာ မိစ္ဆာကောင်တွေနဲ့ အပေါင်းအသင်းဖြစ်နေတာမို့ အဲဒါကိုက ခွင့်မလွှတ်နိုင်တဲ့ အပြစ်ဖြစ်နေတာလား မသိဘူး။ ဒီအပြစ်ကို ခွင့်လွှတ်ဖို့ဆိုတာက ကောင်းကင်ဘုံကပဲ အဆုံးအဖြတ်ပေးနိုင်မှာ' ရယ်လို့လည်း အလုပ်သမားကြီးက တွေးနေတယ်။

အလုပ်သမားကြီးကတော့ သူ့အတွေးနဲ့ သူ စိတ်တွေရှုပ်၊

www.burmeseclassic.com



ထိတ်လန့်သလို ဖြစ်လိုဖြစ်နဲ့ လုံးခြာလည်လိုက်နေတာ။ မီးနတ်ဆရာကတော့ အေးအေးဆေးဆေးပဲ။

သစ်တုံးပေါ် ထိုင်နေရာက ထတယ်။ ပြီး…မီးဖိုတံခါးကို ဆွဲဖွင့်လိုက်တယ်။ အလုပ်သမားကြီးကတော့ ကြည့်နေရင်းက မီးဖိုထဲက မကောင်းဆိုးဝါးတွေကိုများ တံခါးဖွင့်ပေးတာလားလို့ တွေးနေတယ်လေ။

"ဟားဟားဟား…ဟိုးဟိုးဟိုး…"

ရယ်သံကြီး ထွက်လာပြန်တယ်။

ဒီတစ်ခါရယ်သံက မီးနတ်ဆရာရဲ့ရယ်သံ မဟုတ်ဘူး။ အလုပ်သမားကြီးရဲ့ ရယ်သံ ဖြစ်နေတယ်။ သူ့စိတ်ထဲမှာ ဖြစ်နေတဲ့ လန့်ကြောက်တာတွေ စိုးရိမ်စိတ်တွေကို ဖုံးဖို့ စိတ်ပြေရာ ရလိုငြား ရယ်လိုက်တာပါ။

ပြီး…သူကပဲ မီးနတ်ဆရာကို…

"ကဲပါကွာ…ငါ့ကိုသနားရင် မင်းရဲ့ မကောင်းဆိုးဝါးကောင်တွေ မိစ္ဆာတွေကို ဒီကနေ ခေါ်ထုတ်သွားပါတော့ကွာ"လို့ ပြောတယ်။

ဒီတော့ မီးနတ်ဆရာက အလုပ်သမားကြီးကို လှည့်ကြည့်ပြီး…

"ကျုပ်က မကောင်းဆိုးဝါးတွေကို ခေါ်သွားရမယ် ဟုတ်လား ကိုယ့်လူ ကျုပ်က သူတို့ကို ကျော်ခိုင်းထွက်သွားခဲ့တဲ့လူပါ"တဲ့။

လေသံမာမာနဲ့ ပြန်ပြောတယ်။ နောက်မှ…

"သိပ်လည်း ကြောက်မနေပါနဲ့ ကိုယ့်လူ။ မီးဖိုတံခါးကို ဖွင့်တာက ကျုပ်လုပ်နေကျအလုပ်ကို လုပ်တာပါ။ ကျုပ် ဒီမီးဖိုကြီးကို မီးရှိန်ညှိပေးမလို့ပါ"လို့ ဆက်ပြောတယ်။ အဲဒီလို ဆက်ပြောတဲ့ လေသံကတော့ မမာတော့ဘူး။

သူက ပြောရင်း မီးဖိုထဲကို ထင်းတွေ ထပ်ထည့်တယ်။ ပြီး… မီးတောက်တွေကို ငေးကြည့်နေပြန်ရော။ အလုပ်သမားကြီးရဲ့ စိတ်ထဲမှာတော့ 'မီးဖိုထဲက မကောင်းဆိုးဝါးမိစ္ဆာကောင်တွေကို ခေါ်နေတာလား' ဆိုတဲ့ သံသယအတွေးက ဝင်နေတုန်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခဏနေတော့ မီးနုတ်ဆရာဟာ မီးဖိုတံခါးကြီးကို ဆွဲပိတ်လိုက်ပြီး နောက်ဆုတ်လိုက်တယ်။ ပြီးမှ...

"ကျုပ်ဘာသာ ကျုပ် ပြန်စဉ်းစားမိတယ်။ အပြစ်ရှိတဲ့လူရဲ့ နှလုံးသားဟာ ဒီမီးဖိုက မီးထက် ခုနစ်ဆလောက် ပိုပူမယ်ထင်တယ်။ ဒါပေမဲ့ ကျုပ်ရှာနေတဲ့ ကိစ္စရဲ့ ပြေစရာ ထွက်ပေါက်ကိုတော့ မတွေ့သေး ဘူး"

သူ့စကားအဆုံးမှာ အလုပ်သမားကြီးက မေးလိုက်တယ်။

"ခွင့်မလွှတ်နိုင်တဲ့ အပြစ်ဆိုတာ ဘာလဲဗျ"

"ဒါ ကျုပ်ရင်ထဲမှာ သိနေတယ်။ တကယ်တော့ အပြစ်ဆိုတာ တခြားမှာရှိတာမဟုတ်ဘူး။ လူအချင်းချင်း ထားရမယ့် သဘောထားနဲ့ လုပ်ဆောင်မှုတွေဟာ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်မဖြစ် ဒါပါပဲ။ အပြစ်ရှိတဲ့ နှလုံးသားရဲ့ အဆိပ်သင့်မှုကြောင့် စိတ်ထဲမှာ ပူပင် သောကတွေ ဖြစ်နေရတာ။ ကျုပ်ရဲ့ အပြစ်တွေအတွက် ဘုရားသခင်ကို ဦးခိုက်တောင်းပန်ပြီး၊ ဒီ စိတ်သောက ဝဲထဲက ထွက်ချင်ပြီဗျာ"

မီးနုတ်ဆရာက သူ့ရင်ထဲမှာ ခံစားရတဲ့အတိုင်း ရှင်းပြတာပါပဲ။ အလုပ်သမားကြီးရဲ့ စိတ်ထဲမှာတော့ တစ်မျိုးတွေးနေတုန်း။

"အင်း...ဒီလူ့စကားက ဒီမှာပဲ ပြန်လည်နေပြန်ပြီ၊ တခြားလူ တွေလိုပဲ သူလည်း လောကီသားပဲ၊ ဘယ်လိုလုပ် အပြစ်ကင်းမှာတဲ့လဲ။ ဘာမှ ပိုထူးတာမှမဟုတ်တာ။ မဟုတ်မှလွဲရော ဒီလူ စိတ်ရူးပေါက်ပြီး ထင်ရာလုပ်တတ်တဲ့လူ ထင်တယ်"

အဲလိုတွေးနေရင်ကပဲ အလုပ်သမားကြီးဟာ မီးနုတ်ဆရာနဲ့ နှစ်ယောက်တည်း အတူရှိနေတာကို စိတ်မသက်မသာ ဖြစ်လာပြန်တယ်... တဲ့။

တော်သေးတယ်။ အဲဒီအချိန်မှာပဲ ခြေသံတွေ၊ စကားပြောလာ သံတွေကို ကြားလိုက်ရတာမို့ အလုပ်သမားကြီး အားတက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံတွေက ကျောက်တုံးတွေကို နင်းတက်လာတဲ့အသံ၊ မြို့တွေကြားက တိုးလာတဲ့ အသံတွေအပြင် အရက်မူးလာတဲ့အသံတချို့ကိုလည်း ကြားရတယ်။ တဖြည်းဖြည်းနဲ့ နီးလာလေ ပြောဆိုသံတွေက ပိုပြီး ကျယ်လောင်ဆူညံလာလေပဲ။

အဲဒီလူအုပ်ထဲမှာ ပျော်ပျော်နေတတ်တဲ့လူတွေ၊ လူကြီးတွေ၊ လူငယ်တွေ၊ မိန်းမ၊ ယောကျ်ား အစုံပါတယ်။ အဲဒီထဲက ထူးခြားတဲ့ လူတစ်ယောက်က ရှေ့နေကြီးတစ်ယောက်ပဲ။

သူ့ရဲ့ ခြေတစ်ဖက်ဟာ ရဲတင်းနဲ့ ခုတ်ခံရလို့ ခြေဖဝါးတစ်ခြမ်း ပြတ်သွားရသလို လက်တစ်ဖက်ကလည်း ရေနွေးငွေ့စက်ထဲ ပါသွားလို့ ဖြတ်ထားရတယ်။ ဒါပေမဲ့ ဉာဏ်ကတော့ သိပ်ကောင်းတာပဲတဲ့။ နောက် မီးနတ်ဆရာနဲ့ အတော်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်လည်း ပါတယ်။ သူကတော့ ရွာမှာ နေရာတကာ တွေ့ရတတ်တဲ့ လူမျိုးလေ။

သူတို့ရောက်လာချိန်ကျမှ အလုပ်သမားကြီးက မီးဖိုတံခါးကို ဖွင့်လိုက်တာမို့ အလင်းရောင်တွေ ဖြာထွက်လာတယ်။ ဒီတော့မှ ရောက်လာတဲ့ လူအားလုံး မီးနတ်ဆရာကို ကောင်းကောင်းမြင်ကြရတော့သတဲ့။

မီးနတ်ဆရာက ပြန်ကြည့်တော့လည်း ဟိုတချိန်က သူနဲ့ ရင်းနှီးခဲ့တဲ့ လူတွေ၊ စားသောက်ဆိုင်မှာ ဆုံနေကျလူတွေ၊ မြင်ဖူးနေတဲ့ မျက်နှာတွေကို တွေ့ရတယ်။

အဲဒီထဲမှာ နောက်ထပ် ထူးခြားတဲ့ လူတစ်ယောက်ကတော့ 'ဆရာဝန်'ပဲ။

အဲဒီဆရာဝန်ကလည်း တစ်ချိန်က မီးနတ်ဆရာဆီ အလုပ်ကိစ္စနဲ့ ရောက်ဖူးတဲ့သူ။ ခုတော့ ဆရာဝန်ဟာ အရက်ကြောင့် ကြမ်းတမ်းခက်ထန်တဲ့ လူတစ်ယောက် ဖြစ်နေပြီ။ အရက်က မော့သောက်လိုက်တာကို သူပြန်ခံထားရတဲ့ပုံမျိုး တိရိစ္ဆာန်အရိုင်းတစ်ကောင်လို ကြမ်းတမ်းသတဲ့။ ဒါပေမဲ့ ဆေးကုတာတော့ တော်လွန်းလို့ ခွင့်လွှတ်ထားရတဲ့သူပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူက သူများတွေလို လမ်းလျှောက်လာတာ မဟုတ်ဘူး။ မြင်းတစ်စီးပေါ်မှာ ရေ့တိုးနောက်ငင်နဲ့ ယိုင်ပြီး ပါလာတာ။

မီးနတ်ဆရာရဲ့ မိတ်ဆွေတွေက သူ့ကို လာနှုတ်ဆက်ရင်း အရက်အတူသောက်ဖို့လည်း ဖိတ်ကြတယ်။ မီးနတ်ဆရာရှာနေတာထက် ကောင်းတဲ့အစီအစဉ်က အရက်ဝိုင်းပဲလို့လည်း ဝိုင်းပြောနေကြတယ်။

ဒါကြောင့် မီးနတ်ဆရာက…

"ကျုပ်ဟာ ကျုပ် နေပါရစေ။ ခင်ဗျားတို့ဟာ တကယ့်ကို လူကြမ်းလူရိုင်းတွေ ဖြစ်နေကြပြီ။ ဒါ ကိုယ့်ဟာကိုယ် လုပ်ယူကြတာပဲ။ ခင်ဗျားတို့ရဲ့ မခိုင်ခန့်တဲ့ စိတ်ကို အရက်နဲ့ ကိုယ့်ဘာသာကိုယ် ဖျက်ကြတယ်။ ကျုပ် တစ်ချိန်က ခင်ဗျားတို့နဲ့ အချိန်ဖြုန်းခဲ့ဖူးပြီးပြီ။ အဲဒီတုန်းက ခင်ဗျားတို့နဲ့ လက်တွဲခဲ့လို့ ကျုပ်ရည်မှန်းချက်တွေ ဘာမှ ဖြစ်မလာခဲ့ဖူးဘူး။ သွားကြပါဗျာ"လို့ နှင်ထုတ်တယ်။

ဒါကို မခံမရပ်နိုင်တဲ့ ဆရာဝန်က ဒေါသနဲ့ ဝင်ပြောတယ်။

"မင်း မိုက်ရိုင်းလှချည်လားကွ။ မင်းကို ခင်လို့၊ သံယောဇဉ်ထားလို့ မင်းပြန်လာတယ်ဆိုတာနဲ့ လာတွေ့တဲ့ မိတ်ဆွေတွေကို မင်း ဒီလိုပဲ ပြောရလား။ ကဲ…ငါမေးပါဦးမယ်။ မင်းရှာနေတဲ့ ခွင့်လွှတ်လို့မရတဲ့ အပြစ်ဆိုတာ မင်းတွေ့လား၊ ပြော…။ မင်းဟာ ရူးနေတာ။ မင်းကို ငါ လွန်ခဲ့တဲ့ အနှစ် (၂၀)လောက်ကတည်းက မှတ်ချက်ချခဲ့တာ မင်းဟာ စိတ်ရူးပေါက်နေတဲ့လူ၊ မင်းလိုလူက ဒီလို လူကြီးကို ပြောသင့်သလားကွ ဟေ"

ဆရာဝန် ညွှန် ပြ တဲ့ အဘိုးကြီးက မျက်နှာသွယ်သွယ်၊ အကျီ ပွပွကြီးနဲ့။ ဒီအဘိုးကြီးက ဒေသအနှံ့ လျှောက်သွားပြီး ကုန်သည်တွေကို သူ့သမီးသတင်း လိုက်မေးနေတတ်တဲ့သူ။

အဘိုးကြီးမှာ သမီးတစ်ယောက် ရှိခဲ့တယ်။ အဲဒီသမီးက အိမ်က ထွက်သွားပြီး ဆပ်ကပ်အဖွဲ့တစ်ခုမှာ ကြိုးတန်းလမ်းလျှောက်တဲ့လူ ဝင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ။ ဒါကလည်း သတင်းပဲ ရောက်လာတာပါ။ လူကတော့ ရောက်မလာပါဘူး။

အဘိုးကြီးက မီးနတ်ဆရာကို မေးတယ်။

"မင်းက ဒေသအနှံ့လျှောက်သွားပြီး ခွင့်လွှတ်လို့မရတဲ့အပြစ်ကို ရှာခဲ့တဲ့ လူပဲ။ ဒီတော့ မင်း ငါ့သမီးကို တွေ့ခဲ့မယ်ထင်တယ်။ လူတိုင်းက ငါ့သမီးပြပွဲကို သွားကြည့်ကြရတာ။ သူနဲ့တွေ့ရင် သူ ဘယ်တော့ ပြန်လာမလဲဆိုတာရယ်၊ ငါ့အတွက် စကားလက်ဆောင် ပါးလိုက်တာရယ်ကို ငါ သိချင်လို့ပါကွာ။ ငါသိပ်တွေ့ချင်နေတာရော သူ သိပါ့မလားမသိဘူး" တဲ့။

အဘိုးကြီးကို မီးနတ်ဆရာက စိတ်ပျက်လက်ပျက်နဲ့ ကြည့်ပြီး တစ်ခွန်းတော့ ပြန်ဖြေရှာတယ်။

"ဟုတ်ကဲ့"...တဲ့။

အဘိုးကြီးရဲ့အပြစ်က သနားစရာပါ။ သူ့သမီးက သူလုပ်ချင်ရာလုပ်ပြီး အဖေလုပ်တဲ့ သူ့ကို လျစ်လျူရှုထားတယ်လေ။ ပြန်တောင်မလာဘူး။ ဒါကရော ခွင့်လွှတ်လို့မရတဲ့ အပြစ်ထဲ ပါမလား မသိဘူး။

ထုံးကျောက်မီးဖိုကြီးဆီကို လာကြတဲ့ လူတွေဟာ သူတို့ တစ်ချိန်က ဒဏ္ဍာရီလိုလို ပုံပြင်လိုလို ကြားခဲ့ရဖူးတဲ့ 'မီးနတ်ဆရာ' ခွင့်လွှတ်လို့မရတဲ့အပြစ်ကို ရှာဖို့ ရွာကို နှစ်ပေါင်းများစွာ စွန့်သွားတဲ့သူ၊ အဲလိုလူကို တွေ့ဖို့ လိုက်လာကြတာ များတယ်။

ဒါပေမဲ့ သူတို့ တွေ့လိုက်ရတာက နှစ်ရှည်လများ ခရီးဒေသွားထားတဲ့ ပိန်ပိန်ရှည်ရှည်၊ မည်းမည်းသည်းသည်းနဲ့ ခပ်နွမ်းနွမ်းလူ တစ်ယောက် ဖြစ်နေတာမို့ စိတ်ပျက်လက်ပျက်နဲ့ ပြန်သွားကြတယ်။

အဲဒီအချိန်မှာ အဘိုးကြီးတစ်ယောက် ရောက်လာတယ်။ သူ့ ကျောပေါ်မှာလည်း သေတ္တာတစ်လုံးကို လွယ်လို့။ အဲဒီသေတ္တာက ရုပ်ပုံ အမျိုးမျိုးကြည့်လို့ရတဲ့ မှန်သေတ္တာလေး။



www.burmeseclassic.com

www.burmeseclassic.com



သူက တောင်ဆင်းလမ်းအတိုင်း ရောက်လာတာ။ သူ့ကို လူငယ်တွေက ဝိုင်းပြီး...

"အဘိုး လာပါဦး၊ အဘိုးကျောပေါ်က အရုပ်ကလေးတွေ ကြည့်ချင်လို့"

ကလေးတွေကခေါ်တော့ အဘိုးအိုက "ဟုတ်ကဲ့ လာပါပြီဆရာ၊ လာပါပြီ" ဆိုပြီး ပြန်လှည့်လာတယ်။ လူတိုင်းကို 'ဆရာ'ခေါ်ရတာ အကျင့်ပါနေပုံရတဲ့ အဘိုးကြီးမျိုးပဲ။

အဘိုးကြီးက သူ့ကျောပေါ်က သေတ္တာကို တစ်နေရာမှာချပြီး ဖွင့်ပြတယ်။ ကလေး၊ လူကြီး၊ မိန်းမ၊ ယောက်ျားတွေ အဘိုးကြီးနားကို ဝိုင်းလာတယ်။

အဘိုးကြီးရဲ့ သေတ္တာက မှန်အထပ်ထပ်ခံထားတဲ့ ရုပ်ပြောင်း သေတ္တာကလေးပဲ။ အဲလို အရုပ်တွေပြောင်းသွားတာကို ကြည့်ရတာ ကလေးတွေအတွက်တော့ ပျော်စရာကောင်းတာပေါ့။

သေတ္တာကို ကြည့်နေတဲ့ကလေးရဲ့ မျက်နှာဟာ ပြုံးပြီး သဘော ကျနေတယ်။ တဖြည်းဖြည်းနဲ့ ကလေးရဲ့မျက်နှာဟာ ကြောက်တဲ့အသွင် ပြောင်းလာတယ်။ သူမြင်ကွင်းထဲမှာ ကြောက်စရာကောင်းတဲ့ မီးနတ်ဆရာ ရဲ့ပုံကို မြင်လိုက်ရတာကိုး။

အဘိုးကြီးက မီးနတ်ဆရာကို ပြောလိုက်တယ်။

"ခင်ဗျား ကလေးတွေကို ကြောက်အောင် လုပ်နေတာလား"တဲ့။

မီးနတ်ဆရာကတော့ သူ့ကိုမေးတဲ့ အဘိုးကြီးကိုရော၊ ကလေး တွေကိုရော ဂရုတောင် မစိုက်ဘူး။ ဒါပေမဲ့ အဘိုးကြီးကို ရုတ်တရက် ပြောလိုက်တယ်။

"အာ...ဦးကို ကျွန်တော် မှတ်မိပြီ"

"ဟာ...သိပ်တော်တာပဲ။ မြို့သစ်ကလေးက အဘိုးကြီးတို့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက ပြုံးပြီး ဖြေတယ်။ ပြီး...ဆက်ပြောသတဲ့။

"ခွင့်လွှတ်လို့မရတဲ့ အပြစ်တွေကို ကျူပ်သေတ္တာထဲမှာလည်း တွေ့ရသလိုပဲ။ ဒီသေတ္တာထဲမှာကလည်း လေးလိုက်တာ ပြောမနေပါနဲ့တော့။ သူ့ သယ်ပြီး တစ်နေကုန်တစ်နေခမ်း လျှောက်ရတာ မသက်သာဘူး။ စိတ်ကုန်စရာပဲ"

မီးနတ်ဆရာကတော့ အဘိုးကြီးရဲ့စကားကို ခပ်ပေါ့ပေါ့ပဲ။

"စိတ်အေးအေးထားပြီး သွားပေါ့ဗျာ။ ဒါမှမဟုတ်ရင်လည်း သေတ္တာကို ဟောဟိုက မီးဖိုကြီးထဲ ပစ်ထည့်လိုက်ပေါ့"တဲ့။

အဘိုးကြီးနဲ့အတူ ထူးထူးခြားခြား ခွေးတစ်ကောင်ပါလာတာကို တွေ့ကြရတယ်။ အဲဒီခွေးက သဘောကောင်းပုံရတဲ့ ခွေးမျိုးပဲ။ လူတွေကြားထဲ လျှောက်သွားနေတာပဲ။ ခေါင်းတိုးဝှေ့ပြီး ပွတ်သပ်ပေးရင်လည်း ငြိမ်ခံနေတာပဲ။ ဒါပေမဲ့ သူ သရုပ်ဆောင်ရမယ့် အချိန်ရောက်ရင်တော့ သဘောကောင်းတဲ့ ခွေးကြီးဟာ ချက်ချင်းလိုလို ဒေါသတွေ ထွက်လာပြီး မာန်ဖီတယ်။ ဒေါသတကြီး ကိုက်တော့မှာလို ဟောင်တယ်၊ အူတယ်၊ ဟိန်းသံပေးတယ်။ သူ့ရှေ့မှာ ရန်သူတွေ့နေသလို သရုပ်ဆောင်တာ။

ပြီးသွားရင်တော့ သူ့ဒေါသတွေကို လျှော့ချလိုက်ပြီး နဂိုအတိုင်း ပြန်ဖြစ်သွားရော။ ဘေးကကြည့်တဲ့ လူတွေကတော့ လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ပေါ့။

မီးနတ်ဆရာဟာ သူထိုင်နေကျ သစ်သားတုံးဆီ ပြန်လာပြီး ထိုင်ချလိုက်တယ်။ ခွေးကြီး သရုပ်ဆောင်သွားတာကိုလည်း သူ သဘောတကျ ရယ်မောပြီးပြီ။

အဲဒီအချိန်မှာ လရောင်က တိမ်တိုက်တချို့ကြောင့် အရောင်မှိန်သွားပြီ။ မိုးကုတ်စက်ဝိုင်းရဲ့ ထောင့်စွန်းတစ်နေရာက မိုးခြိမ်းသံ ထွက်လာတယ်။ တောနဲ့ တောင်တန်းအထပ်ထပ်ကို ပွဲတင်ရိုက်ပြီး အဝေးကို လွင့်ပျံ့သွားတယ်။

www.burmeseclassic.com



လူတွေလည်း ပြန်ကုန်ကြပြီပေါ့။ တုန်နေအောင်အေးတဲ့ ညပဲ။ အဲဒီနေရာမှာ အလုပ်သမားသားအဖရယ်၊ မီးနတ်ဆရာရယ်၊ ဒီသုံးယောက်ပဲ ရှိတော့တယ်။ တောထဲက သစ်ပင်ကြီးတွေဟာ ညအမှောင်အောက်မှာ ကြောက်စရာကြီး။ ကလေးငယ်ကတော့ အဲဒီသစ်ပင်ကြီးတွေကိုလည်း ကြောက်တာပါပဲ။

အလုပ်သမားကြီးက မီးဖိုကြီးထဲကို ထင်းတွေ ထပ်ထည့်ပြီး မီးဖိုတံခါးကို ပိတ်လိုက်တယ်။ မီးနတ်ဆရာကို ထားခဲ့ပြီး သူတို့အိပ်တဲ့ တဲကလေးဆီကို သွားကြတယ်။

သွားခါနီး နှုတ်ဆက်တော့ မီးနတ်ဆရာက "ကျုပ်ကတော့ မအိပ်နိုင်ပါဘူးဗျာ"လို့ ပြောတယ်။

"ဟိုတုန်းကလိုပဲ မီးဖိုကြည့်ပြီး တွေးရ ဦးမယ်"

"မီးတောက်ထဲက နတ်ဆိုးကို ခေါ်ပြီး စကားပြောနေပေါ့ဗျာ၊ မကောင်းဆိုးဝါးတွေကိုလည်း ခေါ်ချင်ခေါ် ဒီမီးဖိုမှာပဲ နေချင်ရင် နေခဲ့တော့၊ ကျုပ်တို့ကတော့ အိပ်ရဦးမယ်"

ကလေးကိုခေါ်ပြီးအလုပ်သမားကြီး ထွက်သွားတယ်။ ကလေးက သူ့အဖေနောက် ပြေးလိုက်ရင်း မီးနတ်ဆရာကို တစ်ချက်ပြန်လှည့်ကြည့်တယ်။

ဒီအကြည့်မှာတော့ သနားကြင်နာတဲ့ အငွေ့အသက်တွေ ပါဝင်နေတယ်။ ညရဲ့ အရိုးကွဲမတတ် နှင်းအေးအေးတွေအောက်မှာ ဒီလူကြီး ကျန်ခဲ့တာ သနားစရာပဲပေါ့။ ကလေးရဲ့ မျက်လုံးထဲမှာက မျက်ရည်တွေ တောင် ဝဲလို့။

ဘယ်သူမှ မရှိကြတော့တဲ့အချိန်မှာ မီးနတ်ဆရာက မီးတောက်ရဲ့ အသံကို နားထောင်နေတယ်။

ညရယ်၊ ကြယ်ရယ် သူ့အပေါ် ကြွေကျလာတဲ့ နှင်းတွေရယ်၊ သစ်ပင်အရိပ်မည်းမည်းကြီးတွေရယ်၊ အတိတ်ကို သူပြန်သတိရနေတယ်။

www.burmeseclassic.com



ဟိုတုန်းကဆိုရင် သူဟာ လူသားဆန်ခဲ့တယ်။ အားလုံးကို နွေးထွေးချစ်ခင်စွာ နေနိုင်ခဲ့တယ်။ ဘာသာတရားကို အလေးထားခဲ့တာတွေ၊ ဘာသာတရားကို ဆန့်ကျင်ခဲ့တာတွေရယ်၊ ကျောက်မီးဖိုကြီးထဲက မီးတောက်ကြီးရယ်၊ တစ်ချိန်က ရိုးသားဖြူစင်ခဲ့တဲ့ သူ့ဘဝရယ် အားလုံးကို သူ ပြန်သတိရနေတော့တယ်။

တွေးရင်း တောရင်း သူ့ဘာသာသူလည်း မေးခွန်းတွေ ပြန်ထုတ်မိသတဲ့။

"နောက်ထပ် ငါ ဘာကိုရှာဖို့ လိုသေးလဲ"

"အောင်မြင်အောင် ဘာတွေလုပ်ဖို့ လိုသေးလဲ"

"တကယ်တော့လည်း ဘာမှ မလိုတော့ပါဘူး"

နောက်တော့ အတွေးတွေကြားကပဲ သူ မတ်တပ်ထရပ်လိုက်တယ်။

မီးဖိုရဲ့ ဘေးဘက်က ကုန်းမြေဆီကို လျှောက်သွားတယ်။ အဲဒီနေရာဟာ မာဘယ်လ်ကျောက် အကျိုးအပဲ့တွေ ပုံထားတဲ့နေရာပါ။

ဒါပေမဲ့ သူသွားတာက မီးတောက်တွေနဲ့ လောင်ကျွမ်းနေတဲ့ ကျောက်တွေဆီကို မီးတောက်တွေက အရှိန်အရမ်းပြင်းတယ်။ ပြာလဲ့လဲ့ တောက်လို့။

ရုန်းတောက်တဲ့ မီးလျှံတွေက သူ့ရှေ့မှာ လူးလွန့်ကခုန်နေကြတယ်။ မီးနတ်ဆရာဟာ မီးဖိုကြီးကို အပေါ်စီးက စီးမိုးကြည့်လိုက်တယ်။ မီးတောက် မီးလျှံတွေက သူ့မျက်နှာကို ဟပ်ဖို့ အရှိန်ပြင်းပြင်းနဲ့ ပြေးလာနေတယ်။

သူက လက်နှစ်ဖက်ကို မိုးပေါ် ဆန့်မြှောက်လိုက်တယ်။

"အို...အမိမြေ၊ ဒီမြေဟာ ကျွန်တော့်ရဲ့ မိခင်လိုပါပဲ။ အမေ့ရင်ခွင်ဆိုတာ ဘယ်တော့မှ မရိုးနိုင်တဲ့ သဘာဝတရားပါ။ ကျွန်တော်ဟာ လူ့ဘဝမှာ နေခဲ့ရတယ်။ မေတ္တာတရားကို ထိတွေ့ခဲ့ရတယ်။ စွန့်လည်း



www.burmeseclassic.com

www.burmeseclassic.com



စွန့်ပယ်ပစ်ခဲ့တယ်။ လူသားတွေရဲ့ သဘောထား မြင့်မြတ်မှုကိုလည်း နှင်းချေခဲ့ဖူးတယ်”

“အို...ကောင်းကင်ကြယ်တို့ရေ၊ မင်းတို့ရဲ့ အလင်းရောင်နဲ့ ငါ့ကို နောက်ဆုံးနှုတ်ဆက်ကြပါဦး။ အို...မီးတောက်ကြီးတွေ၊ ငါ့ရဲ့ နှစ်ပေါင်းများစွာ ချင်ခင်ခဲ့တဲ့ မိတ်ဆွေကြီးရေ ငါ့ကို ပွေ့ဖက် နှုတ်ဆက်ကြပါဦး”

မီးနတ်ဆရာရဲ့ အော်သံဟာ တောနဲ့တောင်ကို ပဲ့တင်ထပ်ပြီး လွင့်ပျံ့သွားပြန်တယ်။

အဲဒီလိုနဲ့ပဲ အဲဒီညဟာ ကုန်လွန်သွားတယ်။

“သား ထတော့လေ”

အလုပ်သမားကြီးက သူ့ရဲ့ သားငယ်ကို နှိုးတယ်။

“တစ်ညတော့ လွန်ခဲ့ပြီ၊ မီးဖိုဆီသွားဦးမှ။ ငါ့တာဝန်ကိုး”

အလုပ်သမားကြီးဟာ သားငယ်ကိုခေါ်ပြီး မီးဖိုဆီ ထွက်လာခဲ့တယ်။ နေခြည်နေရိပ်က တောင်စွန်းထိပ်ကနေ ဖြာကျလာတယ်။

နံနက်ခင်းကတော့ အေးချမ်းရှင်းလင်းနေတာပါပဲ။ ရွာဘက်ကို လှမ်းကြည့်ရင် ဘုရားရှိခိုးကျောင်းတွေရဲ့ အမိုးချွန်တွေကို မြင်ရတယ်။

ရွာထဲမှာ အိမ်တွေ၊ ဆိုင်တွေ၊ နိုးထလှုပ်ရှားနေကြပြီ။

နေခြည်ထိုးလို့ မိုးပေါ်က တိမ်တွေလည်း ရွှေရောင်ပြိုးပြိုးဖြစ်ပြီး လှနေတယ်။ နှင်းတွေကတော့ ရှိနေဆဲပဲ။

နှင်းတချို့က တောင်ပတ်လည်မှာ၊ နှင်းတချို့က တောင်ထွတ်တွေကို ဆောင်းပေးထားတယ်။ နှင်းတချို့ကျတော့ ရွာနဲ့ ထိလုထိခင် နိမ့်တွဲကျလို့။

ခရီးသည်တွေကို တင်တဲ့ လှည်းရထားတစ်စီးက တောင်ခြေ လမ်းအတိုင်း မောင်းချလာတယ်။ လှည်းသမားဟာ သတိပေးခေါင်း လောင်းတီးပြီး မောင်းလာတာ။ ကလေးငယ်က ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူကြီး ထွက်သွားပြီ ထင်တယ်နော် ဖေဖေ။ ကောင်းကင်ကြီးကလည်း လှတယ်၊ တောင်ကြီးကလည်း လှတယ်"

ကလေးက ခုန်ဆွခုန်ဆွလုပ်ပြီး ပြောတော့ အလုပ်သမားကြီးကလည်း ထောက်ခံတယ်။

မီးဖိုဆီရောက်တော့ အလုပ်သမားကြီးက ဝါးလုံးရှည်တစ်ချောင်းနဲ့ အလုပ်ရှုပ်သွားတယ်။

"သားရေ...ဒီကိုလာဦး"

ကလေးက သူ့အဖေနား ရောက်လာတယ်။ သူ့အဖေက သူ့ကို အထူးအဆန်းခေါ်ပြတာပါ။ မီးနတ်ဆရာရဲ့ ကောင်းမှုကြောင့် ထုံးကျောက်တွေအားလုံးက ကျက်ပြီးနေပြီ၊ အရောင်တွေအားလုံးကလည်း ဆွတ်ဆွတ်ဖြူလို့။

အဲဒီအကြားမှာ လူအရိုးစုတစ်ခုလည်း ပါလာတယ်။ အချိန်ကြာကြာ လောင်ကျွမ်းခဲ့ရတဲ့ အရိုးစုပါပဲ။ အဲဒီအရိုးစုထဲမှာ လူ့နှလုံးသားရှိမရှိဆိုတာကတော့ စဉ်းစားစရာမလိုတဲ့ အချက်ပဲပေါ့။

အလုပ်သမားကြီးက စိတ်ရှုပ် အံ့ဩနေတယ်။

သူ့နှလုံးသားကို မာဘယ်လ်ကျောက်လို မာအောင် လုပ်သွားသလား မသိဘူး။ အကောင်းဆုံး ထုံးကျောက်ဖြစ်လာမှာကတော့ သေချာပါတယ်လေ။

အဲဒီလို ပါးစပ်က တတွတ်တွတ်ရေရွတ်ရင်း မီးစွဲထုံးကျောက်တွေကို ဝါးလုံးရှည်နဲ့ ထိုးမွှေလိုက်တဲ့အခါ အရိုးစုဟာ ကြေမွသွားတော့တယ်တဲ့။

"ခွမ်း..."

အမျိုးသမီး၏ လက်မှ ရေနွေးပန်းကန်ခွက် လွတ်ကျကွဲသွားသည်။ ထိုသည်ကိုလည်း အမျိုးသမီးက သတိပြုမိဟန်မရှိ ကျောက်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှုပ်လို ဆွံ့အ ငြိမ်သက်သွားသည်။

"အဟွတ်...အဟွတ်...အဟွတ်"

ဆိုင်ရှင်အဘိုးအိုက ချောင်းဆိုးသည်။ လုပ်ချောင်းလား၊ အစစ်အမှန်လားတော့ သူကိုယ်တိုင်ပဲ သိလိမ့်မည်။ သူ့မျက်နှာမှာတော့ စိတ်မကောင်းဟန် ပေါ်နေသည်။

"ရတယ်...ရတယ်"

စားပွဲထိုးကလေးက ကပျာကရာ ပြေးသွားသည်။ ပန်းကန်ကွဲအစအနများကို ကောက်သိမ်း၏။

"ပြီးမှ ဒီပန်းကန်ဖိုးကို လက်ဖက်ရည်ဖိုးနဲ့ ပေါင်းယူလိုက်ပေါ့"

စားပွဲထိုးလေး ပြန်ထွက်သွားသော်လည်း သူတို့၏ စကားဝိုင်းလေးမှာ ပြန်လည် အသက်မဝင်ဘဲ သေဆုံးနေဆဲ။ အမျိုးသမီးက မိုးပေါ်က လမင်းကို ဖြည်းဖြည်းချင်း မော့ငေးသည်။

"သူ သေသွားပြီလား၊ ဟုတ်လား"

လူစိမ်းကို မေးသည်နှင့် မတူဘဲ လမင်းကို မေးသည်နှင့် တူနေသည်။ လမင်းက ဘာမှပြန်မဖြေဘဲ နှုတ်ဆိတ်နေသည်။ ဆိတ်ဆိတ်နေခြင်းကို ဝန်ခံခြင်းဟု တချို့က သတ်မှတ်ကြ၏။

လူစိမ်းက အမျိုးသမီး၏အခြေအနေကို ပြောင်းပစ်နိုင်ရန် ကြိုးစားလိုက်သည်။ ပြောနေကျ စကားတစ်ခွန်းလိုပဲ သွက်သွက်လက်လက် ပြောလိုက်၏။

"ဒါနဲ့ ခင်ဗျားကို ပုံပြင်တစ်ပုဒ် ဆက်ပြောပြရဦးမယ်"

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

အိမ်ကြီးတစ်အိမ်ရဲ့ တစ်ခုသောအခန်းလေး။ သူ့ရဲ့ ကျဉ်းမြောင်းတဲ့ ပြတင်းပေါက်လေးကနေ တစ်ဆင့် အခန်းထဲကို လရောင်တွေ ဖြာကျနေတယ်။ လရောင်ကြောင့် အခန်းရဲ့ အကျယ်အဝန်း မှုန်းမံပြင်ဆင်ထားတာတွေကို ကောင်းကောင်းမြင်နိုင်တယ်လေ။

လရောင်က အိမ်ခန်းထဲတောင် မဟုတ်ဘူး၊ အိပ်ရာပေါ်ကိုပါ ဖြာကျနေတာမို့ တစ်ဘက်က ပိုးသားကန့်လန့်ကာကြီး တဖျတ်ဖျတ်လှုပ်ခါနေတာကိုလည်း တွေ့နိုင်တယ်။

အိပ်ရာပေါ်မှာတော့ နုနယ်သေးတဲ့ လူငယ်တစ်ယောက်။

ရုတ်တရက်ကြည့်ရင် 'ဘယ်လောက်တောင် အိပ်မောကျနေသလဲ'လို့ ထင်ချင်စရာပါပဲ။ လူငယ်ရဲ့မျက်နှာက ဖြူရော်နေတယ်။ သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ပတ်ထားတဲ့ ဖျဉ်စကြောင့် သူ့နှုတ်ခမ်းပြုံးမှုတွေကတောင် မှိန်ကျသွားသလို ပဲ။

တကယ်တော့ လူငယ် အိပ်ပျော်နေတာ မဟုတ်ပါဘူး။ လူငယ်ရဲ့ အလောင်းကို အိပ်ရာပေါ်မှာ ပြင်ဆင်ထားတာပါ။ ကြည့်လိုက်ရင် အလောင်းက လှုပ်သလိုလို ထင်ရတတ်တယ်။ ဒါပေမဲ့ မဟုတ်ပါဘူး။ လေတိုးလို့ တဖျတ်ဖျတ် လူးလွန့်နေတဲ့ ပိုးကန့်လန့်ကာကြီးကြောင့်ပါ။

တိတ်ဆိတ်နေတဲ့ အခန်းထဲမှာ လူငယ်လေးရဲ့ အလောင်းရယ်၊ လှုပ်ရှားနေတဲ့ ပိုးကန့်လန့်ကာကြီးရယ်ပဲ ရှိတယ်။ ဒါပေမဲ့ မကြာဘူး။ အခန်းထဲကို မိန်းကလေးတစ်ယောက် ဝင်လာတယ်။

ကောင်မလေးရဲ့ မျက်လုံးအစုံက လရောင်ဟပ်လိုက်တဲ့အခါ တောက်ပနေသလို ထင်ရတယ်။ ကောင်မလေးက လူငယ်ရဲ့အနားကို တိုးကပ်သွားပြီး ငုံ့နမ်းလိုက်တာကို တွေ့ရတယ်။

သူ့ရဲ့အနမ်းမှာ အေးစက်နေတဲ့ အတွေ့အထိက လွဲလို့ ဘာမှ မထူးခြားတာကို တွေ့ရမှာပဲ။ သူ့ရဲ့ ရှည်လျားတဲ့ အနမ်းအဆုံးမှာ မိန်းကလေး နောက်ကို ပြန်ဆုတ်လိုက်တယ်။

အဲဒီအချိန်မှာပဲ အလောင်းက လှုပ်ရှားသွားသလို ထင်လိုက်ရပြန် သတဲ့။ အမှန်က ပိုးကန့်လန့်ကာ လှုပ်သွားတာပါ။

အဲဒီမှာပဲ နောက်ထပ် မိန်းကလေးတစ်ယောက် ထပ်ဝင်လာပြန် တာကို တွေ့ရသတဲ့။ အဲဒီမိန်းကလေးဝင်လာပုံက ဝိညာဉ်လောကသား တစ်ယောက် မျောရွေ့လာတာနဲ့ တူတယ်။

သူကလည်း လူငယ်ရဲ့ အလောင်းဆီ ချဉ်းကပ်သွားပြန်တယ်။ အခန်းထဲမှာ မိန်းမပျိုနှစ်ယောက် ဆုံမိကြပြီ။ နှစ်ယောက်လုံးက အချော အလှလေးတွေချည်းပါ။ ဒါပေမဲ့ သူတို့မျက်နှာလေးတွေ ဖြူရော်ရော် ဖြစ်နေတယ်။

တစ်ယောက်က သွက်လက်ပုံရပြီး မာန်မာနရှိပုံရတယ်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့ တစ်ယောက်ကတော့ နူးညံ့သိမ်မွေ့တဲ့ပုံ ရှိတယ်။

အဲဒီအချိန်မှာပဲ ဩဇာသံအပြည့်ပါတဲ့ အသံတစ်သံ ထွက်လာတယ်။

"မင်း ဘေးကိုဖယ်လိုက်စမ်း။ သူ့ကို ငါပိုင်တယ်၊ သူ ငါ့ကို ခွင့်ပေးထားပြီးပြီ"တဲ့။

နောက်က ထွက်ပေါ်လာတဲ့ အသံကတော့ ဖျော့တော့တုန်ရီနေတဲ့အသံမျိုး။ သူကလည်း...

"အလောင်းကို ကျွန်မ ပိုင်တာပါ၊ သူ ခွင့်ပြုထားပါတယ်"လို့ ပြန်ပြောတယ်။

မာနသံနဲ့ တိုးလျတုန်ရီတဲ့အသံ ရောထွေးသွားတယ်။ ခက်ထန်မာကြောတဲ့အကြည့်တွေနဲ့ နူးညံ့နိမ့်ချတဲ့ အကြည့်တွေ လမ်းခုလတ်မှာတင် ဆုံမိကြတယ်။

စကားအဆုံးမှာ ဒုတိယမိန်းကလေးက အလောင်းရဲ့ဘေးမှာ ချက်ချင်း ဝင်အိပ်လိုက်တယ်။ မိန်းကလေးရဲ့ ဆံပင်တွေနဲ့ အလောင်းရဲ့ ဆံပင်တွေ ရောထွေးသွားကြတယ်လေ။

အဲဒီမှာပဲ ပထမမိန်းကလေးက ဒုတိယမိန်းကလေးကို နာမည်ခေါ်သိုက်သံ ကြားရတယ်။ ဒုတိယမိန်းကလေးလည်း သူ့နာမည်ကို အတိအကျခေါ်ခံလိုက်ရတဲ့ အသံကြောင့် အလန့်တကြား အိပ်နေရာက ထထိုင်သတဲ့။

ပထမမိန်းကလေးက ပြောတယ်။ ထုံးစံအတိုင်း တည်ငြိမ်လေးနက်တဲ့ ဩဇာသံနဲ့ပေါ့။

"မင်း ငါ့ကို သစ္စာဖောက်တာလား"တဲ့။

ဒုတိယမိန်းကလေးက လေသံဖျော့လေးနဲ့ ပြန်ပြောတယ်။

"ကိုယ် ဘာမှ မပြောရပါလား။ ကိုယ်တို့ ဒီမှာ အတူနေပါရစေ။ သွားပါတော့၊ သူလည်း ကိုယ့်အနားမှာ ရှိနေပြီပဲ၊ ကိုယ့်ကိုခွင့်လွှတ်ပါ"တဲ့။

www.burmeseclassic.com



မာနသံက ပြန်ပြောတယ်။

''မင်း သူ့ကိုပိုင်ဆိုင်တယ်ဆိုတာ ဘာအထောက်အထားနဲ့ ပြမလဲ''လို့ မေးလိုက်တာကို…

"ဒီမှာ ဆံပင်ချင်း ထုံးနေတယ်"လို့ ဒုတိယမိန်းကလေးက ပြန်ဖြေတယ်။

အဲဒီအသံအဆုံးမှာ အခန်းလေးက တိတ်ဆိတ်သွားတယ်။ နောက်မှ မိန်းကလေးနှစ်ယောက်ဟာ သူတို့လက်တွေကို အလောင်းပေါ် တင်လိုက်ကြပြီး နောက်တစ်ခါ ပြန်တွေ့ဆုံကြဖို့ နေရာ၊ အချိန်၊ နေ့ရက်တွေကို အချိန်းအချက်လုပ်ပြီး ကတိပြုလိုက်တယ်။

အဲဒီနောက်မှာ ပထမမိန်းကလေးဟာ မာန်မာနကင်းမဲ့တဲ့အကြည့်နဲ့ အလောင်းကို သေသေချာချာ စိုက်ကြည့်တယ်။ ပြီး…အခန်းထဲကနေ လှည့်ထွက်သွားတော့တယ်။

အခန်းတံခါးပြန်ပိတ်သွားတဲ့အထိ အဲဒီမိန်းကလေးရဲ့ စိတ်ထဲမှာ လူငယ်လေးရဲ့အလောင်းက သူ့ကို နောက်ကနေ လိုက်ကြည့်နေမယ်လို့ စိတ်ထဲမှာ ထင်နေခဲ့တယ်တဲ့။

ကျန်ရစ်ခဲ့တဲ့ မိန်းကလေးရဲ့ စိတ်ထဲမှာလည်း အဲဒီလို ခံစားချက်တွေ ဆင်ဆင်ရှိနေမှာပဲ။ သူကတော့ တစ်စုံတစ်ရာကို ရေရွတ်မြည်တမ်းရင်း ထွက်ခွာသွားတယ်။

သူ အခန်းထဲက ထွက်လိုက်တာနဲ့ သူ့ရှေ့မှာ ခြံစောင့်ကြီးက မီးတုတ်ကိုင်ပြီး လမ်းပြဖို့ စောင့်နေတာကို တွေ့ရတယ်။ မီးတုတ်ကြောင့်ပဲ သူ လှေခါးထစ်တွေကို ကောင်းကောင်းကျော်ဖြတ်နိုင်ခဲ့တာပေါ့။

သူ အောက်ထပ်လည်းရောက်ရော၊ အောက်ထပ်ညေ့ခန်းမှာ ဓမ္မဆရာတစ်ယောက် ရောက်နေတာကို တွေ့လိုက်ရတယ်။ ဓမ္မဆရာက သူ့ကို လေးစားကြောင်း အရိပ်အမြွက်ပြပြီး အပေါ်ထပ်ကို တက်တက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ရက်ကလေး ပြီးဆုံးသွားလို့ နှစ်ပေါင်းများစွာ ကြာသွားတဲ့ အချိန်၊ အဲဒီအချိန်က ငယ်ရွယ်နုပျိုခဲ့တဲ့လူက ဇရာပိုင်းကို ချဉ်းကပ်နေလောက်တဲ့အချိန်…

ဟိုးတုန်းက လူငယ်လေးရဲ့အလှောင်းပေါ် လက်တင်ပြီး ကတိပြုခဲ့တဲ့ မိန်းကလေးနှစ်ယောက်လည်း ခုလောက်ဆို အဘွားအိုကြီးတွေ ဖြစ်နေလောက်တဲ့ အချိန်ပေါ့။

အဲဒီမြို့ကလေးရဲ့ 'ငြိမ်းချမ်းရေး' ရပ်ကွက်ဘက်မှာတော့ အဘွားကြီးကို ငြိမ်းချမ်းရေးရဲ့အဘွားအိုလို့ ခေါ်ကြတယ်။ ဒါပေမဲ့ အဘွားက ကျန်းမာရေး သိပ်မကောင်းတော့ဘူး။ ရွှင်ရွှင်လန်းလန်းလည်း သိပ်မတွေ့ရတော့ဘူး။

ဒါပေမဲ့ သူ့ နေပုံထိုင်ပုံတွေကတော့ အေးဆေးတည်ငြိမ်တယ်။ ဒေါသနည်းတယ်။ ဝန်တိုမှုမရှိဘူး။ အဲဒါတွေက အဘွားအိုကို လူသိများစေတဲ့ အကြောင်းတွေပဲ ဖြစ်တယ်။

အဘွားအိုက အပြင်ကို သိပ်ထွက်လေ့မရှိဘူး။ ဒါပေမဲ့ အသုဘ လိုက်ပို့ရမယ်ဆိုရင်တော့ နေပူပူ မိုးရွာရွာ ဘယ်လောက်အေးအေး အဘွားအို အမြဲလိုက်ပို့တတ်တာကို တွေ့ကြရသတဲ့။

သေသေချာချာကျကျနန ပြင်ထားတတ်တဲ့ အသုဘအခမ်းအနား နောက်က လူတွေထဲမှာ အဘွားအိုကို အေးငြိမ်းငြိမ်သက်စွာ တွေ့ကြရတတ်တယ်။ အဲ…အသုဘအခမ်းအနားက ရွက်ဖတ်ဆုတောင်းတာတွေ လုပ်နေရင်တော့ သူက သူများနဲ့မရောဘဲ သူ့ဘာသာသူ သီးခြားရွတ်ဖတ် ဆုတောင်းပေးနေတတ်တယ်။

အလောင်းကို မြေမြှုပ်ပြီး အားလုံးပြန်သွားကြတဲ့အထိ အလောင်း မြှုပ်တဲ့နေရာကို ဝမ်းနည်းအကြည့်နဲ့ ငေးကြည့်နေတတ်သေးတယ်။ ဒီလို တွေ့ရဖန်များလာတော့လည်း 'ငြိမ်းချမ်းရေး' ရပ်ကွက်ကြီးထဲက အသုဘ အခမ်းအနားတိုင်းဟာ အဘွားအိုပါမှ ပြည့်စုံတယ်လို့ လူတွေ ထင်လာကြ



www.burmeseclassic.com

www.burmeseclassic.com



တာ မသက်သာဘူးပေါ့။

အဘွားအိုရဲ့ အကြောင်းကို ဒီဒေသက လူတော်တော်များများ က သိကြပါတယ်။ အထူးသဖြင့် လူကြီးပိုင်းတွေပေါ့။

အဘွားအို ငယ်ငယ်တုန်းက သူ့ချစ်သူလေး မသေခင် တစ်နှစ် လောက်ကပေါ့။ လူချမ်းသာတစ်ယောက်ရဲ့ မင်္ဂလာပွဲအခမ်းအနားမှာ သတို့သမီးနာမည်ကို သူ့နာမည်နဲ့ မှားယွင်းခေါ်ခံရကတည်းက သူ့အတွက် မကောင်းတဲ့နိမိတ်တွေ ရခဲ့ပြီး အချစ်ရေး ကံမကောင်းခဲ့တာလို့ အဘွားအို ထင်ခဲ့ဖူးတယ်။

သူ့ချစ်သူ ဆုံးသွားပြီးတဲ့နောက်မှာလည်း လသာညတွေတိုင်း တောင်ကုန်းလေးပေါ်မှာ မြှုပ်ထားတဲ့ ချစ်သူရဲ့ အုတ်ဂူရှိရာကို မပျက် မကွက် သွားတတ်တာကို အားလုံး တွေ့ကြရတယ်။

လရောင်အောက်မှာ အုတ်ဂူရှိရာကို သွားတဲ့အခါတိုင်း သစ်ချေ လေးတချို့ကို ယူယူသွားတတ်တယ်။ ဂူအနီးတဝိုက်မှာ အဲဒီသစ်စေ့လေး တွေကို ကြဲဖြန့်ထားတတ်တယ်။

နှစ်တွေလည်းကြာရော ဂူလေးတဝိုက်မှာ သစ်ပင်လေးတွေနဲ့ စိမ်းစိုလှပနေတာကို အားလုံး တွေ့ကြရသတဲ့။

ပွင့်လင်းရာသီဥတုရဲ့ လတွေမှာ သူ့ချစ်သူရဲ့ အုတ်ဂူပေါ်မှာ ပန်းပွင့်ရောင်စုံလေးတွေကို တွေ့နိုင်သလို သူ့ရဲ့ ဆုတောင်းရွတ်ဖတ်သေး တဲ့အသံကိုလည်း ကြားနိုင်သတဲ့။

အဲဒီ ကြီးမားတဲ့ချစ်ခြင်းနဲ့ သံယောဇဉ်တွေ ဝမ်းနည်းပူဆွေးမှု သောကတွေဟာ ခုချိန်ထိ အဘွားအိုရဲ့ ရင်ထဲမှာ ရှိနေသေးပုံပဲ။

နောက်ပိုင်းမှ မွေးလာတဲ့ လူငယ်တွေရဲ့ အမြင်မှာတော့ အဘွားအို ရဲ့ အပြုအမူတွေက အထူးအဆန်း ဖြစ်နေမှာပေါ့။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်များစွာတည်းက ခုထိ ငြိမ်းချမ်းရေးဒေသလေးရဲ့ အသုဘအခမ်းအနား များစွာမှာ အဘွားအိုကို တွေ့ခဲ့ရ၊ တွေ့နေရဆဲပဲ...တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့...

အဲဒီနေ့ရဲ့ နေ့လယ်မှာပေါ့...။

နေ့လယ်ခင်းမို့ မြို့လမ်းမကြီးမှာ လူတွေ ရှုပ်ယှက်ခတ်နေအောင် သွားလာလှုပ်ရှားနေကြတာကို တွေ့ရတယ်။ အဲဒီလူတွေထဲမှာ ရေယာဉ်မှူးကြီးတစ်ယောက်လည်း ပါတယ်။ သူ့ရဲ့ မျက်နှာက လေဒဏ်ကြောင့်လား မသိဘူး၊ ကြေးနီရောင်တောင် သန်းနေသေးတယ်။

သူတို့ သွားလာနေကြတဲ့ လမ်းမရဲ့ မလှမ်းမကမ်းမှာ ရှေးဟောင်းအိမ်အိုကြီးတစ်လုံး ရှိနေတယ်။ အိမ်က နောက်ဘက်မှာ လူသွားလမ်းကလေးတစ်ခု ရှိတာကလွဲရင် တစ်ခြံလုံး မြက်ရိုင်းတွေနဲ့ တောထနေတယ်။

ဒါကိုကြည့်ရင် လူမနေတာကြာပြီဆိုတာ သိနိုင်တာပေါ့။ မြို့လယ်လူနေရပ်ကွက်ကြားက လူမနေတော့တဲ့ ရှေးအိမ်ကြီးတစ်လုံး၊ အဲဒီအိမ်ကြီးကို ရေယာဉ်မှူးကြီးက စိတ်ဝင်စားနေတယ်။

"အဲဒီအိမ်ကို ကျုပ် သွားချောင်းကြည့်ချင်တယ်ဗျာ၊ အဲဒီအိမ်ကြီးမှာ ဝတ်ရုံအဖြူဝတ်ထားတဲ့ မိန်းမကြီးတစ်ယောက်ကို မြင်ဖူးတယ်ဗျ"လို့ ရေယာဉ်မှူးကြီးက ပြောဖူးတယ်။ သူ့လိုပဲ ဒီအိမ်ကြီးကို စိတ်ဝင်စားတဲ့ သူတွေ ရှိကြပါတယ်။ ဒါပေမဲ့ သူကတော့ သူများတွေထက် ပိုစိတ်ဝင်စားသလိုပဲ။

ရေယာဉ်မှူးကြီးဟာ အိမ်နားလည်းရောက်ရော လူတချို့ကို မေးကြည့်သတဲ့။

"ဒီအိမ်ကြီးနားမှာ နေ့လည်ပိုင်း အသုဘချဖို့ အစီအစဉ်ရှိတယ် ကြားတယ်၊ ဟုတ်လား" တဲ့။

လူတွေကလည်း အိမ်ကြီးတံခါးပေါက်ကနေ အတွင်းကို ချောင်းကြည့်ကြတယ်။ အဲဒီအချိန်မှာပဲ အိမ်နားကို အသုဘချတဲ့ ရထားတစ်စီး ရောက်လာတယ်။ ဒါပေမဲ့ ဘုရားကျောင်းက ခေါင်းလောင်းသံကိုတော့ မကြားရသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါတိုင်းဆိုရင် အသုဘရထား ရောက်တာနဲ့ ခေါင်းလောင်းသံကြားကြရပြီ၊ ခုတော့ အလောင်းထုတ်လာတာကိုလည်း မမြင်ရသေးဘူး။ လူတွေမြင်နေရတာက အဖြူရောင်ဝတ်ရုံနဲ့ အဘွားအိုကိုပဲ။

လူတွေကတော့ 'ဒါ ဘာသဘောပါလိမ့်'လို့ တွေးနေကြတယ်။ အဘွားအိုရဲ့ အပြင်ပန်းအနေအထိုင်၊ သွားလာလှုပ်ရှားမှုကိုသာ သိကြတာကိုး။ အဘွားအိုရဲ့ အတွင်းစိတ်သဘာဝကိုတော့ ဘယ်သူမှ မသိကြတာ။

သိကြတဲ့ လူကြီးပိုင်းတချို့ကတော့...

"ဒီလောက် သံယောဇဉ်ကြီးတဲ့ အဘွားအိုကို ဘယ်သူကများ ဖန်ဆင်းပို့ဆောင်လိုက်တာလဲ"လို့ ပြောဆိုနေကြတယ်။

အဘွားအိုကတော့ အသုဘအခမ်းအနား လာကြတဲ့ လူတွေကို ဖြတ်သန်းပြီး တရွေ့ရွေ့သွားနေဆဲပဲ။ အဘွားအို ဝတ်ထားတာက အစက်အပြောက်လေးတစ်ခုတောင် မပါတဲ့ တကယ့် အဖြူဆွတ်ဆွတ်ဝတ်ရုံ။ ဖြူစင်တဲ့စိတ်ကို ကိုယ်စားပြုတဲ့သဘောလို့ ထင်ရတာပဲ။

တရွေ့ရွေ့သွားနေတဲ့ အဘွားအိုကို တစ်နေရာမှာ ကလေးငယ်တစ်ယောက်က ပြေးဖက်ဖို့ ထွက်လာတာကို တွေ့လိုက်ကြရသတဲ့။ ကလေးက အဘွားအိုကို ပြေးပွေ့ပြီး နမ်းတော့မယ့် ပုံပဲ။ ဒါပေမဲ့ အဘွားအိုရဲ့ တည်ငြိမ်အေးစက်တဲ့ ပုံစံကြောင့် နည်းနည်းတော့ အရှိန်တန့်သွားသလိုပဲ။

ဒါပေမဲ့ အဘွားအိုကို ကလေးငယ် ဖက်နမ်းမိသွားတယ်။ ကလေးငယ်ကို တုန့်ပြန်တဲ့အနမ်းတွေ အေးစက်နေတာကို ကလေးငယ်ကတော့ သတိထားမိမလား မသိဘူး။

ဘေးက ကြည့်နေတဲ့လူတွေကတော့ ငြိမ်းချမ်းရေးက အဘွားအိုမှ ဟုတ်ရဲ့လားလို့ သံသယဝင်နေကြတယ်။ ကလေးက အဘွားအိုရဲ့ ဝတ်ရုံကို လှမ်းဆွဲလိုက်တာ သိပ်တောင် မရဘူးလို့ ပြောတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။

ဘေးလူတွေက ဘာတွေပေပန်ပြောဆိုနေနေ အဘွားအိုကတော့ တရွေ့ရွေ့နဲ့ အိမ်အိုကြီးရဲ့ ဆင်ဝင်အောက်ကို ဖြတ်ဝင်သွားပြီး ဖုန်တွေ အထပ်ထပ်တက်နေတဲ့ အိမ်တံခါးသံကွင်းကို ကိုင်ပြီး သုံးချက်ခေါက်လိုက်တယ်။

အဘွားအို ဘာတွေလုပ်တယ်ဆိုတာ လူတွေက ဝိုင်းကြည့်နေကြတာပဲ။ အဲ...အသက်ကြီးကြီးလူတစ်ယောက်ကတော့ အဘွားနားကို တိုးလာပြီး ပြောတယ်။

"ဒီအိမ်ကြီးမှာ ဘယ်သူမှ မရှိကြဘူး။ လွန်ခဲ့တဲ့ အနှစ် (၃၀) လောက်ကတည်းက ဒီက ခြိမ်စောင့်ကြီး မရှိတော့တာ။ အမွေစား အမွေခံတွေကိုယ်တိုင်ကလည်း ဒီအိမ်ကြီးကို ပစ်ထားကြတာ။ ဒါတွေ အဘွားသိမှာပါ" တဲ့။

ဒါပေမဲ့ အဘွားကြီးက စိတ်မဝင်စားပါဘူး။ လာပြောတဲ့လူကို နှုတ်ခမ်းပေါ် လက်ညှိုးတင်ပြီး တိတ်တိတ်နေဆိုတဲ့ပုံစံ ပြလိုက်သတဲ့။

အဲဒီအချိန်မှာပဲ အိမ်ပေါ်က ဆင်းလာတဲ့ ခြေသံကို အားလုံး ကြားလိုက်ကြရတယ်။

လူတွေလည်း အံ့သြကုန်တာပေါ့။ ဆင်းလာတဲ့ခြေသံက ပိုပြီး ပီပြင်လာတယ်။ အချိန်က နေညိုနေပြီ။ ဒါပေမဲ့ လူတွေ မပြန်ကြသေးဘူး။

အိမ်ပေါ်ကို လှမ်းကြည့်လိုက်တော့ ငြိမ်းချမ်းရေးအဘွားအိုကို အိမ်ထဲမှာ သူတို့ တွေ့လိုက်ကြရတယ်။

"ဒီအိမ်တံခါးကို ဘယ်သူဖွင့်ပေးတာလဲ" ဘာညာနဲ့ အသံတွေ ထွက်လာပြန်တယ်။ မေးတဲ့လူက မေးတော့ ဖြေတဲ့လူကလည်း ဖြေတယ်။

ဒီအိမ်ကြီးထဲမှာ လွန်ခဲ့တဲ့ အနှစ် (၃၀)လောက်က သေဆုံးသွားတဲ့ ခြံစောင့်ကြီးတစ်ယောက် ရှိနေသလိုလိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုကြားတော့…

"ဒါဆို အဘွားကြီးရဲ့ ဆုတောင်းမေတ္တာကြောင့် ခြီစောင့်ကြီး ပြန်ရှင်လာသလားမှ မသိတာ၊ စောင့်ကြည့်ရအောင်"လို့ ဒဏ္ဍာရီဆန်ဆန် ပြောတဲ့သူက ပြောတယ်။

နေကတော့ ညှိုရုံမကဘူး၊ မှောင်စတောင် ပျိုးလာပြီ။ လူတွေရဲ့ စိတ်ဝင်စားမှုကလည်း ပိုလာတယ်။ တချို့က အိမ်ကြီးအပြင် သချိုင်းကုန်း ဂိတ်တံခါးဝ ဖွင့်ပြီးလား ဆိုတာကိုပါ စိတ်ဝင်စားနေကြတယ်။

အဲဒီအချိန်မှာပဲ အိမ်ကြီးဆီကို ထူးထူးခြားခြား နောက်ထပ် ရထားလှည်းတစ်စီး ဦးတည်မောင်းလာတာကို တွေ့လိုက်ကြရသတဲ့။ ရထားလုံးက အိမ်ကြီးဆီ တည့်တည့်ကို ဝင်သွားတာပဲ။

ရထားလုံးလည်းဆိုက်ရော အဲဒီပေါ်က အစေခံတစ်ယောက် ဆင်းလာပြီး အိမ်တံခါးလက်ကိုင်သံကွင်းကို ကိုင်ပြီး သုံးချက်ခေါက်လိုက် တယ်။ ပြီး…ရထားဆီ ပြန်ပြေးလာသတဲ့။

လူတွေကတော့ ဒီအိမ်ကြီးရဲ့ တခြားအမွေစား အမွေခံတွေများ ရောက်လာတာလားလို့ တွေးနေကြတယ်။ ဒါပေမဲ့ သားသမီးလည်း တစ်ယောက်မှ မကျန်ခဲ့တာမို့ စဉ်းစားရလည်း ခက်နေကြတယ်။

အဲဒီမှာတင် ရထားပေါ်က ဆင်းလာတဲ့ ဝတ်ရုံဖြူနဲ့ နောက်ထပ် အဘွားအိုကတော့ လက်မှာ ရွှေနားကွပ် လက်ကိုင်တုတ်တစ်ချောင်း ကိုင်ထားသတဲ့။ မျက်နှာကလည်း တည်သတဲ့။

အဲဒီအဘွားကြီးလည်း အိမ်တံခါးဝလက်ကိုင်ကွင်းကို သုံးချက် ခေါက်ပြီး ငြိမ်းချမ်းရေးကအဘွားအိုလိုပဲ အပေါ်ထပ်ကို တက်သွားသတဲ့ မတက်ခင် လှည့်ပြန်ကြည့်သွားတဲ့ အဘွားအိုရဲ့ မျက်နှာဟာ မာန်မာန ရှိတဲ့ လူတစ်ယောက်ရဲ့ ပုံစံပဲ။ ဒါပေမဲ့ မျက်လုံးတွေကတော့ ကြေကွဲ ဝမ်းနည်းနေတဲ့ အရိပ်အရောင်တွေ လွှမ်းနေတယ်။

အဘွားကြီးကို လိုက်ပို့တဲ့ ရထားလုံးလေးကတော့ နောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပြီး မောင်းထွက်သွားလိုက်တာ ပျောက်တောင် ပျောက်သွားပြီ။ ဒါပေမဲ့ လူတွေကတော့ တွေးတုန်း၊ မေးတုန်း၊ ပြောကြတုန်း။

"ဒီရထားက ဘယ်က လာတာလဲ"

"ရထားပေါ်က အဘွားအိုကရော ဘယ်သူလဲ" စသဖြင့်ပေါ့။

စောစောပိုင်းက မှောင်စပြိုးလာလို့ ကျဲပါးသွားတဲ့ လူတွေတောင် ပြန်ရောက်လာကြတယ်။ အဘွားကြီး နှစ်ယောက်အကြောင်းကို သိချင်ကြတယ်လေ။ ဒါ...လူ့သဘာဝပဲ မဟုတ်လား။

တချို့က ပြတင်းပေါက်ကနေ ချောင်းကြည့်ကြတယ်။ တချို့ကတော့ ခပ်လှမ်းလှမ်းက စပ်စုတယ် ဆိုရုံလောက်ပဲ။

အဲဒီမှာပဲ တံခါးခေါက်သံ ကြားရပြန်သတဲ့။ တစ်ယောက်ကတော့...

"ကြည့်...လရောင်က ဆင်ဝင်ပေါက်မှာ ဖြာကျနေပြီး အောက်က တိုင်ရိပ်တွေတောင် မတွေ့ရတော့ဘူး။ ဘယ်သူမှလည်း မမြင်ရတော့ဘူး။ တံခါးမဖွင့်ဘူး ထင်ပါတယ်"တဲ့။

တစ်ယောက်တစ်မျိုး ပြောနေကြတာပါပဲ။ အဲဒီအချိန်မှာပဲ သူတို့ကြားထဲကို ဓမ္မဆရာကြီးတစ်ယောက် ရောက်လာတယ်။ ဆံပင်တွေ၊ မုတ်ဆိတ်တွေက ဖြူဖွေးလို့။ ဒါပေမဲ့ လေးစားစရာပုဂ္ဂိုလ်ဆိုတာကို သူ့သွင်ပြင်က ငြင်းလို့ မရပါဘူး။

လူတွေက ဆီးပြီး ဓမ္မဆရာကို အကျိုးအကြောင်းတွေ ဝိုင်းပြောကြတယ်။ ငြိမ်းချမ်းရေးအဘွားအိုနဲ့ ဘယ်ကမှန်းမသိတဲ့ အဘွားအို တစ်ယောက် အိမ်ထဲဝင်သွားကြတဲ့အကြောင်းပေါ့။ နောက်...တံခါးခေါက်သံ သုံးချက်အကြောင်း...။

"တစ်ခုခုတော့ သေချာနေပြီ"လို့ ဓမ္မဆရာက ပြောတယ်။ ပြီး..."ဘုရားအလိုတော်အတိုင်းပါပဲ"လို့လည်း ပြောတယ်။

လူတချို့တော့ အပေါ်ထပ်လေှခါးကို တက်ကြည့်ချင်နေကြပြီ။

www.burmeseclassic.com



အဲဒီမှာတင် ဓမ္မဆရာက ပြန်ထွက်လာပြီး လှေကားထိပ်ကနေရပ်ပြီး လူတွေကို တစ်ချက်ကြည့်တယ်။

ပြီး...သူ့လက်တောက် ဓမ္မဆရာရဲ့ အကြံပေးချက်အရ ဒီကလူတွေ အားလုံးအတွက် သူ ဆုတောင်းပဌာနာ ပြုပေးတယ်။

ပြီးတဲ့အခါ ဓမ္မဆရာဟာ လူတစ်ယောက်ဆီက မီးတုတ်ကို တောင်းယူပြီး အခန်းတစ်ခန်းကို မီးတုတ်နဲ့ ညွှန်ပြတယ်။

"ဟောဒီ မှန်ကူကွက်မှာ စာရေးထားတာရှိတယ်၊ တစ်ချိန်တုန်းက လူသေအလောင်းတစ်လောင်းနဲ့အတူ ဒီအခန်းထဲမှာ ကျူပ် နေခဲ့ဖူးတယ်၊ သေတဲ့လူက လူငယ်လေးတစ်ယောက်ပါ"

စကားအဆုံးမှာ အခန်းတံခါးကို ခပ်ပြင်းပြင်း ဆောင့်တွန်းလိုက်တယ်။ မီးတုတ်ကမီးတောင် ငြိမ်းတော့မလို့။

အခန်းထဲမှာတော့ လရောင်နဲ့ လင်းနေတယ်။ အခန်းထဲမှာ ချထားတဲ့ ကုလားထိုင်တစ်လုံးပေါ်မှာ အဘွားအိုတစ်ယောက် ထိုင်နေတယ်။ သူ့လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်မှာ ယှက်တင်ထားပေမယ့် ခေါင်းကတော့ နောက်ကို လန်နေတယ်။

သေချာကြည့်လိုက်တော့ အဲဒါ 'ငြိမ်းချမ်းရေး'အဘွားအို ဖြစ်နေတာကို တွေ့ကြရတယ်၊ သူ့ခြေရင်းမှာတော့ တခြားအဘွားအိုတစ်ယောက် ဒုတိယလှည်းနဲ့ ရောက်လာတဲ့ အဘွားအိုလေ။ သူ့ကို ငြိမ်းချမ်းရေးအဘွားအိုရဲ့ ခြေရင်းမှာ တွေ့လိုက်ရတာ။ သူက ငြိမ်းချမ်းရေးအဘွားအိုရဲ့ ဒူးကို နဖူးနဲ့ ထိကပ်ပြီး ဂါရဝပြုထားတဲ့ ပုံစံမျိုးနဲ့ လဲနေတယ်။

သူတို့ခေါင်းက ဆံပင်တွေက လရောင်နဲ့ ဖြူဖွေးတောက်လက်နေကြတယ်၊ ခုံပေါ်က အဘွားရဲ့မျက်နှာကတော့ တည်တည်ငြိမ်ငြိမ်ရှိနေတုန်းပဲ။

အခန်းထဲက ပိုးကန့်လန့်ကာကြီးကတော့ စုတ်ဖွာနွမ်းနယ်နေပြီ လေတစ်ချက်အတိုက်မှာ ဟိုး...လွန်ခဲ့တဲ့ ကာလကလိုပဲ ပိုးကန့်လန့်ကာ

www.burmeseclassic.com



ကြီး တစ်ချက်လှုပ်ခတ်သွားတယ်။

အဘွားအိုနှစ်ယောက်လုံး သေဆုံးနေခဲ့ပြီလေ။

ဒီအဖြစ်အပျက်ကို တစ်ချိန်က နှစ်ဦးသဘောတူ ထားခဲ့တဲ့အတိုင်း ချိန်းဆိုထားတဲ့အတိုင်း ရောက်လာကြတာဆိုတာကို ကတိရှင် အဘွားအို နှစ်ယောက်လွဲလို့ ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူး။

"ပုံပြင်တစ်ပုဒ် ပြီးသွားပြန်ပြီ ဆိုပါတော့"

"ဟုတ်တယ်...တစ်ပုဒ်တော့ ပြီးသွားပြန်ပြီ"

ဘာစကားမှ ဆက်မပြောဖြစ်ကြ။ အမျိုးသမီး၏ မျက်နှာက လင်းလို့။ ဘာမှမမြင်ရသော မျက်နှာလို ဖြစ်နေသည်။ ငိုချင်သော်လည်း ငိုကြွေးနိုင်စွမ်းမရှိသည့် အရုပ်မျက်နှာလို ဖြစ်နေသည်။

မျက်ရည်မကျဘဲ ကြေကွဲနေသောကြောင့် ဖြစ်၏။

ခဏကြာမှ အေးစက်သောလေသံဖြင့် သူမက ဆိုသည်။

"သူ သေသွားပြီပေါ့နော်၊ သေသွားတာ သေချာပြီပေါ့"

"ခင်ဗျား ဘယ်သူ့ကို ဆိုလိုတာလဲ။ ပုံပြင်ထဲက လူလား"

"ဒီလောက်ဆိုရင် ကျွန်မ မှန်းဆလို့ရပါပြီ။ ဟုတ်တယ် သူ သေသွားပြီ"

လူစိမ်းက စီးကရက်တစ်လိပ်ကို မျှင်၍ ရှိုက်ဖွာလိုက်ရင်း...

"ဟုတ်တယ်၊ ပုံပြင်ထဲက လူက သေသွားပြီ"

အမျိုးသမီးက ဆတ်ခနဲ လှည့်မေးသည်။

"နေပါဦး။ ရှင်ဆိုလိုချင်တဲ့ အဓိပ္ပါယ်က..."

"အင်း...ပြော"

"သူ သေသွားတဲ့အတွက် ကျွန်မအပြင် ငိုမယ့်နောက်တစ်ယောက် ရှိနေတယ်ပေါ့၊ ဟုတ်လား"

လူစိမ်းက ထိုစကားကို စိတ်ဝင်စားဟန်မပြ။ စီးကရက်မီးခိုးတွေကို

www.burmeseclassic.com



သာ လေထဲ မှုတ်ထုတ်နေသည်။ အမျိုးသမီးက သူရူးမတစ်ယောက်လို တတွတ်တွတ် ထပ်မေးလိုက်သည်။

"သူတို့နှစ်ယောက် ဝိုတာချင်းတူတယ် ထားပါတော့၊ မျက်ရည် ချင်း တူလို့လား"

"ဘယ်တူပဲ့မလဲ"

"ချစ်တာချင်းတူတယ် ထားပါတော့၊ နှလုံးသားချင်းတူလို့လား"

"ဘယ်တူပဲ့မလဲ"

"နမ်းတာချင်းတူတယ် ထားပါတော့၊ ဝင်သက်မှာ နမ်းတာလား။ ထွက်သက်မှာ နမ်းတာလား။ အဲ့ဒါတွေကော တူပဲ့မလား"

"မပြောနိုင်ဘူးလေ"

စကားဝိုင်းက ခဏတိတ်ဆိတ်သွားပြန်သည်။ လူစိမ်း၏စီးကရက် ကုန်ခါနီးကျမှ အမျိုးသမီးက...

"နေပါဦး၊ မေးဦးမယ်"

လူစိမ်းက အလွန်သွေးအေးသူ ဖြစ်သည်။

"မေးလေ"

"သေသွားတဲ့လူရော ကျန်ရစ်ခဲ့တဲ့ မိန်းမအတွက် ဘာစကားမှ မှာမသွားဘူးလား"

လူစိမ်းက ဖင်စီခံအနားကပ်နေပြီဖြစ်သော စီးကရက်ကို ခေးလိပ် ပြာခွက်ထဲ ထည့်ပြီး ထိုးချေလိုက်ပြီး...

"မှာတော့ မှာသွားပါတယ်"

အမျိုးသမီး၏မျက်လုံးက မီးစုန်းလို ဖျတ်ခနဲ လက်သွားသည်။

"ဘာမှာသွားသေးလဲ"

လူစိမ်းက ခေါင်းတစ်ချက်ညိတ်သည်။

"နောက် ပုံပြင်တစ်ပုဒ်ကို ဆက်နားထောင်မလား၊ ခင်ဗျား အတွက် တစ်ခုခုတော့ ထူးနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုမှတော့ ဘာမှတော့ မထူးတော့ပါဘူး၊ ဒါပေမဲ့ ကျွန်မ နားထောင်ဦးမှာပါ"

လူစိမ်းက လက်ညှိုးတစ်ချောင်းထောင်ပြီး သူ့ပုံပြင်ကို စလိုက်သည်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ခုတစ်ခါပြောမှာကတော့ တောင်ပေါ်မြို့လေးတစ်မြို့။ အဲဒီက စိတ်ဝင်စားစရာကောင်းတဲ့ ဘုရားရှိခိုးကျောင်းကလေးနဲ့ အဲဒီကျောင်းမှာ လုပ်ခဲ့ဖူးတဲ့ စိတ်ဝင်စားစရာ မင်္ဂလာပွဲတစ်ခုအကြောင်းကို ပြောမှာ...။

မင်္ဂလာအခမ်းအနားတွေမှာ ခရစ်ယာန်ဘာသာဝင်တွေရဲ့ အခမ်းအနားပေါ့နော်။ အဲဒီမှာ ဘုရားကျောင်းရဲ့ ခေါင်းလောင်းသံဟာ စိတ်ဝင်စားစရာ တစ်မျိုးပဲ။

ဒါဟာ ခုမှမဟုတ်ဘူး။ ဟိုး...ဘိုးဘွားဘီဘင် လက်ထက်ကတည်းက ဆိုပါတော့။ ဒါကြောင့် အဲဒီတောင်ပေါ်မြို့ကလေးက ဘိုးဘွားတွေဟာ သူတို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ မင်္ဂလာပွဲအကြောင်းကို သိပ်ပြောချင်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း အဲဒီမြို့ကလေးကို ဧည့်သည်အဖြစ်ရောက်လာတဲ့ အဲဒီလိုအကြောင်းအရာလေးတွေကို စိတ်ဝင်စားတတ်တဲ့ ကျွန်တော့်ကို အဲဒီမြို့က အသွားတစ်ယောက်က ဒီအကြောင်းကို စိကာပတ်ကုံးပြောပြခဲ့ဖူးတယ်။

အသွားပြောတဲ့ ဘုရားကျောင်းကလေးကလည်း ခုထိ မြို့စွန်က တောင်ကုန်းလေးပေါ်မှာ ရှိနေတုန်းပဲ။ ထူးခြားတာက အဲဒီဘုရားကျောင်းရဲ့ ထူးခြားတဲ့ အဖြစ်အပျက်တွေကို ခိုင်လုံတဲ့ သက္ကရာဇ်အထောက်အထားတွေနဲ့အတူ ဘုရားကျောင်းတံခါးဘောင်မှာ ရေးထားတာပါပဲ။ ပြီးတော့ ခုရှေ့မှာစိုက်ထားတဲ့ အမှတ်တရကမ္ပည်းတိုင်၊ ကျောက်စာတိုင်တွေကလည်း သမိုင်းကြောင်းကို ထောက်ပြနိုင်လောက်အောင် ခိုင်လုံတယ်လေ။

ဘုရားကျောင်းကလေးဟာ တောင်ကုန်းလေးပေါ်မှာ ခေါင်းလောင်းမျှော်စင်ငယ်လေးနဲ့အတူ ဒဏ္ဍာရီဆန်ဆန် တည်ရှိနေတယ်။

အဲဒီစိတ်ဝင်စားစရာကောင်းတဲ့ လက်ထပ်ပွဲမှာ သတို့သားက အသက် (၆၅)နှစ်ရှိနေပြီ။ သူနဲ့ လက်ထပ်မယ့် သတို့သမီးကတော့ အသက် (၄၀)လောက်ရှိတဲ့ မုဆိုးမတစ်ယောက်တဲ့။

သူတို့တွေလည်း ပုထုဇဉ်တွေပဲ မဟုတ်လား။ သတို့သားဟာ အသက်ကြီးပေမယ့် ယောကျ်ားသားတစ်ယောက်မို့ သဘာဝအတိုင်း ရှက်တတ်၊ ချစ်တတ်တာတွေ ရှိသလို တစ်ကိုယ်ကောင်းဆန်တတ်တာတွေလည်း ရှိသတဲ့။

သူနဲ့ လက်ထပ်မယ့် မုဆိုးမနဲ့ကလည်း အသက်ချင်း အတော်ကွာတယ်လေ။ အမျိုးသမီးမှာက သူ့အရင် ခင်ပွန်းဟောင်းနှစ်ယောက် ရှိခဲ့ဖူးတယ်။ နှစ်ယောက်လုံး သေသွားကြပြီ။

ခုမှ ဒီလူကြီးနဲ့ အကြောင်းဆုံလာတယ် ဆိုပါတော့။ အမျိုးသမီးကလည်း ခု အိမ်ထောင်တွေ ပျက်ခဲ့တယ်ဆိုပေမယ့် တော်တော်ပြည့်ပြည့်စုံစုံလေး ကျန်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပထမအိမ်ထောင်ပျက်ပြီး ပြည့်ပြည့်စုံစုံကျန်ခဲ့တဲ့ အဲဒီအမျိုးသမီးဟာ ဒုတိယအိမ်ထောင် ဆက်ပြုတယ်။ ဒုတိယအိမ်ထောင်ဟာ သူ့အတွက် မသာယာတဲ့ အိမ်ထောင်ရေးပါ။

အဲဒီအိမ်ထောင် ကွယ်လွန်သွားတဲ့အခါ သူဟာ မုဆိုးမအဖြစ်ကျန်ခဲ့တယ်။ ဒါပေမဲ့ ဒုတိယအိမ်ထောင်ဘက် ဆုံးသွားတာဟာ သူ့အတွက် ကံကောင်းတယ်လို့ ပြောရမလား။ အဆင်မှ မပြေကြတာ။

ဒုတိယအိမ်ထောင် ပျက်ပြီးချိန်မှာတော့ သူ့ဘဝဟာ တော်တော်လေး အတွေ့အကြုံတွေ ရင့်ကျက်နေခဲ့ပြီ။ သားသမီးမရခဲ့တော့ လုပနေဆဲပေါ့။ အဲဒီပုဂ္ဂိုလ်ကြီးနဲ့ လက်ထပ်ဖို့ လက်ခံကြေညာလိုက်တော့ သူတို့ဒီတောင်ပေါ်မြို့လေးက ဘုရားကျောင်းဆီ ပြန်လာကြရတယ်။ ပုဂ္ဂိုလ်ကြီးကလည်း သူ့လိုပါပဲ။ သူ့အရင် ချစ်သူနှစ်ယောက်လောက် ရှိခဲ့ဖူးတဲ့သူတစ်ယောက်ပဲလေ။

သူတို့ရဲ့ လက်ထပ်ပွဲကို ဘုရားကျောင်းလေးမှာပဲ ထုံးတမ်းစဉ်လာနဲ့အညီ ကျင်းပဖို့ စီစဉ်ထားကြသတဲ့။ မင်္ဂလာပွဲနေ့ရောက်တော့ လူတော်တော်များများ လာကြတယ်လေ။ ရှေ့ဆုံးခုံတွေမှာ ခရစ်ယာန်ဘာသာဝင်တွေ အများဆုံးထိုင်ကြပြီး နောက်ဘက်မှာတော့ တခြားဧည့်သည်တွေထိုင်ကြတယ်။ မင်္ဂလာပွဲရှိရာကို သတို့သားက သတို့သမီးထက် အချိန်နည်းနည်းနောက်ကျပြီးမှ ရောက်လာခဲ့သတဲ့။

မင်္ဂလာပွဲကို ရောက်လာတဲ့ လူကြီးလူငယ်၊ အမျိုးသမီးတွေကလည်း အလှပဆုံး ပြင်ဆင် ဝတ်စားထားကြပြီး အလှဆုံး ပြုံးနေကြတဲ့သူတွေချည်းပဲ။

သူတို့ရဲ့ ခြေလှမ်းတွေကလည်း သွက်လက်နေလိုက်တာ၊ ဘုရားကျောင်းကိုလာတာနဲ့တောင် မတူဘူး။ ကပွဲသဘင်တစ်ခုကို သွားနေကြသလား မှတ်ရသတဲ့။ ဘုရားကျောင်းဆီ အာရုံဇောနဲ့ သွားနေကြတာလားမသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



သတို့သမီး ဘုရားကျောင်းဝကို ရောက်လာတော့ ခေါင်းလောင်းသံက ခေါင်းလောင်းမျှော်စင်ပေါ်က ထွက်လာတာကို ကြားလိုက်ရတယ်။ ခေါင်းလောင်းသံက ပွဲတင်တောင် ထပ်လို့။

ဒါပေမဲ့ ခုနကပြောသလို တချို့ပဲ သိလိုက်ကြတာပါ။ သိလိုက်ကြတဲ့ လူတွေကျတော့လည်း...

"ဘုရားရေ...ဘယ်လို အတိတ်နိမိတ်ပါလိမ့်"လို့ ဆိုကြတယ်။ ဖြေသိမ့်တဲ့သူကလည်း ဖြေသိမ့်ပေးပါတယ်။

"ခေါင်းလောင်းသံဟာ ခေါင်းလောင်းသံပဲပေါ့။ သူ့သဘာဝအတိုင်း ချိုသာစွာ မြည်နေမှာပဲ။ အဲ...နားထောင်တဲ့သူရဲ့ အတွေးမှားအကြားမှားရင်တော့ မင်္ဂလာခေါင်းလောင်းသံကိုလည်း အသုဘခေါင်းလောင်းသံလို့ ထင်မိကြမှာပဲ"တဲ့။

အင်း...ခေါင်းလောင်းထိုးသံက သတို့သမီးဝင်လာချိန်ကျမှလည်း တိုက်တိုက်ဆိုင်ဆိုင် ကြားရသေးရဲ့။ အသုဘချတဲ့ ခေါင်းလောင်းသံနဲ့လည်း တူနေလေတော့၊ အတိတ်နိမိတ် ကြောက်သူတွေအတွက် စဉ်းစားစရာပေါ့။

အခမ်းအနားက စပါပြီ။ သတို့သမီးနဲ့ သူရဲ့ အရံအမျိုးသမီးတွေ ဘုရားကျောင်းဝကို ဝင်လာကြတဲ့အချိန်ပါ။ အဲဒီမှာ လူတွေ နည်းနည်းလှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြန်တယ်။ ဝေဖန်တီးတိုးသံတွေကလည်း ထွက်လာပြန်တာပေါ့။

ဖြစ်ပုံက ဒီလို...။

မင်္ဂလာပွဲအတွက် အလှပြင်ထားတဲ့ ပန်းအိုးကြီးဟာ လေဖေးတစ်ချက်တိုက်ရုံနဲ့ ပန်းအိုးထဲက နီညိုရောင် နှင်းဆီပန်းကြီးနှစ်ပွင့် လွင့်စင်လုနီးပါး လှုပ်ခါသွားလို့လေ။

ဖြစ်ချင်တော့ အဲဒီပန်းနှစ်ပွင့်ဟာ ရိုးတံတစ်ခုထဲကနေ ဖြာထွက်ပြီး ပွင့်နေကြတာ ဖြစ်နေတယ်။ အဲလိုဖြစ်သွားတာကို နိမိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ယူဆကြတယ်တဲ့လေ။

သတို့သမီးကလည်း ဒါကို မြင်လိုက်ပါတယ်။ ဒါပေမဲ့ ပရိသတ်အားလုံးအတွက်ရော၊ သူတို့အတွက်ပါ ဟန်မပျက်အောင် ထိန်းထားလိုက်နိုင်တယ်။

ဒါပေမဲ့ ဒီမြင်ကွင်းဟာ သူ့ခေါင်းပေါ်ကို ဘုရားကျောင်းက ခေါင်းလောင်းကြီး ပြုတ်ကျသလိုကို တုန်လှုပ်သွားစေတာပါ။ ဒါတောင် သူ ဟန်မပျက်အောင် ထိန်းထားရင်း သီးသန့်ဆောင်ရှိရာကို သွားလိုက်နိုင်တယ်။

အဲဒီအချိန်ထိ ခေါင်းလောင်းသံက ဆက်မြည်နေတုန်းပဲ။ ဒီခေါင်းလောင်းသံကို သူက အသုဘခေါင်း သချိုင်းကို သယ်သွားတဲ့အချိန်မှာ မြည်တဲ့ ခေါင်းလောင်းသံနဲ့ တူတယ်လို့ ထင်နေတယ်။

သတို့သမီးဟာ ဘုန်းတော်ကြီးရှေ့လည်း ရောက်ရော သူနဲ့ သူ့သူငယ်ချင်းတချို့ စိတ်လှုပ်ရှားနေကြတာကို ပြောတယ်။ ပြီး...အားယူပြီးရင်း ဆက်ပြောတယ်။

"မင်္ဂလာပွဲတွေမှာ ခေါင်းလောင်းသံကို မင်္ဂလာရှိတဲ့ ပျော်စရာအသံလို့ပဲ ယူဆကြပါတယ်။ အခုကြားရတဲ့ ခေါင်းလောင်းသံကလည်း ဘာအဓိပ္ပါယ်ပဲ ရှိနေနေ တပည့်တော်မကတော့ အနာဂတ်မှာ ကောင်းရမယ်လို့ပဲ တွေးပါတယ်"လို့ ပြောသတဲ့။

ဘုန်းတော်ကြီးကလည်း နှစ်သိမ့်ပါတယ်။

"သမီးရယ်...ဒီလို ထူးခြားတဲ့အဖြစ်အပျက်မျိုးက ဟိုးကတည်းက ဖြစ်ခဲ့ဖူးပါတယ်။ အနာဂတ်အတွက်ကတော့ တွေးပြီး ပူကြမှာပဲ။ ဘာပဲဖြစ်ဖြစ် ဒီမင်္ဂလာပွဲမှာ ကျုပ်ကတော့ ဆုတောင်းပေးရမှာပါပဲ။ အရင်ကတော့ ခုလို စိတ်မသန့်စရာမျိုး ကြုံလာရင် သတို့သမီးဖို့ ပြင်ထားတဲ့အခန်းထဲမှာ အမည်းရောင်အကာအကွယ်တွေနဲ့ ကာထားပေးလို့ မင်္ဂလာပွဲမှာ ဝတ်မယ့် ဂါဝန်စကို ဖြတ်ပြီး အသုဘခေါင်းမှာ သွားချိတ်ထား

www.burmeseclassic.com



မျိုး လုပ်ပေးဖူးတယ်။ ဒါဟာ မင်္ဂလာပွဲကို ဆိုးကျိုးတွေ မဖြစ်ရအောင် ကာကွယ်ပေးတဲ့ အစီအရင်တွေပေါ့။ အဲဒီလိုပဲ ခုလည်း ခေါင်းလောင်းသံကို အစီအမံ အကာအကွယ်လုပ်တဲ့အနေနဲ့ ထိုးနေတာ ဖြစ်မှာပေါ့ကွယ်" တဲ့။

သတို့သမီးကလည်း ဘုရားကျောင်း ပြူတင်းပေါက်ကနေ အဝေးကို လှမ်းကြည့်နေတယ်။ သူ့အတွေးထဲမှာ သူ့ပထမအိမ်ထောင် ဆုံးသွားတဲ့အဖြစ်ကို ပြန်သတိရနေမိသတဲ့။ နောက်တစ်ခါ ဒုတိယအိမ်ထောင် ဆုံးသွားတာကို တစ်ဆက်တည်း သတိရမိပြန်ရော။

သူ့ခင်ပွန်းဟောင်းတွေရဲ့ အသုဘအခမ်းအနားတိုင်း ဒီလို ခေါင်းလောင်းထိုးသံတွေ ကြားခဲ့ရတာမို့ ခုလည်း သူ့ခင်ပွန်းဟောင်းတွေကများ သူတို့ဂူထဲကို လာဖို့ ခေါ်နေလေသလားလို့ စိတ်က ထင်နေမိပြန်သတဲ့။

အဝေးကို ငေးရင်း စိတ်ကလည်း တောင်စဉ်မရေမရာ တွေးနေမိတဲ့ သတို့သမီးဟာ ပထမအိမ်ထောင်ဆုံးတုန်းက သူပါ လိုက်သေသွားရင် ကောင်းမှာပဲလို့ တွေးခဲ့မိတာကို သွားသတိရတယ်။

ခေါင်းလောင်းသံကတော့ မြည်နေတုန်းပဲ။ ခေါင်းလောင်းသံနဲ့ ပတ်သက်ပြီး တချို့ကသာ ဝေဖန်နေကြတာ၊ တချို့ကဆို ပြန်တောင် သွားကြသတဲ့။

အဲဒီအချိန်မှာ အသုဘအခေါင်းကြီးတစ်ခုနဲ့ လူတန်းရှည်ကြီး ဘုရားကျောင်းဆီကို ဝင်လာတယ်။ သတို့သားနဲ့ သူ့ အရံအဖော်တွေလည်း ရောက်လာကြပြီ။ သတို့သမီးက အသုဘလူတန်းရှည်ကြီးကို ကြည့်ပြီး ဘေးကအပျိုရံလေးရဲ့ လက်ကိုတောင် ရောင်ရမ်းပြီး ခပ်တင်းတင်း ဆုပ်လိုက်မိတယ်။

အပျိုရံကလေးတောင် လန့်သွားတယ်။ "ဘုရားသခင် ဘာဖြစ်လို့လဲ၊ ပြောပါဦး" လို့ ကောင်မလေးက မေးတော့ သူက "ဘာမှမဖြစ်ပါဘူး" လို့ ပြန်ဖြေလိုက်တယ်။ ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်မစိတ်ထဲမှာ ဖျောက်မရတဲ့ အတွေးတွေ ဝင်နေတယ်။ အဲဒါကတော့ ဒီမင်္ဂလာပွဲကို အရင်က ခင်ပွန်းဟောင်းတွေများ လာကြမလားဆိုတဲ့ အတွေးပဲ"လို့ ပြောနေတယ်။

သူ့စကား မဆုံးပါဘူး၊ ကောင်မလေးက အထိတ်တလန့်သံနဲ့ ထအော်တယ်။ အသုဘချလာတာကို သူမြင်သွားလို့လေ။

အသုဘပို့တဲ့ လူတန်းကြီးက ဘုရားကျောင်းခန်းထဲကို ဝင်လာနေကြပြီကိုး။ နောက်က လိုက်လာတဲ့လူတွေကလည်း အဘိုးအို၊ အဘွားအိုတွေ ခေါင်းကနေ ခြေဖျားအထိ အဝတ်မည်းကြီးတွေ ဝတ်လို့။

လူတွေကလည်း ဝမ်းနည်းကြေကွဲနေကြတဲ့ မျက်နှာနဲ့။ သတို့သမီးစိတ်ထဲမှာ ယောက်ယက်ခတ်တဲ့ အတွေးတွေ ဝင်လာနေပြီ၊ အသုဘပို့တဲ့ လူတွေထဲမှာ သေပြီးသားလူတွေတောင် ပါနေသလိုလို ထင်လာတယ်။

တချို့ဆို သူနဲ့ ငယ်ငယ်က ကခုန်ဖူးတဲ့ သူတွေ။ ခုတော့ ကခုန်ချင်ရင်တောင် အသုဘခေါင်းလောင်းသံကပဲ တေးသွားအဖြစ် ရှိနေမှာလေ။

အသုဘ လူတန်းရှည်ကြီး ဖြတ်သန်းသွားတဲ့အချိန်မှာ လူတော်တော်များများက ခေါင်းငုံ့မျက်နှာလွှဲထားကြတယ်။ ဒီကြားထဲ စိတ္တဇဝေဒနာသည် မိန်းကလေးတစ်ယောက်ရဲ့ ရယ်သံကလည်း ခြောက်ခြောက်ခြားခြား ထွက်လာသေးသတဲ့။

အသုဘ လူတန်းရှည်ကြီးလည်း ဆုံးရော ပါလာတဲ့စုံတွဲတွေ နေရာချင်း လဲလိုက်ကြတယ်။ အသုဘခေါင်းလောင်းသံက မြည်နေတုန်းပဲ။ သေတာက အဘိုးကြီးတစ်ယောက်ပါ။ ဒါပေမဲ့ စိတ်လှုပ်ရှားနေတဲ့ သတို့သမီးကတော့ အတွေးထဲမှာ 'အသုဘရထား အသင့်ဖြစ်နေပြီ၊ သုသာန်တံခါးကလည်း ဖွင့်ထားပြီ၊ ငါတို့ လက်ထပ်ပြီး ခေါင်းထဲဝင်ကြမို့'လို့ သူ့ကို ခေါ်နေသလို ထင်နေမိသတဲ့။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သတို့သမီးနောက လူတော်တော်များများတောင် ထွက်သွားကြပြီ။ နောက်ဆုံး ဘုန်းတော်ကြီးနဲ့ သတို့သား သတို့သမီးနှစ်ယောက်ပဲ ကျန်ခဲ့တယ်။

ဘုန်းကြီးက သတို့သားကို ခေါ်လိုက်တယ်။ ပြီးမှ ဩဇာသံ ပြည့်ပေမယ့် နှစ်သိမ့်သံပါတဲ့ လေသံနဲ့ ပြောလိုက်တယ်။

"ခင်ဗျားကို ကြည့်ရတာ နေကောင်းပုံ မရဘူး။ စိတ်အနှောင့် အယှက်ဖြစ်စရာ မြင်ကွင်းကြောင့် သောကရောက်ရင် ရောက်နေမှာပေါ့။ ဒီတော့ ဒီမင်္ဂလာပွဲကို ရွှေ့ဆိုင်းလိုက်ကြရအောင်။ မိတ်ဆွေကြီး အိမ်ပြန် နိုင်ပါတယ်"လို့ ခွင့်ပြုလိုက်သတဲ့။

ဒါကို သတို့သားက လက်မခံပါဘူး။

"အိမ်ပြန်ရမယ် ဟုတ်လား။ တပည့်တော် သတို့သမီးမပါဘဲနဲ့ အိမ်မပြန်နိုင်ပါဘူး"လို့ ရှုံ့သွပ်နေတဲ့ လူတစ်ယောက်လို ပြောတယ်။ ပြီး...

"တပည့်တော် အိုပါပြီ။ ရင်ထဲက နှလုံးသားကလည်း ခြောက် သွေ့လုနေပြီ။ ဒါပေမဲ့ အားလုံးသိအောင် ပြောပါရစေ။ ဒီမင်္ဂလာပွဲ အပြီးမသတ်ဘဲနဲ့ မပြန်နိုင်ဘူး။ တပည့်တော်တို့ဟာ သောကတွေကြားထဲ က အားယူပြုံးနေကြရတာပါ။ ဒါကြောင့် မင်္ဂလာပွဲရဲ့ သတို့သား သတို့ သမီးအဖြစ်တော့ ကြေညာပေးစေချင်ပါတယ်ခင်ဗျာ"လို့ ဆက်ပြောတယ်။

သတို့သားက ပြောပြောဆိုဆို ရှေ့ကို ခပ်မြန်မြန်တိုးလာပြီး သတို့သမီးခေါင်းမှာ ကပ်ရပ်လိုက်တယ်။ သူ့ကို ဘယ်သူကမှ မတားကြ တော့ဘူး။ အဲဒီမှာပဲ သတို့သမီးက ထအော်တယ်။

"ရက်စက်လိုက်တာ"တဲ့။

သတို့သားကလည်း...

"အို...ဘုရားသခင်၊ ရက်စက်တယ်ဆိုတာ ဘယ်သူက ဘယ် သူ့ကို ရက်စက်တာလဲဆိုတာ ဆုံးဖြတ်ပေးတော်မူပါ"လို့ လိုက်ရွတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်...ဘုရားကို တိုင်တည်ပြီး ပြောသလိုနဲ့ သူပြောတယ်။

"ငါ နှယ်ဖြိုစည်တည်းက မင်းဟာ ငါ့ရဲ့ ပျော်ရွှင်မှုတွေကို မျက်ကွယ်ပြုခဲ့တယ်။ ငါ့ မျှော်လင့်ချက်တွေ၊ ရည်ရွယ်ချက်တွေ ငါ့ဘဝမှာ လိုအပ်နေတာတွေကို လျစ်လျူရှုခဲ့တယ်။ ဒါကြောင့် အားလုံးဟာ အိပ်မက်ဖြစ်ခဲ့ရပြီးပြီ။ ထပ်ပြီး ဝမ်းနည်းစရာ ဘာကျန်တော့မှာလဲ။ နောက်နှစ် (၅၀) လောက်ဆိုရင် ငါ့ဂူကို ပြင်ကြရတော့မယ်။ ဘာပဲဖြစ်ဖြစ် ခု...မင်း ငါ့အနားရောက်နေပြီ၊ ဟိုတစ်ချိန်က မင်းခင်ပွန်းတွေ မင်းရဲ့အလှ၊ မင်းရဲ့ ဘဝ၊ မင်းရဲ့ ယုယမှုတွေကို နှစ်သက်ခဲ့ကြသလို ငါဟာလည်း ယောကျ်ားတစ်ယောက်ပါ။ ဒါနဲ့ မင်းကို မေးရဦးမယ်၊ ငါသေရင် မင်း ငါ့ဘဝအတွက် ဘာချန်ထားခဲ့ဖို့ စဉ်းစားသလဲ"တဲ့။

သတို့သမီးဆီက အသံထွက်မလာသေးဘူး။ သူပဲ ဆက်ပြောတယ်။

"ဒီတော့ ဒီက အသုဘပို့တဲ့ လူတွေရယ်၊ သချိုင်းစောင့်ရယ်၊ ခေါင်းလောင်းသံတွေရယ် အဲဒီကြားမှာ ငါတို့ လက်ထပ်ပြီး သင်္ဂြိုဟ်မယ့်နေရာထိ သွားကြမယ်"တဲ့။

သူ့စကားတွေကြောင့် သတို့သမီးဟာ စိတ်လှုပ်ရှားလွန်းလို့ သတို့သားလက်ကိုပဲ ပြန်ထိန်းကိုင်ထားရတယ်တဲ့။

နောက်မှာ အသက်ဝင်လာတဲ့ လူတစ်ယောက်လို "ဟုတ်တယ်၊ ကျွန်မတို့ လက်ထပ်ကြမယ်။ ပြီးရင် သချိုင်းဝအထိ သွားကြမယ်။ ကျွန်မဘဝမှာ ဘာမှ မကျန်တော့ပေမယ့် ခံစားချက်တစ်ခုတော့ ရှိနေပါသေးတယ်။ ဒါကြောင့်လည်း ခုလို လှုပနုပျိုနေသေးတာ၊ ရှင့်ကို လက်ထပ်နိုင်တာ။ ကဲ...ခုပဲ ကျွန်မတို့ လက်ထပ်ကြမယ်"လို့ ပြောလိုက်တယ်။

ပြောရင်းလည်း မျက်ရည်တွေ ကျလာသတဲ့။ သတို့သားက သူ့မျက်ရည်တွေကို လက်ကိုင်ပဝါနဲ့ တို့သုတ်ပေးလိုက်ရင်း...

"ဟုတ်တယ်...ဒီနေ့ည တို့တွေ လက်ထပ်ကြမယ်။ အဲ့ဒီဦး



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်လို မဖြစ်စေရဘူး။ တို့တွေ လက်ချင်းယှက်ပြီး တစ်ဘဝလုံး မခွဲဘဲချစ်မယ့် ချစ်သူတွေလိုပေါ့ကွာ''လို့ ပြောလိုက်သတဲ့။

မျက်ရည်တွေနဲ့ သူတို့နှစ်ယောက် ပူးကပ်သွားကြတယ်။ အဲဒီအချိန်မှာပဲ အသုဘခေါင်းလောင်းသံကြားကနေ အော်ဂင်ဂီတသံနဲ့ ဓမ္မတေးတွေကပဲ သူတို့ရဲ့ အောင်မြင်သွားတဲ့ မင်္ဂလာပွဲရဲ့ မင်္ဂလာခေါင်းလောင်းသံပဲ မဟုတ်လား''

''ဘာလဲ…ပုံပြင်ထဲကလူက သူ့ချစ်သူကို ဒီပုံပြင်လိုပဲ မှာသွားအတဲ့လား။ နောက်အိမ်ထောင် ပြုခိုင်းတာလား''

''မထူးဆန်းပါဘူးဗျာ၊ မှာနေကျ စကားမျိုးပါပဲ။ ဒါပေမဲ့ မှာလည်း မှာသင့်တဲ့ စကားပဲမို့လား။ အရေးကြီးတဲ့အချက်မို့လား''

အမျိုးသမီး၏ မျက်နှာမှာ နာကျည်းမှုနှင့် ခွေးမြေ့မှုတို့ ရောယှက်ထားသော အပြုံးတစ်ခု ပေါ်လာသည်။ သို့သော် လှစိမ်းက သူမ၏ မျက်နှာကို မကြည့်ပါ။

အမျိုးသမီးက ခပ်တိုးတိုး ရေရွတ်၏။

''ဩော်…သူက ဒီလိုမှာသွားသလား''

သူမ၏စကားကို လှစိမ်းက ဘောင်ကန့်သတ်ပေး၏။ မျက်နှာလွှဲထားလျက်ကပင်…

''ဟုတ်တယ်၊ ပုံပြင်ထဲကလူက အဲဒီလို မှာသွားတယ်''

အမျိုးသမီးက မဲ့ပြုံးနှင့် ခေါင်းခါသည်။

''မဟုတ်ဘူး ပုံပြင်မဟုတ်ဘူး''

''ဟုတ်ပါတယ်၊ ပုံပြင်ပါ''

''ပုံပြင်ဆိုရင်လည်း ပုံပြင်ပေါ့လေ။ ဒါပေမဲ့ ဒီပုံပြင်တွေကို ရှင် တမင်သက်သက် လာပြောပြနေတယ်လို့ ကျွန်မ မထင်ဘူး''

လှစိမ်းက ခပ်အုပ်အုပ်ရယ်၏။



www.burmeseclassic.com

www.burmeseclassic.com


"ဟောဗျာ...ခင်ဗျားက နားထောင်ချင်တယ်ဆိုလို့ ကျွန်တော်က ပြောပြတာပါဗျာ။ ပုံပြင်တွေပါပဲ"

အမျိုးသမီးက မဲ့ပြုံးနှင့်ပဲ ပြန်ပြောသည်။

"ဟုတ်တယ်...ရှင်က ပုံပြောပြတယ်၊ ကျွန်မက ပုံနားထောင်တယ်။ ဒါပေမဲ့ သမရိုးကျတော့ မဆန်ခဲ့ကြဘူး။ ဒီပုံပြင်တွေထဲမှာ အငွေ့အသက်တစ်ချို့ ပါဝင်နေတယ်။ ရှင်ကလည်း ပုံပြောတာမဟုတ်ဘူး။ ကျွန်မကလည်း ပုံနားထောင်တာ မဟုတ်ဘူး"

"ဒါဖြင့်...ဘာလဲ"

အမျိုးသမီးက အောက်နှုတ်ခမ်းကို သွားနှင့် ဖိကိုက်ရင်း...

"ဘာမှလည်း မဟုတ်ဘူး။ အဲဒီလိုပဲ သဘောထား လိုက်ကြရအောင်"

လူစိမ်းက သက်ပြင်းတစ်ချက်ချသည်။

"ကျွန်တော်က ပုံပြင်ပြောတာပါ"

"မဟုတ်ဘူး"

"တကယ်ပါ...ပုံပြောပြတာ သက်သက်ပါ"

"မဟုတ်ဘူး"

လူစိမ်းက ခေါင်းကို ဖြည်းညှင်းစွာခါပြီး မျက်နှာပြန်လွှဲသွားသည်။ အမျိုးသမီးက လက်ဖက်ရည်စားပွဲကို ငေးစိုက်ကြည့်နေသည်။ လက်ဖက်ရည်ဆိုင်ကလေးက အသည်းကွဲ သီချင်းတစ်ပုဒ်ကို ဖွင့်လှစ်နေပြီ ဖြစ်၏။

တိတ်ဆိတ်နေကြပြီး အတန်ကြာမှ လူစိမ်းက သူ၏မျက်နှာကို ရယ်ကြဲကြဲလုပ်ကာ...

"ခင်ဗျားကို ကျွန်တော် နောက်ဆုံးပုံပြင်လေးတစ်ပုဒ် ပြောပြီး မယ်ဗျာ"

✿✿✿


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

| ကျွန်တော် | ဝ လုံးကလေးများ |
|---|---|
| ၆ | ဝ ... ဝ ... ဝ |
| ၁၂ | ဝ .... ဝ .... ဝ |
| ၁၈ |  |
| ၂၄ | ... ... ... ... |
| ၃၀ | ဝ ... ... ... ...<br>... ... ... ...<br>... ... ... ... |



www.burmeseclassic.com

www.burmeseclassic.com



လှစိမ်းက ပြလာသော ထိုဇယားစာရွက်ကလေးကို ကြည့်ကာ အမျိုးသမီးက မျက်ခုံးအတွန့်ချိုးသည်။ လှစိမ်းကို မျက်လုံးဝင့်ကြည့်ပြီး မေးသည်။

"နောက်ဆုံးပုံပြင် ပြောမလို့ဆို…"

လှစိမ်းကတော့ အေးအေးဆေးဆေးပဲ ဖြစ်သည်။

"ဟုတ်တယ်လေ"

"ဒါက ပုံပြင်လား"

"ဟုတ်တယ်၊ ဒီပုံပြင်ရဲ့နာမည်က ကျွန်တော်နှင့် ဝလုံးလေးများ လို့ခေါ်တယ်"

"ကျွန်မ နားမလည်ဘူး"

"အဲ…ကျွန်တော်ရှင်းပြမယ်လေ"

"ကျွန်မ နားထောင်နေပါတယ်"

"ခြောက်နှစ်သားအရွယ်မှာ ဝလုံးလေးတွေကို ညီညီညာညာနေ ဟတ်ခဲ့တယ်"

အမျိုးသမီးက မျက်တောင်တစ်ချက်ဝင့်ကာ ကြည့်၏။

"ဆိုလိုချင်တာက စိတ်ဓာတ်ဖြူစင်နေတဲ့ အချိန်ပေါ့"

"အင်း…ဟုတ်ပြီ"

အမျိုးသမီးက ခေါင်းညိတ်ကာ ထောက်ခံ၏။

"အင်း…(၁၂)နှစ်သား အရွယ်မှာကျတော့ နည်းနည်းကောက် ကျစ်တတ်လာပြီလေ၊ ဝလုံးလေးတွေက ပိန်စောင်းကွေ့ကောက်လာပြီ"

"အင်း…"

"(၁၈) နှစ်သားအရယ်ရောက်တော့ လူကြီးလို့ ပြောလို့ရတဲ့ အရွယ် ရောက်လာပြီ။ ဘာကိုမှ လက်မခံချင်တော့ဘူး၊ တစ်ဖက်စောင်း နင်း တွေးခေါ်တတ်လာတယ်"

"ဘယ်လို ဒီကြွက်ခြေခတ်နဲ့ တစ်ဖက်စောင်းနင်း တွေးခေါ်မှုက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပတ်သက်လဲ"

"ကြက်ခြေခတ်ထည့်လိုက်တာတောင် တစ်ဖက်စောင်းနှင်း ဖြစ်နေတာ တွေ့မှာပေါ့။ ဒါကို ပြောတာ"

"အင်း...ဟုတ်ပြီ"

"(၂၄) နှစ်အရွယ်လည်းရောက်ရော ကြက်ခြေတောင် မခတ်နိုင်တော့ဘူး။ စိတ်ထဲမှာ ဘာကို လက်ခံရမှန်းမသိအောင် ရှုပ်ထွေး ဝေဝါးလာပြီ။ ဒီတော့ ဘာမှ ရေးမထားနိုင်တော့ဘူး"

"အင်း...ဒါတော့ နားလည်တယ်"

"အဲ...အသက် (၃၀)လည်းရောက်ရော ဟိုးငယ်ငယ်ကလို ဝလုံးလေးတွေ ပြန်ရေးဖို့ ကြိုးစားတယ်။ ငယ်ငယ်ကလို ပြန်ဖြူစင်ချင်ပြီလေ။ ဒါပေမဲ့ (၆)နှစ်သားအရွယ်က ရေးခဲ့သလို မညီညာမှာ စိုးနေတော့ တစ်လုံးတည်းနဲ့ ဆက်မရေးတတ်တော့ဘဲ ရပ်ထားလိုက်ရတယ်"

"အဲဒီတော့ ရှင်ဆိုလိုတာက..."

"အသက် (၃၀)အရွယ်ဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့အရွယ်ပေါ့ဗျာ။ ဝလုံးကို ဝိုင်းအောင် တစ်ကျော့ပြန် ကြိုးစားတုန်းပါပဲ။ ကျွန်တော်က တော့ အောင်မြင်ပါ့မလားမသိဘူး။ ခင်ဗျားကိုတော့ အောင်မြင်စေချင်တယ်"

အမျိုးသမီးက ဘာမှ ပြန်မပြောဘဲ လူစိမ်း၏ ပြောဆိုလှုပ်ရှားမှုကိုသာ စက်ရုပ်တစ်ရုပ်ပမာ စိုက်ကြည့်နေ၏။

လူစိမ်းက ဆိုင်းမပါ ဗုံမဆင့် နှုတ်ဆက်စကားကို တန်းပြောချ၏။

"ကဲ...ကျွန်တော် သွားဦးမယ်"

အမျိုးသမီးက သူ့လက်မှ နာရီကို ငုံ့ကြည့်ကာ...

"အချိန်ရပါသေးတယ်"

"ဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



"အချိန်ရပါသေးတယ်၊ ရှစ်နာရီသာသာ ရှိသေးတယ်"

"အင်း…ကျွန်တော်ပြန်ဖို့ အချိန်တန်ပြီဗျ။ ကျွန်တော့်အတွက် အချိန်ဆိုတာကလည်း လက်ပေါ်က နာရီမှာ မရှိဘူး။ စိတ်ထဲက နာရီမှာပဲ ရှိတယ်"

အမျိုးသမီးကို ကြည်ကြည်မြမြ တစ်ချက်ပြုံးပြကာ…

"ကဲ…ကျွန်တော်သွားတော့မယ်ဗျာ၊ ခင်ဗျားကို ကျွန်တော် ပုံပြင်ပြောပြရတဲ့အတွက် လက်ဖက်ရည်ဖိုးတော့ ခင်ဗျားပဲ ရှင်းလိုက်"

"စိတ်ချပါ၊ ရှင်းမှာပါ"

"ကျွန်တော့်ကြောင့် ခင်ဗျား ရေနွေးပန်းကန်ကျကွဲတဲ့အတွက် ရေနွေးပန်းကန်ဖိုးကို ကျွန်တော် လျော်လိုက်မယ်၊ ဟုတ်လား"

"မလိုပါဘူး၊ အဲဒါကိုလည်း ကျွန်မပဲ ရှင်းမှာပါ"

လူစိမ်းက ထိုင်ရာမှ မတ်တပ်ထရပ်၏။

"ခင်ဗျားကို ကျွန်တော်ပြောခဲ့တဲ့ ပုံပြင်တွေထဲမှာ နောက်ဆုံး တစ်ပုဒ်ပဲ ကျွန်တော့်ပုံပြင် ပါတယ်။ ရှေ့ပိုင်းပုံပြင်တွေက 'နသန်နီရယ်လ် ဟောသွန်း'လို့ ခေါ်တဲ့ စာရေးဆရာကြီးတစ်ယောက်ရဲ့ ပုံပြင်တွေပါ"

စားပွဲထိုးလေးက သူတို့အနားသို့ ချဉ်းကပ်လာသည်။ လူစိမ်းကို ကြည့်ကာ…

"သွားတော့မလား"

"အေး…သွားလိုက်ဦးမယ်ကွာ၊ လရောင်ရှိတုန်း ခရီးဆက်လိုက်ဦးမယ်"

စားပွဲထိုးလေး အားမလိုအားမရ ဖြစ်သွား၏။

"အာ…ကျွန်တော် ပုံပြင်တစ်ပုဒ်မှတောင် နားမထောင်လိုက်ရဘူး"

လူစိမ်းက အမျိုးသမီးကို မေးဆတ်ပြကာ…

"သူ့ဆီက ပြန်မေးလိုက်လေကွာ။ သူ့ကို ငါ ပုံပြင်တွေ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပြောပြခဲ့တယ်"

ထို့နောက်...

ဆိုင်ပြင်သို့ ချာခနဲ လှည့်ထွက်သွားတော့၏။

လရောင်အောက်မှာ တရွေ့ရွေ့ ဝေးသွားသော သူ့ကို အိပ်မက် ဆန်ဆန်သာ မြင်နေရတော့၏။ လက်ဖက်ရည်ဆိုင်ထဲ ဝင်လာတုန်းကလို ပင် ပြန်ထွက်တော့လည်း ကဗျာတစ်ပုဒ်ကို နှုတ်မှ ရွတ်ဆိုသွား၏။

ဒတ္တ၏ ကဗျာတစ်ပုဒ်မှ စာပိုဒ်များဖြစ်၏။

မင်္ဂလာပါမိတ်ဆွေ...
တနှင့်တပိုး ထမ်းရွက်လာတဲ့
မေးခွန်းတွေကို ဘေးမှာချ
ဖရိုဖရဲဖြစ်နေတဲ့
အသက်ရှူသံကို တည့်မတ်လို့
လေညှင်းရဲ့ လတ်ဆတ်မှုထဲ
ခင်ဗျားခိုင်မြဲနိုင်ပါစေ...။

ခွင့်လွှတ်ပါ။
ဘာကိုမှ ရှင်းမပြချင်တော့တာဟာ
ကျေနပ်စရာတစ်ခုပဲဗျာ
ကျွန်တော်ဆေးလိပ်ဖြတ်လိုက်ပါပြီ။

ခံစားချင်တယ်ဆိုရင်တော့
ဟောဒီမှာ ကျွန်တော်ရေးဖွဲ့ထားတဲ့
နွေဦးပေါက်ကဗျာကို ဖတ်ပါ
အနှစ်သုံးဆယ် ကြေကွဲခဲ့သမျှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းတစ်စ ဒိုင်ယာရီကိုဖတ်ပါ
ပြီး... မှတ်မိသမျှနဲ့ နှိုင်းယှဉ်
ပရိမိုးသီးယပ် ၁၉၊ လောက်
ကျွန်တော်မနာကျင်ခဲ့ပါဘူး။

ဒီ့ထက်ပိုပြီး
ခံစားချင်သေးတယ်ဆိုရင်တော့
ကျွန်တော့်ဘဝကို ရှင်းလင်းဖော်ပြစရာ
စာကြောင်းတချို့ရှိလေရဲ့
ဒီလိုလေ...

ဘယ်သူ့အတွက်ရယ်လို့ မရည်ရွယ်ဘဲ
လင်းလက်နိုင်သမျှရဲ့ အသုံးစွန်
ဝင်းပနေတဲ့ ကောင်းကင်ကြီးကလှလို့...

ကျွန်တော်ကတော့...
အဲဒီဖြစ်ပျက်သမျှကို ငေးမောတမ်းမက်
အားလုံးအတွက်ရည်စူး
ရွှေဦးပေါက်ကဗျာ ရေးဖွဲ့ချင်သူပေါ့။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

လူစိမ်းကို မမြင်ရတော့သည်အထိ ငေးကြည့်နေပြီးမှ စားပွဲထိုးကလေးက အမျိုးသမီးဘက်သို့ လှည့်လိုက်သည်။

အပြုံးဖြူဖြူဖြင့် မေး၏။

"သူပြောသွားတဲ့ပုံတွေ နားထောင်လို့ ကောင်းလားဟင်"

အမျိုးသမီးက နှုတ်မှ ပြန်မဖြေ၊ မျက်နှာသေဖြင့် ခေါင်းညိတ်ပြ၏။

"အများကြီး ပြောသွားတာလားဟင်"

ထိုသို့ပင် ခေါင်းညိတ်ပြပြန်သည်။

အမျိုးသမီးက လိုလားဟန်မရှိသောကြောင့် စားပွဲထိုးလေးက လှည့်ထွက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ…

"နေဦး"

"ဗျာ…"

"မင်း နားထောင်ချင်လို့လား"

"အဟဲ…ဟုတ်ကဲ့၊ ဒါပေမဲ့ ရပါတယ်"

"မဟုတ်သေးဘူးလေ…။ သူက မင်းကို ငါ့ဆီမှာ မေးလို့ မှာသွားတာကိုး"

"ဟုတ်ကဲ့…ဒါဖြင့် ကျွန်တော့်ကို ပြောပြမလို့လား"

"ပြောမယ်"

သူမ၏ ခေါင်းညိတ်ပြပုံမှာ ယန္တရားဆန်လွန်းလှလေသည်။

"သူက ငါ့ကို 'နသန်နီရယ်လ်ဟောသွန်း'ရဲ့ ပုံပြင်တွေ ပြောပြသွားတယ်"

"ဟုတ်ကဲ့"

"ဆိုင်ရှင်အဘကြီး မင်းကို ပြောပြတဲ့ ပုံပြင်ကတော့ 'အက်ဂါ အယ်လင်ပိုး'ဆိုတဲ့ ဆရာကြီးရဲ့ ပုံပြင်တစ်ပုဒ်ပဲ"

"ဟုတ်…အခု ကျွန်တော့်ကို ပြောပြမှာက ဘာဟောသွန်းလဲ။ သူ့ရဲ့ ပုံပြင်ပေါ့နော်"

"ဟုတ်တယ်၊ ဟောသွန်းရဲ့ ပုံပြင်တစ်ပုဒ်ကို ပြောပြမယ်။ ဒါပေမဲ့ သူပြောသွားတဲ့ ပုံပြင်တွေတော့ မဟုတ်ဘူး၊ တခြားတစ်ပုဒ်"

✿



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေတဲ့ အိမ်ကလေးတစ်လုံးထဲမှာ ဘုန်းတော်ကြီး တစ်ပါးရှိတယ်။ ကျန်းမာရေး အတော်ချို့ယွင်းနေပြီဖြစ်တဲ့ ဆရာတစ်ပါးပါ။

သူဟာ သူ ခု လက်ရှိနေနေတဲ့ ဒေသမှာ နှစ်ပေါင်း (၄၀)ကျော် လောက် ဘာသာရေးအကြီးအကဲတစ်ယောက် လုပ်လာခဲ့တဲ့သူပေါ့။ အဲဒီဒေသဟာ စီးပွားရေးလုပ်ငန်းတွေအမျိုးမျိုး သူ့နေရာနဲ့သူ အောင်မြင်နေကြတဲ့ ဒေသမို့လို့ ချမ်းသာကြွယ်ဝတဲ့လူတွေ စုဝေးနေထိုင်ရာနေရာ လို့တောင် ပြောလို့ ရမလားပဲ။

ဘုန်းတော်ကြီးဟာ ပက်လက်ကုလားထိုင်လေးတစ်လုံးမှာ မှေးထိုင်နေရှာတယ်။ အသက်ကလည်း ကြီးပြီဆိုတော့ ဆံပင်တွေကလည်း ဖွေးဖြူလို့။ ကျန်းမာရေးကလည်း မကောင်းတော့ဘူး။ ဒီတော့ လှုပ်ရှားမှု တွေလည်း မလုပ်နိုင်တော့ဘူးပေါ့။

သူ့ခြေရင်းမှာတော့ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီး တစ်ယောက် ထိုင်နေကြတယ်။ သူတို့ကတော့ ဒေသထွက်အဝတ်အထည် လောက်ကိုပဲ ခပ်နွမ်းနွမ်း ဝတ်ထားကြတယ်။

ဘုန်းတော်ကြီးက သူ့နားပတ်လည်မှာ ဝိုင်းထိုင်နေကြတဲ့ လူကြီး တွေကို ခေါ်လိုက်တယ်။

"နောင်တော်တို့"

ကျန်းမာရေးကြောင့် ထင်ပါရဲ့ ဘုန်းတော်ကြီးရဲ့အသံက တိုးယဲ့ နေတယ်။ ဒီလောက်ခေါ်နိုင်ဖို့ကိုလည်း အတော်ကြိုးစားရပုံပဲ။

ဒါပေမဲ့ ဘုန်းတော်ကြီးက ဆက်ပြောတယ်။

"ဒီက သားနဲ့သမီးကို ဘုရားသခင်ဆီ လွှဲအပ်ပါရစေ။ သူတို့ကို ယုံကြည်ကြပါ။ ကျွန်တော် အားလုံးအတွက် ဆုတောင်းပေးနေသလို သူတို့ရင်ထဲက ဆန္ဒတွေအတွက်လည်း မျှော်လင့်သလို ဖြစ်လာဖို့ ဆုတောင်းပေးနေပါတယ်"တဲ့။

ဘုန်းတော်ကြီးရဲ့ စကားကြောင့် လူကြီးတွေက ထိုင်နေတဲ့

www.burmeseclassic.com



အမျိုးသားနဲ့ အမျိုးသမီးကို လှည့်ကြည့်လိုက်ကြတယ်။ သူတို့ ရင်းနှီး သိရှိပြီးသားလူတွေမို့ အထူးတောင် ပြောစရာ လိုမယ်မထင်ပါဘူး။

အဲဒီအမျိုးသားရဲ့ အသားအရောင်က နေဒဏ်၊ လေဒဏ်ကြောင့် ကြေးနီရောင်တောင် သန်းနေတယ်။ ဒါကိုကြည့်ရင် သူဟာ ရာသီမရွေး အလုပ်လုပ်ရတဲ့ လူတစ်ယောက်ဆိုတာ သိကြမှာပဲ။ ဟုတ်တယ်၊ သူက အဲဒီဒေသက လယ်သမားတစ်ယောက်ပဲ။

ဒါပေမဲ့ ပညာရေးပိုင်းမှာလည်း မခေပါဘူး။ နှစ်အတော်ကြာ ပညာသင်ခဲ့ရတာမို့ ပညာတတ်တစ်ယောက်လို့တောင် ပြောနိုင်တယ်။

ဒါကြောင့် သူ့ကိုကြည့်ရင် သတိကြီးတဲ့သူ၊ ဆင်ခြင်တုံတရားရှိတဲ့သူ၊ ဉာဏ်ရည်ထက်မြက်ကောင်းမွန်တဲ့သူဆိုတာ သိနိုင်တယ်။ ဒါကြောင့်လည်း ရှေ့ရေးကို ကြိုတင်စဉ်းစားနိုင်တဲ့သူတစ်ယောက် ဖြစ်နေတာပေါ့။ ဒီအတွေးအခေါ်တွေနဲ့ပဲ သူ့ဘဝကို လမ်းမှားမရောက်အောင် ထိန်းကျောင်းထားခဲ့တာ။

အမျိုးသမီးကတော့ ကျန်းမာရေးမကောင်းတဲ့ လူတစ်ယောက်လို ဖြူရော်သွေးဆုတ်နေတဲ့ မျက်နှာနဲ့၊ တစ်ချက်တစ်ချက်မှာ လူသေမျက်နှာနဲ့ တူတယ်လို့တောင် ထင်ရတယ်။

သူက ဒီဒေသမှာ သာရေးနာရေးကအစ ဝင်ရောက်ကူညီဆောင်ရွက်ခဲ့ဖူးတဲ့ သူလေ။ ပုဂ္ဂိုလ်ကြီးတစ်ယောက်က မေးတဲ့အသံ ထွက်လာတယ်။

"သူတို့က ဒီနေ့အထိ ဒီမှာ ရှိကြမှာလား"တဲ့။

ဘယ်သူ အဖြေပေးမပေးတော့ မသိဘူး။ နောက် အဘွားကြီး တစ်ယောက်က သူ့ဆန္ဒကို အတင်းဝင်ပြောလိုက်တာကို ကြားလိုက်ရတယ်။

"အို…ကျွန်မကတော့ သူတို့ကို ဆောင်းရာသီအထိ ရှိနေစေချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးရဲ့ ခြေရင်းမှာ ထိုင်နေတဲ့ သူနှစ်ယောက်ကတော့ သူများတွေ ဘာတွေပြောနေသလဲဆိုတာ နားသာ စွင့်နေတာ၊ ရင်ထဲမှာတော့ အိမ်ထောင်ရေးနဲ့ပတ်သက်တဲ့ အတွေးတွေ ရှေ့ရေးတွေ ရှိနေကြမှာပဲ။ လူသားတွေပဲ မဟုတ်လား။

အသက်ကြီးကြီး လူတစ်ယောက်ကတော့...

"နွေပဲဖြစ်ဖြစ်၊ ဆောင်းပဲဖြစ်ဖြစ် သူတို့နှစ်ယောက်ရဲ့ ကိစ္စကိုတော့ တာဝန်ရှိတဲ့အတိုင်း လုပ်ပေးကြရမှာပဲ။ သူတို့လည်း အရွယ်ရှိကြသေးတာပဲ၊ ခင်ဗျားတို့က ကာရကံရှင်နှစ်ယောက်ကို မမေးဘဲ ပြောနေကြတာ။ ဒီနှစ်ယောက်က အားလုံးလည်း သိတဲ့အတိုင်း ငယ်ချစ်တွေပဲ။ တခြားလူတွေလိုပဲ သူတို့လည်း ချစ်တတ်မှာပါ။ ဒီတော့ စာနာစိတ်အပြည့်ထားပြီး သူတို့နှစ်ယောက်ရဲ့ အချစ်ကို နားလည်ပေးကြရအောင်၊ သူတို့ရဲ့ အိမ်ထောင်ရေး အဆင်ပြေသာယာဖြောင့်ဖြူးအောင် ကျွန်တော်တို့အားလုံးက ကူညီဖို့ သင့်တာပေါ့ဗျာ။ မဟုတ်ဘူးလား"တဲ့။

အမျိုးသားနဲ့ အမျိုးသမီးကလည်း လူငယ်လေးတွေ မဟုတ်ကြတော့ပေမယ့် အိမ်ထောင်ပြုနိုင်သေးတဲ့ အရွယ်တွေပဲ၊ ပြောခဲ့ပြီးသလို ငယ်ချစ်တွေလည်း ဖြစ်ကြတော့ သူတို့ရဲ့ သံယောဇဉ်ကိုတော့ ပူစရာမလိုပါဘူး။ သူတို့ကလည်း ဒီဒေသမှာပဲ အတူနေထိုင်သွားဖို့ ဒီဒေသမှာပဲ ဆက်လက် လူမှုရေးအလုပ်၊ သာသနာရေးတာဝန်တွေ လုပ်သွားကြဖို့ ဆုံးဖြတ်ပြီးသားပါ။

တကယ်တော့ သူတို့တွေ ချစ်သူဖြစ်ပြီး လက်ထပ်ဖို့အချိန်တွေ အများကြီးရှိခဲ့တာပဲ။ ဒါပေမဲ့ အမျိုးသားက ချင့်ချိန်မှု အရမ်းအားကြီးတယ်လေ။ ဒါကြောင့်လည်း သူတို့ရဲ့ လက်ထပ်ချိန်ဟာ ဒီနေ့ဒီအချိန်ထိအောင် ဝေးကွာလာခဲ့ရတာပဲ။

အမျိုးသမီးက ပေါင်မုန့်ဖုတ်တဲ့အလုပ်ကို လုပ်တယ်။ တစ်ခါတစ်လေလည်း လယ်ထဲလိုက်ဆင်းပြီး လုပ်ကိုင်လိုက်တာပဲ။ မှာကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ကလေးတွေကို စာသင်ပေးရင်း ကျောင်းဆရာမ ဝင်လုပ်လိုက်သေးတယ်။

သူနာပြုဆရာမတစ်ယောက်လိုလည်း လူနာတွေကို လိုက်ပြုစုနေတတ်တယ်။ ဒီတော့ ဒီအမျိုးသမီးလောက် ဘဝအတွေ့အကြုံတွေ၊ ရင့်ကျက်မှုတွေ များတဲ့သူ ရှိနိုင်ပါဦးမလား။

တစ်ချိန်က သူတို့နှစ်ယောက် ချစ်သူတွေအဆင့်ထက် မပိုနိုင်ခဲ့ကြပေမယ့် ခုလို အခြေအနေပေးလာတဲ့အခါကျတော့လည်း နီးစပ်ဖို့ဖြစ်လာရပြီပေါ့။ ဘုရားအလိုရှိပြီ ထင်ပါရဲ့။

အမျိုးသားကလည်း အတော်ရည်ရွယ်ချက်ကြီးတဲ့သူ။ သူတို့နယ်မြေဒေသကလေးရဲ့ ကိုယ်စားလှယ်တစ်ယောက်ဖြစ်ဖို့ထိ ရည်မှန်းထားတာ။ အမျိုးသမီးကတော့ သူ့ဆန္ဒတွေ၊ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးမယ့်သူတစ်ယောက် သက်သက်ပါပဲ။ ဒါကြောင့်လည်း ခုထိ ဒီလိုရှိနေခဲ့ကြတာ မဟုတ်လား။

အမျိုးသားကလည်း ခေါင်းမာတတ်တဲ့သူ။ ခေါင်းမာသလို သူလုပ်သမျှအလုပ်ကိုလည်း ဘယ်တော့မှ နောက်မဆုတ်တတ်တဲ့သူ။

ဒီတော့ အမျိုးသမီးကို ကမ်းလှမ်း ဆွေးနွေးတော့လည်း ပွင့်ပွင့်ရှင်းရှင်းပဲ။ သူတို့နှစ်ယောက် လက်တွဲတော့မယ်၊ ဘဝတစ်ခု တည်ဆောက်ပြီး ဒီဒေသလေးမှာပဲ အခြေချကြမယ်ပေါ့။

အမျိုးသမီးကလည်း အနာဂတ်ကို မှန်းပြီး စိတ်ကူးယဉ်နေမယ့်အစား လက်တွေ့ရင်ဆိုင်ချင်တဲ့ သူဆိုတော့ ကမ်းလှမ်းချက်ကို လက်ခံလိုက်တယ်။ ဒီဒေသလေးမှာပဲ ချစ်သူရဲ့ ပါရမီကို ဖြည့်ဖို့ ဆုံးဖြတ်လိုက်ပြီလေ။

နှစ်ယောက်စလုံးဟာ ရည်ရွယ်ချက်၊ ယုံကြည်ချက်တွေနဲ့ အနာဂတ်အတွက် အသင့်ဖြစ်နေကြပြီမို့ သူတို့ ဖြတ်သန်းရမယ့် လူ့အဖွဲ့အစည်းအဝိုင်းအတွင်းမှာလည်း အရေးပါတဲ့ကဏ္ဍကနေဖို့ သူတို့ ဆုံးဖြတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ ရည်ရွယ်ချက်၊ ယုံကြည်ချက်ဆိုတာကလည်း ဒီဒေသရဲ့ အကျိုးကို ဦးတည်တဲ့ ရည်ရွယ်ချက်တွေပါပဲ။ အမျိုးသားကိုယ်၌က ဒီဒေသရဲ့ ထင်ရှားကျော်ကြားတဲ့လူတစ်ယောက် ဖြစ်လာဖို့ မျှော်လင့်ထားတယ် မဟုတ်လား။ သူ့ရည်ရွယ်ချက်က အရေးကြီးကိစ္စတွေကို အရေးပါတဲ့နေရာက စီမံခန့်ခွဲပေးရတဲ့သူ ဖြစ်ချင်တယ်၊ ဒါပဲ။

အမျိုးသမီးဘက်ကတော့ ဒါတွေအပြင် မယားကောင်း တစ်ယောက်လည်း ဖြစ်ချင်ဦးမှာပဲ။

သူတို့မင်္ဂလာပွဲအတွက် ဘုန်းတော်ကြီးက လိုအပ်တဲ့ ဆုံးမစကားတွေပြောပေး၊ ဆုတောင်းပေးတယ်။ ပြီးတာနဲ့ အမျိုးသားရဲ့ အစွမ်းအစကို သိထားတဲ့ ဘုန်းတော်ကြီးဟာ သူ့ကို ဒီဒေသရဲ့ ဘာသာရေးအကြီးအကဲ အဖြစ် ဆက်လက်ဆောင်ရွက်ဖို့ ရည်ရွယ်ထားပြီး ဆိုတာကိုပါ ပြောပြတယ်။

ဒီဒေသလေးရဲ့ အုပ်ချုပ်ရေးကို ဘုန်းတော်ကြီးတစ်ပါးနဲ့ သူ့ရဲ့ ကော်မတီဝင် လူအနည်းငယ်လောက်နဲ့ ထူထောင်ဖွဲ့စည်းခဲ့ရတာ။ ခု ဒီတာဝန်တွေကို လက်လွှဲလိုက်တော့မယ်။ လက်ခံယူရမယ့် အမျိုးသားက လည်း အနာဂတ်အတွက် အလားအလာကောင်းတဲ့ လူမျိုးမို့ ပူစရာမလို ပါဘူး။

"သားနဲ့ သမီး"တဲ့။

ဘုန်းတော်ကြီးက သူတို့ကို ခေါ်လိုက်တယ်။ ပြီး...ဆက်ပြော တယ်။

"မင်းတို့ လက်တွဲပြီး ဒီဒေသအတွက် တာဝန်တွေကို ကျေပွန်အောင် ဆောင်ရွက်နိုင်မယ်ထင်ရင် ပြောပါ။ ဒီက လူကြီးမိဘတွေ အားလုံးက မင်းတို့ရဲ့ အရည်အချင်းကို ယုံကြည်အားထားကြပါတယ်"တဲ့။

ဒီတော့ အမျိုးသားက ပြောတယ်။

"တပည့်တော်ဟာ ဒီဒေသကိုရောက်လာစက စိတ်ကူးတဲ့တွေ



www.burmeseclassic.com

www.burmeseclassic.com



ကျခဝင်းနေတဲ့ လူတစ်ယောက်ပါ။ တစ်လောကလုံးကို ညည်းငွေ့စိတ်ကုန်နေခဲ့တာ။ ဘဝမှာ ကြုံခဲ့ရတဲ့ သောကတွေ ဒုက္ခတွေကလည်း အများကြီးပါ။ ဒီကြမ္မာဆိုးတွေက လွတ်ရာလွတ်ကြောင်းကို ပေးခဲ့တာဟာ ဒီဒေသလေးနဲ့ ဘုန်းတော်ကြီးတို့ လူကြီးမိဘတွေပဲ မဟုတ်လား။ တပည့်တော်ရှာနေတဲ့ လုံခြုံအေးချမ်းမှုတွေကိုလည်း ဒီမှာပဲ ရှာတွေ့ခဲ့ရတာပါ။

တကယ်တော့ ကျွန်တော်ရော သူရောဟာ ဒီဒေသရဲ့ လူမှုရေး အုပ်ချုပ်ရေး သာသနာရေးတွေကို အရင်ထဲက လုပ်ဆောင်လာခဲ့ကြတဲ့သူတွေပါ။ ရှေ့ဆက်ပြီးတော့ စိတ်ရောလူရော ဒီဒေသအတွက် လုပ်ဆောင်သွားပါ့မယ်။ လုပ်ဆောင်နိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်''တဲ့။

အမျိုးသားဟာ သူဖြတ်သန်းခဲ့တဲ့ ဘဝအတွေ့အကြုံတွေအရ သူ့စိတ်ဓာတ်အခံအရ သူ့ကိုယ်သူ တော်တော်ယုံကြည်တဲ့ပုံပဲ။

ဘုန်းတော်ကြီးကတော့ ပြုံးလို့။

''ကောင်းတယ်သား...ဘုရားသခင် ကောင်းချီးပေးပါစေ နောက် ငါ့ကျန်းမာရေးအရ လက်ရှိတာဝန်က နုတ်ထွက်တဲ့အခါ သားကတာဝန်ယူရလိမ့်မယ်''လို့ ပြောလိုက်တယ်။

ဒါပေမဲ့ လူကြီးတစ်ယောက်က ဝင်ပြောတယ်။

''ဒီက သမီးရဲ့ သဘောထားဆန္ဒကို မကြားရသေးဘူးလေ''တဲ့။

အမျိုးသမီးက စကားပြောဖို့ အားယူပါတယ်။ သူငယ်ငယ်တည်းက ရည်ရွယ်ထားတဲ့ ကိစ္စတွေကို တကယ်စကားပြောရတော့မယ်ဆိုတော့ ပြောဖို့ အားကုန်နေသလို ဖြစ်နေပုံပဲ။

သည်ကြားထဲက အားယူပြောရှာတယ်။

''သူပြောခဲ့တဲ့ စကားဆန္ဒတွေဟာ ကျွန်မရဲ့ စကားဆန္ဒတွေပဲ''တဲ့။

ဒီလောက်ကလေး ပြောလိုက်ရတာကို အမျိုးသမီးသည်... အင်မတန်လေးလံပင်ပမ်းတဲ့ ဝန်ကို ထမ်းပြီး လွှတ်ချလိုက်ရသလို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက သွေးဆုတ်သလို ဖြူရောသထက် ဖြူရော်လာတယ်။ တစ်ခုံ တစ်ရာကို ထိတ်လန့်ကြောက်ရွံ့နေသလားတောင် ထင်ရတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့နှစ်ယောက် မကြာခင် မိသားစုကမ္ဘာလေး တည်ဆောက်ကြတော့မယ်။ နောက် သားသမီးတွေနဲ့ ဒီဒေသလေးအပေါ် မေတ္တာတွေ ကျဲချဖြန့်ခင်းပေးမယ်။ ရည်ရွယ်ချက်တွေကတော့ ရှိထားပြီးပြီ။

အမျိုးသမီးရဲ့ အမူအယာကြောင့် အနားကလူတွေ သူ့ကိုကြည့်ပြီး သံသယတွေ ဝင်လာကြတယ်။ ဒါကိုသိတဲ့ အမျိုးသမီးက...

"ကျွန်မဘဝမှာ တွေ့ကြုံခံစားခဲ့ရတဲ့ ဒုက္ခတွေ၊ သောကတွေကြောင့် ဘယ်လောက်ပဲ ခွန်အားနည်းနေပါစေ၊ ကျွန်မ တတ်နိုင်တဲ့ဘက်က တာဝန်ယူ ဆောင်ရွက်သွားမှာပါ"လို့ ပြောလိုက်တယ်။

ဒီတော့မှ ဘုန်းတော်ကြီးက ပြောတယ်။ "ကဲ...သားနဲ့သမီးတို့ လက်ချင်းဆက်လိုက်ကြတော့"တဲ့။

သူတို့နှစ်ယောက် လက်ချင်းဆက်လိုက်ကြတယ်။ ဘေးက လူကြီးတွေကလည်း မတ်တပ်ထရပ်လိုက်ကြတယ်။ ဘုန်းတော်ကြီးကိုယ်တိုင်တောင် သူ့ကျန်းမာရေး သူမေ့ပြီး ကုလားထိုင်ပေါ်က ထရပ်ဖို့ ကြိုးစားမိသေးတယ်။ ဒါပေမဲ့ မဖြစ်နိုင်ခဲ့ပါဘူး။ သူ့ကို သူ့ကျန်းမာရေးက ကုလားထိုင်ပေါ်မှာပဲ နေခွင့်ပေးတယ်လေ။

ဒါပေမဲ့ ဘုန်းတော်ကြီးဟာ စကားအရှည်ကြီးကိုတော့ ကြိုးစားပြောရှာတယ်။

"မင်းတို့နှစ်ယောက်ကို လက်ချင်းဆက်နိုင်းခဲ့ပြီးပြီ။ ဒီ လက်ဆက်မှုဟာ ဘယ်တော့မှ မခွဲခွာရတော့ဘူး။ မြဲမြံတဲ့ လက်တွဲမှုဖြစ်ရမယ်။ တစ်ဦးကိုတစ်ဦးလည်း ချစ်ကြသလို ရပ်ရွာဒေသကိုလည်း ချစ်ကြပါ။

ရပ်ရွာကိစ္စ၊ ဘာသာရေးကိစ္စတွေကို ပူးပေါင်းဆောင်ရွက်ပြီး တစ်ယောက်ရဲ့အခက်အခဲကို တစ်ယောက်က ကူညီဖြေရှင်းပေးပါ။ မင်းတို့ရဲ့ ယုံကြည်ချက်စိတ်တံခါးကို ကျယ်ကျယ်ဖွင့်ထားပါ။ မင်းတို့ဘဝ

www.burmeseclassic.com



သာယာချမ်းမြေ့ပါစေ။

ဒီလောကကြီးရဲ့ အနိဋ္ဌာရုံတွေကို နောက်နောက် လာမယ့် မင်းတို့ရဲ့ မျိုးဆက်သစ်တွေအတွက် အမွေမပေးမိကြစေနဲ့။ ကလေးတွေရဲ့ ကိုယ်ကျင့်တရားကို ပြုပြင်လမ်းညွှန်ပေးပါ။ သူတို့လေးတွေရဲ့ အနာဂတ်ကို ပြုစုပျိုးထောင်ပေးပါ။ မင်းတို့အားလုံး အဆင်ပြေပါစေလို့ ဘုရားသခင်ဆီမှာ ငါ ဆုတောင်းပေးပါမယ်။ ငါ့လို ဘဝနေဝင်ချိန်နီးနေတဲ့ လူအိုတစ်ယောက်အနေနဲ့ ဒီအချိန်မှာ ဘာမှ ကောင်းကျိုး မလုပ်ပေးနိုင်တော့ပါဘူးကွယ်''တဲ့။

ဘုန်းတော်ကြီးက အကောင်းဆုံး ဆုံးမဩဝါဒကို ကြီးစားပြောသွားတယ်။ ဘုန်းတော်ကြီးကိုလည်း အားလုံးက ကြည်ညိုလေးစားကြတာမို့ သူ့ရဲ့ အာမခံချက်စကားတွေအပေါ်မှာ အားလုံးက ယုံကြည်သက်ဝင်မှာ သေချာပါတယ်။

အမျိုးသမီးကို ကြည့်တဲ့အခါမှာ သူ့မျက်နှာဟာ တဖြည်းဖြည်းပိုပြီး သွေးဆုတ်ဖြူရော်လာတာကို တွေ့ကြရတယ်။

ဒါကို အားလုံးက သတိထားမိပေမယ့် အမျိုးသားကတော့ သတိထားမိပုံ မပေါ်ပါဘူး။ ကျေနပ်မှု ဝမ်းမြောက်မှုတွေနဲ့ ရှေ့ခရီးကို အတွေးနယ်ချဲ့နေပုံပဲ။

အမျိုးသမီးကတော့ တဖြည်းဖြည်း ဖြူရော်အားဖျော့လာသလို ခန္ဓာကိုယ်လေးကလည်း ယိမ်းထိုးခွေယိုင်လာတယ်။ သူ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့တဲ့ မျှော်လင့်ချက်တွေနဲ့ ကြုံခဲ့ရတဲ့ ဒုက္ခတွေအပေါ်မှာ တစ်ချိန်က ကြိတ်မှိတ်ခံစားနိုင်ခဲ့တယ်။

ခုချိန်မှာတော့ မျှော်လင့်ချက်ရောင်ခြည်ကလည်း မြင်လာရပြီဆိုတော့ ဝမ်းသာပီတိဖြစ်မှုဒဏ်ကို အားနည်းနေတဲ့ နှလုံးသားက ခံနိုင်ရည်မရှိဘူး ထင်ပါရဲ့။

အမျိုးသမီးဟာ သူ့ချစ်သူ အမျိုးသားရဲ့ ခြေရင်းမှာပဲ ပုံလျက်



www.burmeseclassic.com

www.burmeseclassic.com



သား လဲကျပြီး ထွက်ခွာသွားတော့တယ်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## 'နိဂုံး'

၆

အမျိုးသမီးက လက်ဖက်ရည်ဖိုး ရှင်းသောအခါ ဆိုင်ရှင်အဖိုးအိုက အားပေးစကားလိုလို မသဲကွဲသောစကားကို ဆို၏။

"မိန်းကလေးကလည်း ပုံပြင် ပြောတတ်သားပဲ"

"ဟုတ်တယ်...တစ်ချိန်တုန်းကဆိုရင် ကျွန်မကလည်း ပုံပြောသိပ်ကောင်းခဲ့တဲ့ မိန်းမတစ်ယောက်ပေါ့"

ထိုစကားသံထဲမှာ ကိုယ့်ကိုယ်ကို နာကျည်းမှုများ စွက်ဖက်ပါဝင်နေသည်။

ထို့နောက်....

ထိုအမျိုးသမီးသည်လည်း လရောင်အောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

နာရီအနည်းငယ် ကြာသောအခါ မယ်ဇလီပင်ရိပ်အောက်မှ လက်ဖက်ရည်ဆိုင်လေးလည်း အိပ်စက်ရတော့၏။ စားပွဲထိုးကလေးသည်လည်းကောင်း၊ ဆိုင်ရှင်အဘိုးအိုသည်လည်းကောင်း ထိုညက တူညီသော အိပ်မက်တစ်ခုကို မက်ခဲ့ကြသည်။

ထိုအိပ်မက်သည်... ... ...

လေးစားစွာဖြင့်

တာရာမင်းဝေ

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com